**ငါ့မှာ အပတ်တိုင်း အလုပ်အသစ် ရှိတယ်**

**ဘာသာပြန် - ထွန်းလင်းအောင်**

**အခန်း (၆၁၆)**

**လင်းရီ၏ နာမည်ကြီး စားသောက်ဆိုင်**

အချိန်သည်ကား ညရှစ်နာရီခွဲ။

 စားသောက်ဆိုင် အသေးစားလေးထဲတွင်  လင်းရီတို့ နှစ်ဦးလုံး ဆိုင်သန့်ရှင်းရေး ပြုလုပ်ပြီးသွားကြလေပြီ။

ကျီချင်းရန်မှာ စားပွဲနားတွင် ထိုင်ရင်း ရှားရှားပါးပါး ရခဲလှသည့် ငြိမ်းချမ်းမှုကို ကြည်နူးနှစ်သက်နေ၏။

“ ဟော့… ဘာတွေ အတွေးလွန်နေတာ…” လင်းရီ ရောက်လာပြီး မေးမြန်းလိုက်သည်။

“ ငါ ညဈေးတန်း သွားပြီးတော့ ဖန်စီ ပစ္စည်းလေးတွေ ရောင်းတဲ့ ဆိုင်ကို ပြန်သွားကြည့်ချင်လို့… ဈေးပေါတယ် ဆိုပေမယ့် သူတို့ရဲ့ အရည်အသွေးတွေကတော့ မဆိုးရှာပါဘူး…”

“ ပစ္စည်းတွေပဲ ကြည့်မှာပေါ့… မင်းက ဘာမှ မစားတော့ဘူးလား…” လင်းရီ ပြုံးလျက် မေးလိုက်၏။

“ အာ…”

ကျီချင်းရန် ရှက်ရိပ်သန်းသွားခဲ့ပြီး “ ငါကဖြင့် ညစာမှ မစားရသေးတာကို.. အဲ့တော့ စားမိမှာ သဘာဝပဲလေ…. “

“ဒါဆိုလည်း မင်းအတွက် တစ်ခုခု လုပ်ပေးမယ်… ကျန်းမာရေးနဲ့ညီညွတ်ပြီး အာဟာရ ရှိတာလေးပေါ့…”

“ နင်တစ်နေ့လုံး အရမ်း ပင်ပန်းထားတာကို မလုပ်ပါနဲ့တော့လား ရီရယ်…”

“ အဲ့လောက်လေးများ …. ပင်ပန်းတယ် မခေါ်ပါဘူးကွာ….”

“ ဆိုင်မှာ အမယ်တွေလည်း ဘာမှ သိပ်မကျန်တော့တာကို… နင်ငါ့အတွက် လုပ်လိုက်ရင် မနက်ဖြန်အတွက် ဘယ်ကျန်တော့မှာ….”

“ အဆင်ပြေပါတယ်… မနက်ဖြန်ကျ ဝမ်ထျန်းလုံကို အမယ်တွေ လာပို့ပေးဖို့ ပြောလိုက်မယ်လေ….”

“ လင်းရီ….”

ကျီချင်းရန် စိတ်ဆိုးသွားခဲ့ပြီး သူမ၏ ခါးကြည်ကြည်လေးထက်သို့ လက်နှစ်ဖက်တင်၍ ခါးထောက်လိုက်ကာ “ ငါပြောနေတယ်လေ… နင် ပင်ပန်းနေပြီလို့… အဲ့တာကြောင့် ပင်ပန်းလိုက်တော့… မြန်မြန် …. နင့်ပစ္စည်းတွေ သိမ်းပြီး ဆိုင်ပိတ်ကြမယ်…”

လင်းရီ “ …. “

ကျီချင်းရန်၏ အကျပ်ကိုင်မှုအောက်တွင်
နှစ်ယောက်သား ဆိုင်တံခါး သော့ခတ်၍ ညဈေးတန်းသို့
လက်ချင်းချိတ်၍ ထွက်ခွာသွားခဲ့ကြသည်။

လင်းရီ ဆိုင်အစောကြီး ပိတ်လိုက်သည်ကို မြင်တော့
လမ်းတစ်ဖက် မျက်နှာချင်းဆိုင်တွင်
ဘီယာမြည်းနေကြသည့်  ကျိုးဖန့်တို့ ဒေါသထွက်စွာဖြင့်
အံတင်းတင်းကြိတ်လိုက်ပြီး ‘ သေစမ်း.. ဒီကောင်က
စီးပွားရေး ဆက်မလုပ်ချင်တော့တာလားကွ…
ဒီလောက် ရောင်းကောင်းနေတာကို
ဆိုင်အစောကြီးပိတ်တယ်ဆိုတော့
ဘာသောက်ချိုးချိုးတာ…”

.......

နောက်တစ်နေ့ နံနက် လင်းရီ ဆိုင်သို့
ရောက်လျှင်ရောက်ချင်း လျှန်ရှူရှယ်ထံမှ
ဖုန်းဝင်လာခဲ့သည်။

“ နင် ဆိုင်မှာလား…”

“ အင်း… ခုလေးတင် ရောက်တာ…”

“ အိုကေ…ငါ နာရီဝက်အတွင်း နင့်ဆိုင်လာခဲ့မယ်… ငါ့ဖို့
နံနက်စာ ခေါက်ဆွဲတစ်ပွဲ လုပ်ထားပေး….”

“ ပိုက်ဆံ ပေးမှာမလား… “

“ နင့်နား အလကား စားမလို့ဟေ့....”

တီ တီ တီ

ကောင်စုတ်က ဖုန်းချသွားတယ်ပေါ့လေ ...
ဘာသဘောလဲ... အလကား မကျွေးချင်ဘူးဆိုတဲ့
သဘောလား

နာရီဝက်ကြာပြီးနောက် လျှန်ရှူရှယ် ဆိုင်ထဲသို့
ရောက်လာခဲ့လေသည်။ သူမမှာ ပုံမှန် ဝတ်နေကျ
ယူနီဖောင်း အဝတ်အစားနှင့် မဟုတ်ပဲ အမျိုးသမီးဝတ်
အသားရောင် ခါးရှည်ကုတ်နှင့် ဂျင်းပြာကို
ဝတ်ဆင်ထား၏။ ထို့ပြင် အနက်ရောင် ဘွတ်ဖိနပ်နှင့်
မိတ်ကပ် ပါးပါးလေးလည်း ပုတ်ထားသေးသည်။

လျှန်ရူရှယ်၏ ဝတ်စားဆင်ယင်သည့် ဒီဇိုင်းက ကျီချင်းရန်နှင့် လုံးဝဆန့်ကျင်ဘက်ပင်။

ကျီချင်းရန်၏ မိတ်ကပ်သွင်ပြင်မှာ အစဉ်အမြဲ တစ်မူထူးလျက်ရှိပြီး သူမ၏ အေးစက်စက် အရှိန်အဝါများက အနားရှိလူများကို ကြောက်ရွံ့စေသည်။

သို့သော်လည်း လျှန်ရူရှယ်ကတော့ ခြားနား၏။ သူမက အနည်းငယ် ပို၍ သာမန်ဆန်သည်။

သူမ၏ မိတ်ကပ်နှင့် အဝတ်အစား ဒီဇိုင်းက ရင့်ကျက်ပြီး ဖက်ရှင်အဟောင်းကြီးများကိုသာ ဝတ်ဆင်လေ့ရှိ၏။ ထိုသို့ ဝတ်ဆင်ရသည်ကို သူမ

နှစ်သက်ခြင်း မရှိပါသော်လည်း ဘာမျှ မတတ်နိုင်ချေ။ ယင်းက အလုပ် လိုအပ်ချက် ဖြစ်နေခဲ့၏။

“ အပြင်အဆင်လေးကတော့ မဆိုးဘူးပဲ…” ဆိုင်ထဲသို့ ရောက်လာပြီးနောက် လျှန်ရှူရွှယ်မှ မှတ်ချက်ပြုလိုက်၏။

"အဲ့တာဆို အလှလေးလျှန်က ရင်းနှီးမြုပ်နှံဖို့ စိတ်ဝင်စားလား... ရှယ်ယာခွဲပေးမယ်လေ..." ထိုသို့ ပြောရင်းဖြင့် လင်းရီ လျှန်ရှူရွှယ်ထံသို့ ခေါက်ဆွဲတစ်ပွဲနှင့် မုန်လာဥချဉ် တစ်ပွဲ ယူလာခဲ့ပေးလိုက်၏။

"နှင့်ဆိုင်က မုန့်လာဥချဉ်တောင် စျေးအတော်လေး ကြီးတာပဲနော်...ငါ့မှာ စားဖို့ ပိုက်ဆံတောင် လောက်ပါ့မလားပဲ..."

"အဆင်ပြေပါတယ်... မင်းရဲ့ အထောက်အထားက ထူးခြားတယ်ဆိုတော့ အကြွေးပေးလိုက်မယ်... သိမ်းထားပြီး လကုန်မှ မြို့တော်ဝန်ရုံးမှာ လာတောင်းတော့မယ်..."

"တကယ်လို့များ ငါက ၁၇၉ ယွမ်ပေးရတဲ့ ခေါက်ဆွဲနဲ့ ၃၉ ယွမ် ပေးရတဲ့ မုန့်လာဥချဉ် စားခဲ့မှန်း သိရင် ဘဏ္ဍာငွေ ဖြုန်းတီးမှုနဲ့ သံတိုင် တွေနောက် ရောက်နေရပါဦးမယ်ဟယ်... အဲ့ခါကျ နင် ငါ့ကို ထောင်ထဲ နေ့လည်စာ လာပို့နေရလိမ့်မယ်... "

"အဲ့ဒီ အချက်တွေ ကြောင့်ပဲ ငါ နိုင်ငံရေး မလုပ်ချင်တာ... ဟွာချင်းရေကန်တောင် လွတ်လွတ်လပ်လပ် သွားလို့ မရဘူး..."

"ကဲ ကဲ ပေါက်တတ်ကရ လုပ်နေတာတွေ တော်လောက်ပြီ... "လျှန်ရှူရှယ် ပြောလိုက်ပြီး "ငါ့အမေက နင့်ကိုယ်စား ကုမ္ပဏီ တစ်ချို့နဲ့ ဆက်သွယ်ထားပေးတယ်... အချိန်ကျလာရင်  နင့်ရဲ့ ပလက်ဖောင်းနဲ့ ပေါင်းစပ်ဖို့ တစ်စုံတစ်ယောက်ကို လွှတ်လိုက်... "

"အမ်...ဘာအတွက်လဲ...."

လျှန်ရှုရှယ် သူမ အိတ်ထဲမှ A4 နှစ်ရွက် ထုတ်လိုက်ပြီး လင်းရိထံ ကမ်းပေးလိုက်၏။

ယူကြည့်လိုက်သောအခါ စာရွက်ပေါ်တွင် စာရင်းဝင်ထားသည့် ကုမ္ပဏီပေါင်း သုံးဆယ်ကျော် ရှိနေပြီး ပင်ဂွင်း၊ အာလီဘာဘာ၊ JD-com အစရှိသဖြင့် လင်းရိ ရင်းနှီးနေပြီး  နာမည်ကြီး လူသိများသည့်ကုမ္ပဏီများပင်။

စာရွက်ပေါ်တွင် ရေးသားထားသည့် ကုမ္ပဏီများအားလုံးက နယ်ပယ် အသီးသီးရှိ ဒိတ်ဒိတ်ကျဲကြီးများဟု ပြောလျှင်တောင် မှားလိမ့်မည် မဟုတ်ချေ။

"ဒါက ဘာကြီးလဲ..."

"နင်ပဲ မိုဘိုင်းဖုန်း စစ်စတမ် အသစ် လုပ်ချင်တယ်လို့ မပြောခဲ့ဘူးလား... ငါ့အမေက သူတို့ရဲ့ ခေါင်းဆောင်ပိုင်းတွေနဲ့ ဆက်သွယ်ပြီးတော့ သက်ဆိုင်ရာ ဆော့ဖ်ဝဲတွေ ထောက်ပံ့ပေးဖို့ ပြောထားတာလေ.... "လျှန်ရှုရှယ်မှ ခေါက်ဆွဲစားရင်း ပြောလိုက်၏။

"ငါ လခွမ်း... မင်း အတည်ကြီး ပြောနေတာလား...."

"ဒါပေါ့... နင့် ခေါက်ဆွဲကို ငါ အလကား စားမယ်များ ထင်နေတာလား...."

လင်းရီ သူ့လက်ထဲရှိ စာရွက်ကို ပြန်ကြည့်လိုက်သည်။ ကုမ္ပဏီမှာ သုံးဆယ်ကျော်မျှသာ ရှိသော်လည်း ၎င်းတို့

လက်အောက်ရှိ အက်ပ်များကတော့ သုံးရာကျော်မျှ ရှိ၏။

ယင်းပမာဏက ဈေးကွက်ထဲရှိ ပင်လယ်ရေကဲ့သို့ ပေါများပြားလှသည့် အက်ပ်များထဲမှ ရေတစ်ပုံးစာမျှသာ ရှိသော်လည်း မရှိမဖြစ် လိုအပ်သည့် အက်ပ် ၇၀ ကျော်ကို ထောက်ပံ့ပေးရန် လုံလောက်လေသည်။ ယင်းက အသုံးပြုသူတို့ လိုအပ်သည့် အာသီသကို ဖြည့်ဆည်းပေးနိုင်စွမ်းရာ၏။

စာရင်းကို မြင်တွေ့ပြီးနောက် ရှန်းရှူးရီ၏ သြဇာလွှမ်းမိုးမှုမှာ သူ စိတ်ကူးယဉ်ထားသည်ထက်ကို ကျော်လွန်နေကြောင်း သိလိုက်ရ၏။

ယခုလို ချဉ်းကပ်လာသည့် ပုံစံဖြင့် ဆိုပါက မစ္စတာချန်နှင့် Ermaပင်လျှင် မဆိုင်းမတွ ခေါင်းညိမ့်မည်မှာ မလွဲဧကန်ပင်။ ထိုမှတစ်ဆင့် ဈေးကွက်ထဲရှိ ရှန်းရှူးရီ၏ ဩဇာ အင်အား ကြီးမားမှုမှာ မည်မျှအတိုင်းအတာအထိ ရောက်နေကြောင်းကို ရှင်းရှင်းလင်းလင်း မြင်တွေ့နိုင်လေသည်။ သူမနှင့် ပခုံးချင်း ယှဉ်နိုင်သူများမှာ မရှိသလောက် နည်းပါးလှ၏။

"စကားမစပ် ငါ့အမေက နင့်ကို အကြံတစ်ချို့ ပေးလိုက်တယ်.. နင် နားထောင်ချင်လား..."

"ဘယ်လို အကြံဉာဏ်လဲ .. ပြောကြည့်လေ..."

"သူ ပြောတာက လက်ရှိ မိုဘိုင်းဖုန်း ဈေးကွက်က အတည်တကျ ဖြစ်နေပြီးသား.. တကယ်လို့ နင့်ဘက်က နေရာတစ်နေရာ ရချင်တယ်ဆိုရင် တိုက်ရိုက်အကျဆုံးနဲ့ အထိရောက်ဆုံး နည်းလမ်းက ပိုက်ဆံ သုံးဖို့ပဲ... နောက်တစ်ခုက ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ ဖြန့်ကျက်ဖို့ပဲ..."

"အင်း.. ငါလည်း အဲ့လိုလုပ်ဖို့ တွေးထားတယ်...."လင်းရီ ခေါင်းညိမ့်လိုက်၏။

"အဲ့တာ အပြင်ကို ငါနင့်ကို တစ်ခု ပြောရဦးမယ်..."လျန်ရှူရွှယ် ပြောလိုက်ပြီး "အထက်ကြီးပိုင်းတွေက ကျိုးဟိုင်မှာ High-tech incubation center project  အစပျိုးဖို့

စိတ်ဝင်စားနေတယ်... နင် အဲ့ဒီ ပရောဂျက်ကို လိုချင်လား..."

"တော်ပါပြီ.. အဲ့ဒီ အာလူးပူပူကြီးတော့ မယူပါရစေနဲ့..."

အချို့သော စီးပွားရေး လုပ်ငန်းများမှာ အာဏာပိုင်များနှင့် ပတ်သက်ဆက်နွယ်နေသောကြောင့် ကန့်သတ်ချက်များသလို ချုပ်ချယ်မှုများလည်း ရှိလေ၏။ ထိုသို့သော ပရောဂျက်မျိုးကို လင်းရီ လက်မခံသလို လက်ခံလိမ့်မည်လည်း မဟုတ်ချေ။

"နင်ကလည်းလေ... စကားမဆုံးသေးဘူး.. ငြင်းမယ်ဆိုတာကြီးပဲ..."လျန်ရူရွှယ် မျက်စောင်းလေး ခဲလိုက်ပြီး "အထက်ကြီးပိုင်းတွေက အဲ့ဒီ ပရောဂျက်ကို

ဝင်စွက်ဖက်မှာ မဟုတ်ဘူး... နင့်ကို ဆုချတာလို့ သဘောထားလို့ ရတယ်..."

"ဆုချတာလား...."

"အမှန်အတိုင်း ပြောရရင် အထက်က လူကြီးတွေက ရှေ့လာမယ့် ကပ်ကို ကြိုမြင်ထားပြီးသား... ငါတို့ရဲ့ ဝန်ဆောင်မှု နယ်ပယ်က ကမ္ဘာ့ထိပ်တန်း အဆင့်မှာဆိုပေမယ့် အခြေခံ သိပ္ပံနဲ့ သုတေသန နယ်ပယ်ကဏ္ဍမှာကျတော့ အားနည်းနေတုန်းပဲ... "လျှန်ရူရှယ် ဆံပင်ကို နားအနောက်သို့ သပ်လိုက်ရင်း ဆက်ပြော၏။

"ဒါပေမယ့် အဲ့ဒီ အချိန်တုန်းကကျတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေက မညီမညွတ် ဖြစ်နေတော့

အဲ့ဒီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံဖို့ မလုံလောက်သေးဘူး... ဒါပေမယ့် ရှေးနှစ် ZTE အကျပ်အတည်းကြောင့်မို့ အထက်လူကြီးတွေက ဒီကိစ္စကို အချိန်ဆွဲမနေဖို့ ဆုံးဖြတ်လိုက်တာ...."

"ဒါကြောင့်မို့ ဒီလိုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်ပေါ့..."

"အမှန်ပဲ.. နောက်ပြီးတော့ စဖို့လည်း သင့်နေပြီ..."လျှန်ရှုရှယ် ပြောလိုက်ပြီး "ခု ဟွာရှရဲ့ မိုဘိုင်းဖုန်း ဈေးကွက်ကို IOS နဲ့ Androidက လက်ဝါးကြီး အုပ်ထားတာ... တကယ်လို့ တစ်နေ့ အဖုအထစ်လေးတွေ ရှိလာလို့ Appleနဲ့ Googleက ဟွာရှရဲ့ ဈေးကွက်မှာ update မလုပ်ပေးတော့ဘူးဆိုရင် ပြဿနာက တော်တော်လေး ပြင်းထန်လာလိမ့်မယ်...

သေချာတာပေါ့ .. အဲ့လိုဖြစ်နိုင်ချေက အရမ်းကို နည်းတယ်ဆိုပေမယ့် ငါတို့ ကြိုတင်ပြင်ဆင်ထားတာကလည်း မများဘူး... ဒါကြောင့်မို့ နင့်ရဲ့ စစ်စတမ်အသစ် ဖန်တီးချင်တဲ့ အိုင်ဒီယာက အထက်ကြီးပိုင်းတွေရဲ့ အတွေးနဲ့ အတူတူပဲ..."

"အဲ့တာဆို အထက်ကြီးပိုင်းတွေက အင်ကျူဘေးရှင်းစင်တာ ပရောဂျက်ကို ဘယ်လိုလုပ်ဖို့ စီစဉ်ထားလဲ..."

"အကုန်လုံးက နင့်စိတ်တိုင်းကျပဲ.. နင်ဖြစ်ချင်တာသာ ပြောလိုက်.. ငါ့ဘက်က ဥပဒေ မူဝါဒတွေ အကုန်လုံးနဲ့ ကူညီပေးမယ်... "လျန်ရူရှယ် ပြောလိုက်ပြီး "ဒါပေမယ့် အနှစ် ၂၀ တည်းနော်.. ဒီ အနှစ် ၂၀ အတွင်းမှာ ရလာသမျှ အကျိုးအမြတ်တွေအကုန်လုံးက နင်နဲ့ပဲ

သက်ဆိုင်တယ်... အနှစ် ၂၀ ကျော်သွားရင်တော့ နိုင်ငံကို ပြန်ပေးရမှာ...."

"ဒါဆို ငါက နှောင်းလူတွေ အရိပ်ရဖို့ စိုက်ပျိုးပေးရမယ်ပေါ့...."

လျှန်ရှူရှယ် ခေတ္တကြာအောင် စဉ်းစားပြီးနောက် "အဲ့လို ပြောလို့လည်း မရဘူးလေ... တကယ်လို့ နင် ပြန်ပေးလိုက်မယ်ဆိုရင်တောင် နင်ဘာမှ ဆုံးရှုံးသွားမှာမို့လို့.. သာမန် သူဌေးတွေရဲ့ မျက်လုံးထဲမှာတော့ အင်ကျူဘေးရှင်း စင်တာက နင့်အပိုင်ပဲလေ...နောက်ပြီး နင်က လုပ်ငန်းရှင်တွေ ကြားထဲမှာ ဂုဏ်သတင်းတစ်ခုလည်း အခိုင်အမာ

တည်ဆောက်ထားနိုင်ဦးမယ်ဆိုတော့ နင့်အတွက်
အကျိုးမယုတ်ပါဘူး...   "

"ကောင်းပြီလေ.. ငါ တစ်ချက် စဉ်းစားကြည့်ဦးမယ်...."
လင်းရီ ချက်ချင်းလက်ငင်း သဘောမတူခဲ့ပေ။

လင်းရီ ထိုကဲ့သို့သော ကိစ္စများတွင်
ဝင်မပါချင်သော်လည်း အထက်လူကြီးများမှ ဦးစွာ
ကမ်းလှမ်းလာခဲ့သောကြောင့် ၎င်းတို့ကို
မျက်နှာတစ်ချို့တော့ ပေးရပေမည် ။ ထို့ကြောင့် သူ
ရှောင်ထွက်သွားနိုင်ရန် လမ်းမမြင်တော့ချေ။

"အွန်း.. အချိန်ယူပြီး စဉ်းစားပေါ့.. ဒီကိစ္စက လောစရာ
မလိုပါဘူး..."

လျှန်ရှုရှယ် တည်ငြိမ်သည့် အမူအရာဖြင့်
ပြောလိုက်သော်လည်း စိတ်ထဲတွင်တော့
အတော်လေးကို ဇဝေဇဝါ ဖြစ်နေမိ၏။

ဒါကြီးက သေချာပေါက်ကို အကျိုးအမြတ်ရှိတဲ့
သဘောတူညီမှုလေ... ဘာစဉ်းစားစရာ လိုနေသေးလို့...

( TL :  နည်းနည်း ရှုပ်သွားပြီထင်တယ်။

 အင်ကျူဘေးရှင်း စင်တာဆိုတာက စီးပွားရေး
စလုပ်မယ့် လုပ်ငန်းရှင်တွေကို နေရာတွေ ၊
ရန်ပုံငွေတွေ၊ ဦးတည်မယ့် လမ်းကြောင်းတွေ
ထောက်ပံ့ပေး၊ ညွှန်ပြပေးတာ။ အဲ့လိုလုပ်ပြီး သူတို့
ပြန်ရတဲ့ အကျိုးအမြတ်ကကျတော့
လုပ်ငန်းရှင်တွေဆီကနေ ရှယ်ယာယူချင်ယူမယ်၊

အကျိုးအမြတ်ကို ရာခိုင်နှုန်းနဲ့ ယူရင်ယူမယ်.. ဘာညာ အစရှိသဖြင့်ပေါ့။ နောက်ပြီး လုပ်ငန်းရှင်တွေကြားထဲ networking နဲ့ reputation လည်းကောင်းမယ်။

ပြီးတော့ High-tech incubation center project စတင်ရခြင်း ရည်ရွယ်ချက်က foreign country (နိုင်ငံခြားတိုင်းပြည်)က နည်းပညာတွေကို မမှီခိုချင်လို့ပဲ။ပရောဂျက်က သိပ္ပံနဲ့ သုတေသန နယ်ပယ်အတွက် ရန်ပုံငွေတွေကို တိုးမြင့်ပေးမယ်။ အကယ်ဒမီကျောင်းတွေနဲ့ စက်မှုနယ်ပယ် လက်တွဲဆောင်ရွက်မယ်။ ပြည်တွင်း နည်းပညာ ကုမ္ပဏီတွေကို အရှိန်အဟုန်မြင့် ထောက်ပံ့ပေးမယ်။ အဓိကကတော့ နိုင်ငံရဲ့ နည်းပညာ ကဏ္ဍကို တိုးတက်ခိုင်မာအောင် လုပ်မယ့် စီမံကိန်း။ အစက

အဲ့လုပ်ဖို့

စိတ်ကူးရှိထားတယ်ဆိုပေမယ့် ဘတ်ဂျက်ကြောင့်

ခေတ္တရပ်ဆိုင်းထားရတယ်။ ဒါပေမယ့် 2018

မှာဖြစ်သွားတဲ့ ZTE အကျပ်အတည်းက

အထက်ကြီးပိုင်းတွေကို တပ်လှန့်သလို

ဖြစ်သွားစေတော့ အချိန်ဆွဲမနေတော့ပဲ

အဲ့ပရောဂျက်ကို စလိုက်တော့တာ။ZTE က

အမေရိကန် ကုန်သွယ်မှု ပိတ်ဆို့ထားတဲ့ အီရန်နဲ့

နော့ကိုးရီးယားကို US made အစိတ်အပိုင်းတွေ

တင်ပို့နေလို့ဆိုပြီး အမေရိကန် ကူးသန်းရောင်းဝယ်ရေး

ဌာနကနေပြီးတော့ ZTE ကို software နဲ့

semiconductor တွေ ရောင်းချခြင်းကို ၇ နှစ်

ရပ်ဆိုင်းလိုက်တယ်။ နောက်ပိုင်းတော့

ပြန်အဆင်ပြေသွားပါတယ်။ ဒဏ်ကြေးကြီးကြီးတော့ ဆောင်လိုက်ရတာပေါ့။ အဲ့ကိစ္စကြောင့် ဟွာရှန်နဲ့ ယူအက်စ်ကြား သိပ်အဆင်မပြေဖြစ်သွားသေးတယ်။ )

ချလပ်....

ထိုသို့ နှစ်ယောက်သား စကားပြောနေစဉ် ဆိုင်တံခါး ပွင့်လာပြီး လူခြောက်ယောက် ဝင်လာခဲ့၏။

ရှေ့မှ ဦးဆောင်လာသူများကတော့ ကျိုးဖန့် နှင့် ချိန်ရန်စုန့်တို့ပင်။

"ခုလောလောဆယ်တော့ ဥထမင်းကြော်နဲ့ ခေါက်ဆွဲပဲ ရဦးမှာ... တခြားစားချင်တာရှိရင်တော့ ခဏစောင့်ဦး..."

"ညီလေး... ငါတို့ ဒီလာခဲ့တာ စားဖို့ မဟုတ်ဘူး... မင်းနဲ့ စကားပြောချင်လို့..."ကျိုးဖန့်မှ စကားစလိုက်၏။

"ကျုပ်နဲ့ စကားပြောမယ်...."

"အင်း.. ငါ့ကိုယ်ငါ အရင်ဆုံး မိတ်ဆက်ပေးမယ်... ငါက ကျိုးဖန့်.. မင်းတို့ ဆိုင် မျက်နှာချင်းဆိုင်က ဘာဘီကျူးဆိုင်ပိုင်ရှင် ... သူက ချိန်ရန်စုန့်.. ရှင်းရှင်း ပေါက်စီဆိုင်က ၊ သူကကျ သွမ်ကျားပေါင် .. ရှင်ပျော်ပျော် နို့လက်ဖက်ရည်ဆိုင်က... သူကကျ......"

လူခြောက်ယောက်ကို ကျိုးဖန့် တစ်ယောက်ပြီးတစ်ယောက် အစဉ်အတိုင်း မိတ်ဆက်ပေးသွားသောကြောင့် လင်းရီလည်း သူတို့ ဘယ်သူတွေလဲဆိုတာကို သိလိုက်လေသည်။

လျှန်ရှူရှယ်ကတော့ ဆိုင်ထဲ ရောက်လာသူများကို တစ်ချက်ကြည့်ပြီးနောက် သူမ စားစရာရှိသည်ကို ဆက်လက်စားသောက်နေလိုက်၏။

"ဘာပြောမလို့လဲ..."

"မင်း စဉ်းစားကြည့်ကြည့်ကွာ... ငါတို့ အားလုံးက ဒီရဲ့ ကျိန်းရန်လမ်းမှာ အချင်းချင်း ဖေးမရင်းနဲ့ စီးပွားရှာနေကြတာ... ဒါပေမယ့် မင်းရောက်လာပြီး ဆိုင်ဖွင့်လိုက်မှ ငါတို့ ဆိုင်တွေ တစ်ခုမှ ရောင်းမကောင်းတော့ဘူး..."

"ရောင်းမကောင်းတော့ဘူး..."လင်းရီ ပြောလိုက်ပြီး "ကျုပ် စီးပွားရေး ကျုပ်လုပ်နေတာလေ...ခင်များတို့

စီးပွားရေး တုတ်နဲ့ထိုးနေတာလည်း မဟုတ်...
ရောင်းကောင်းတာ မကောင်းတာ ခင်များတို့
အပိုင်းလေ.. အဲ့တာ ကျုပ်နဲ့ ဘာဆိုင်လို့... "

"မဆိုင်ရင် ငါတို့က မင်းဆီ လာခဲ့ပါ့မလားကွ.. ဆိုင်လို့ကို
ရောက်လာတာ..."ကျိုးဖန့် ပြောလိုက်ပြီး "မင်းဆိုင်က
အစားအသောက်တွေက အရမ်းဈေးကြီးတယ်... ခု
တက္ကသိုလ်ကျောင်းသားတွေက မင်းဆိုင်မှာစားဖို့ဆိုပြီး
ပိုက်ဆံ ချွေတာကုန်ကျတော့ ငါတို့ဆီ
လာမစားကြတော့ဘူး... အဲ့တာ မင်းမှာ တာဝန်ရှိတယ်
မဟုတ်ဘူးလား...."

လင်းရီ သူ့ရှေ့ရှိ လူများကို ကြည့်ရင်း အနည်းငယ်
ထူးဆန်းသည်ဟု ခံစားနေရ၏။

"အဲ့တော့ ဘာလုပ်ပေးရမှာ.. ခင်များတို့
ရောင်းကောင်းအောင် ကျုပ်က
ဆိုင်ပိတ်ပေးရမှာလား...."

"အဲ့လောက်ကြီးတော့ မလုပ်ခိုင်းပါဘူးကွာ..
မင်းမှာလည်း ရှာကျွေးရမယ့် မိသားစုကလည်း
ရှိသေးတာ မလား..."ကျိုးဖန့် ပြောလိုက်ပြီး "ဆိုင်ဖွင့်ချိန်
လျော့လိုက်မယ်ဆိုရင် အဆင်ပြေပြီ...."

"မဖြစ်နိုင်ဘူး... အားလုံးက ကိုယ့်စီးပွားရေးကိုယ်
လုပ်နေကြတာ.. ကျုပ်တို့ရဲ့အစားအသောက်တွေက
မကောင်းဘူးဆိုရင် ကျုပ်တို့ ကိုယ့်ဘာသာ
ပြန်ဆန်းစစ်ပြီး ကောင်းအောင် လုပ်ပေးလိုက်မယ်...
ဒါပေမယ့် ဆိုင်ဖွင့်ချိန် လျော့ချပေးဖို့

တောင်းဆိုနေတယ်ဆိုတော့ ... ခင်များတို့ ဦးနှောက်တွေက ဘာစားတဲ့ ဦးနှောက်တွေလဲ.. ကျုပ်ကို လာနောက် နေတာလား...."

"ညီလေး... မင်းအဲ့လိုကြီးတော့ မပြောနဲ့...စီးပွားရေး လုပ်ငန်းရှင် အချင်းချင်း ငဲ့ကွက်ရမယ်လေ...."ကျိုးဖန့် ပြောလိုက်ပြီး "မင်းရဲ့စီးပွားရေးက ဘယ်လောက်ကောင်းလဲ မင်းကိုယ်တိုင် အသိဆုံးပါ... ဒီတော့ နားလည်ပေးလိုက်.... ဒီကိစ္စ ဒီနေရာမှာတင် ရပ်လိုက်မယ်.. အခြေအနေတွေက ပိုပြီး ဆိုးရွားလာရင် စိတ်မချမ်းမြေ့စရာတွေ ဖြစ်ကုန်လိမ့်မယ်...."

ယခုအချိန်တွင်တော့ လင်းရီ ပိုလို့တောင် ရှုပ်ထွေးသွားခဲ့တော့၏။

"ဒါဆို ကျုပ် စီးပွားရေးက ဘာလို့
ကောင်းနေလဲဆိုတာကော သိလား..."

ကျိုးဖန့်နှင့် ကျန်သူများ အချင်းချင်း ကြည့်လိုက်ကြပြီး
"မေးပြီးသွားပြီ.. မင်းက ဆိုင်ထဲမှာ
အလှလေးတွေခေါ်ထားပြီး လာစားတဲ့ ကျောင်းသား၊
ကျောင်းသူတွေကို ရုပ်လေးနဲ့ မြူဆွယ်ဖျားယောင်းပြီး
ပိုက်ဆံတွေရိတ်နေတာလေ...
ကောင်းရောင်းကောင်းဝယ် စီးပွားရေး
လုပ်တယ်ဆိုတာက အဲ့လိုမျိုး လုပ်တာလား...."

"မြူဆွယ် ဖျားယောင်းတယ်...."လင်းရီ၏ အမူအရာမှာ
အေးစက်လာခဲ့၏။

"မဟုတ်ဘူးလား..." ကျိုးဖန့် လျှန်ရှူရှယ်ကို ညွှန်ပြလိုက်ပြီး "ငါတို့ ဝင်လာတုန်းက မင်း အဲ့ဒီ မိန်းကလေးနဲ့ ဟေးလားဝါးလား လုပ်နေတာ မဟုတ်ဘူးလား... "

"သူမက ငါ့မိတ်ဆွေ.... စကားပြောလို့ မရဘူးလား...."

"မိတ်ဆွေ...."

"ဟားဟား...."

ကျိုးဖန့် အထင်မြင်သေးစွာ ကြည့်လိုက်ပြီး "မင်းပြောတဲ့ အတိုင်းဆိုရင် မင်းဆိုင်ကို လာစားတဲ့ အမျိုးသမီးတိုင်းက မင်းရဲ့ မိတ်ဆွေတွေ... မင်းဆိုင်ကို

လာစားတဲ့ အမျိုးသားတိုင်းကလည်း ဟို အမျိုးသမီးရဲ့ မိတ်ဆွေတွေပေါ့...."

ဘုန်း....

လင်းရှိ ခြေထောက်မပြီး ကျိုးဖန့်၏ ရင်ဘတ်ကို ဆောင့်ကန်လိုက်၏။

"ငါမင်းကို လုံလောက်အောင် မျက်နှာသာ ပေးပြီးသွားပြီ...."

လျှန်ရှူရှယ်မှလွဲ၍ ဆိုင်ထဲရှိ လူတိုင်း ယင်းမြင်ကွင်းကို မျှော်လင့်မထားကြချေ။ အထူးသဖြင့်တော့ တစ်ဖက်သူမှာ လူသား အသားပုံကြီးကဲ့သို့ ပေါင်နှစ်ရာကျော်နေသည့် ကျိုးဖန့်ဖြစ်နေချိန်ပင်။

ဒီကောင်လေး နည်းနည်းလေး

သန်မာလွန်းမနေဘူးလားဟ...

လျန်ရှူရှယ်ကတော့ ဘာတစ်ခွန်းမျှ ဝင်မပြောပဲ

တိတ်ဆိတ်စွာဖြင့် ဆက်လက်စားသောက်နေလိုက်၏။

ကျိချင်းရန်မှာ လင်းရှီ၏ ပြောင်းပြန်အကြေးခွံဖြစ်ပြီး

သူမကို ထိပါးစော်ကားလာလျှင်တော့ လင်းရှီ မည်သို့မျှ

သည်းခံလိမ့်မည် မဟုတ်ချေ။

**အခန်း (၆၁၇)**

**လင်းရှီနှင့် ရှန်းရှူးရှီတို့ကြား စကားဝိုင်း**

ဆိုင်ထဲရှိ လေထုမှာ အခြေအနေ မဟန်သည်ကို မြင်တော့ လျှန်ရှူရှယ် သူမဖုန်းကို တိုးတိုးတိတ်တိတ် ဖွင့်လိုက်ပြီး ဝီချက်မှတစ်ဆင့် ကျိုးဟိုင် ပြည်သူ့လုံခြုံရေးဌာနသို့ စာတစ်စောင် ပို့လိုက်၏။

ဤလူများက သူမ မျက်စိရှေ့တွင် လင်းရီကို ခြိမ်းခြောက်၍ ဖျက်လိုဖျက်ဆီး ပြုချင်နေလေသည်။ အလွတ်ပေးရန် လုံးဝ မဖြစ်နိုင်ချေ။

"မင်း....မျိုးမစစ်... မင်း သူ့ကို ဘယ်လိုတောင် ကန်လိုက်တာတုန်းကွ..ဥပဒေကို လေးစား လိုက်နာရကောင်းမှန်း နားမလည်ဘူးလား...."ချိန်ရန်စုန့်မှ လက်ညှိုးငေါက်ငေါက်ထိုးရင်း အော်လိုက်၏။

"ဟမ့်...အသေမသတ်လိုက်တာကို
ကံကောင်းတယ်လို့မှတ်...."

"ငိုးပဲ.. ဘာလို့ လေကုန်ခံနေမှာ... ငါ ကျိုးဖန့်
ကျိန်းရန်လမ်းမှာ ဆိုင်ဖွင့်လာတာ
ဆယ်နှစ်ကျော်နေပြီ... ငါကပဲ သူများကို ရိုက်ခဲ့တာ...
ဘယ်ကောင်မှ ငါ့ပြန်မလုပ်ရဲဘူး.... ခုပထမဆုံး
အကြိမ်ပဲ...."ကျိုးဖန့်၏ မျက်နှာပေါ်တွင် သူ၏
ဒေါသများကို ကောင်းမွန်စွာ ရေးထိုးထားသည်။

သူ ကျိုးဖန့်မှာ အကောင်ကြီးသော်လည်း ကြီးပေါလော
မဟုတ်ပေ။ မြေအောက်လောကတွင် နှစ်အတန်ကြာ
ကျင်လည်ဖူးပြီး နာမည်တစ်ခုကိုလည်း
တည်ဆောက်ထားနိုင်လေသည်။သို့သော်လည်း ထို

မျိုးမစစ်လေး၏ လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို ခံလိုက်ရ၏။

ငါ လုံးဝ လက်မခံနိုင်ဘူး....

မြေပြင်ပေါ်မှ ကုန်းရုန်းထပြီး ကျိုးဖန့် သူ့ဘေးရှိ ထိုင်ခုံကို မကာ အားအပြည့်ဖြင့် ရိုက်ချိုးလိုက်၏။

"အစ်ကိုဖန့် .. အစ်ကိုဖန့်.. စိတ်အေးအေးထား..."

ကျိုးဖန့်မှ မဆင်မခြင် ပြုတော့မည်ကို မြင်တော့ ချိန်ရန်စုန့်နှင့် သွမ်ကျားပေါင်တို့ ကမန်းကတမ်း ပြေးတားလိုက်ကြ၏။

နီးကပ်သူများ ဖြစ်သည့်အလျောက် ကျိုးဖန်၏ စရိုက်နှင့် ဒေါသကို သူတို့ ကောင်းကောင်းကြီး နားလည်လေသည်။

ယခုနှစ်များတွင် ကျိုးဖန်၏ ဒေါသက အများကြီး လျော့ကျသွားခဲ့သော်လည်း စိတ်မထင်ပါက ကျိန်းရန်လမ်းရှိ လူတိုင်းကို ဓားဖြင့် လိုက်ခုတ်တတ်သည့် မဆင်မခြင်နိုင်မှုတို့ကတော့ ကျန်ရှိနေဆဲပင်။

ယခုလို လူမြင်ကွင်းတွင်  အကန်ခံလိုက်ရသောကြောင့် သူ လုံးဝ အရှက်ရသွားမည်မှာ သေချာလေသည်။ အကယ်၍ သူတို့သာ မတားဆီးဘူးဆိုပါက လူသတ်မှုများ ဖြစ်ပွားသွားနိုင်၏။

"ငါယိုးပဲကွာ.... မင်းတို့ ငါ့ လာမတားကြနဲ့..."ကျိုးဖန့် စိမ်းစိမ်းဝါးဝါးကြည့်၍ အော်ဟစ်လိုက်ပြီး "ငါ ကျိန်းရန်လမ်းမှာ ငယ်ကတည်းကနေ ဒီအလုပ်တွေ လုပ်လာခဲ့တာ.. ခုလို စော်ကားခံရတာတော့ ပထမဆုံးပဲ... လုံးဝ အလွှတ်မပေးနိုင်ဘူး..."

"အစ်ကိုဖန့်... မင်း စိတ်အေးအေးထားပြီး စဉ်းစားပါကွာ... ဒီကိစ္စကြောင့် မင်း ပြဿနာ တက်သွားနိုင်တယ်...."

" ငါ့လက်စကို ငါသိတယ်.. သူ့ကို သင်ခန်းစာ ပေးရုံလောက်လေးပဲ လုပ်မှာ..."

ကျိုးဖန့် ကျန်သူများကို လျစ်လျူရှုလိုက်ပြီး ထိုင်ခုံကို လင်းရီထံ အားနှင့် ပစ်ပေါက်လိုက်၏။

ချိန်ရန်စုန်းနှင့် ကျန်သူများအားလုံး သက်ပြင်းချလိုက်ကြသည်။

ဒီကောင်လေးက တကယ့်ကို အကြောက်အလန့်ကင်းလွန်းတာပဲ....

ကျိုးဖန့်နဲ့ စကားအေးဆေး ပြောနိုင်ရင်ပဲ ကံကောင်းနေပြီကို တကယ်ကြီး သွားကန်တယ်တဲ့လား...

ရုပ်လေးချောတာနဲ့ပဲ သူ့သောက်ခွက်ကို ဘယ်သူမှ မရိုက်ရဲဘူးများ မှတ်နေလား မသိဘူး...

ဝှစ်...

လင်းရီ ပြေးဝင်လာသည့် ထိုင်ခုံကို ရှောင်တိမ်း၍
ကျိုးဖန့်ကို ယခင်နည်းအတိုင်း ပြန်ကန်လိုက်၏။
ချိန်ကိုက်ထားသလား အောက်မေ့ရလောက်အောင်
ကျိုးဖန့်မှာ စောနက နေရာသို့
ပြန်လွင့်စင်သွားခဲ့လေသည်။

ထိုအခါ ဆိုင်ထဲရှိ လူတိုင်း အံ့သြဘနန်း
ဖြစ်သွားခဲ့ကြ၏။

စောနက လျှပ်တစ်ပြက် ကန်လိုက်တာ ဆိုတော့
ထားပါတော့.. ဒါပေမယ့် ခုတစ်ခေါက်က
တိုက်ရိုက်ကြီးလေ...

ဒီ ဆိုင်ရှင်ကောင်လေးက အဲ့သလောက်တောင်
ကြမ်းလား...

ကျိုးဖန့် မာကျောသည့် ကြမ်းပြင်နှင့်
မျက်နှာအပ်သွားခဲ့ပြီး ရှေ့သွားနှစ်ချောင်း
ကျွတ်သွားခဲ့သည်။

"ချီး ချီး ချီး ချီးပဲ...."
ကျိုးဖန့် ပါးစပ်ကို သုတ်ပြီးနောက် သွေးများ
မြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့သည်။
အနည်းငယ် ရှိန်သွားခဲ့ပြီး လင်းရီကိုလည်း သတိနှင့်
ကြည့်လာခဲ့၏။ စောနကကဲ့သို့ နွားရိုင်းခွေ့သလို
လိုက်ခွေ့မနေတော့ချေ။

"အစ်ကိုဖန့် .. အဆင်ပြေရဲ့လား..."

ချိန်ရန်စုန့်နှင့် ကျန်သူများ အလောတကြီးနှင့် ပြေးလာခဲ့ကြ၏။

"ပြေတယ်.. ဒီလောက်လေးနဲ့တော့ မသေနိုင်ပါဘူး...."

လင်းရီ၏ အနိုင်ယူခြင်းကို ခံလိုက်ရပြီးနောက် ကျိုးဖန့်နှင့် အပေါင်းအပါတစ်သိုက်မှာ လင်းရီအပေါ် အကဲဖြတ်မှုကို ပြန်ပြောင်းလိုက်ကြ၏။

"ကောင်လေး.. မင်း မဆိုးဘူး... ဒါပေမယ့် ငါပြောပြမယ်... ဒီနေ့ လူအသိုင်းအဝိုင်းကြီးက ရိုက်ပုတ်ပြီးတော့မှ လူသတ်လို့ ရတဲ့ခေတ်မဟုတ်တော့ဘူး... တခြားနည်းလမ်းတွေမှ အများကြီးပဲ... မင်းရဲ့မြူဆွယ်ပြီး စီးပွားရှာနေတဲ့

နည်းလမ်းကို ထုတ်ဖော်လိုက်တာနဲ့ မကြာဘူး.. မင်းဆိုင် အပိတ်ခံရပြီ...."

" ဘာလဲလုပ်မှာ.. ရဲခေါ်မှာလား.. ခေါ်လေ... ဘယ်ကောင် ငါ့ဖမ်းရဲလဲဆိုတာ ကြည့်စမ်းမယ်..."

"ငိုးမ... ဧောင်းကြွနေတယ်ပေါ့လေ...ရတယ်.. မင်းစောင့်နေစမ်း.. မင်းဆိုင် တစ်လအတွင်း မပိတ်ရဘူးဆိုရင် ငါ့မျိုးရိုးနာမည် ကျိုးမဟုတ်တော့ဘူး... "

"အစ်ကိုဖန့်.. ဘာလို့ ထွက်သွားဖို့ အလျင်လိုနေတာ..."ချိန်ရန်စုန်း သူ့ဖုန်းကို ထုတ်ယူလိုက်ပြီး "ဒီအမျိုးသမီးကို

ဓာတ်ပုံရိုက်ထားလိုက်မယ်.. အနာဂတ်ကျ
သက်သေအနေနဲ့ သုံးရင် သုံးလို့ ရတယ်လေ...."

"ဟုတ်တယ် ဟုတ်တယ်... သက်သေ ယူထားတာ
အကောင်းဆုံးပဲ... "သွမ်ကျားပေါင်လည်း
ဝင်ပြောလိုက်ပြီး အပြင်သို့
လက်ညှိုးထိုးကာ  "အပြင်မှာလည်း စားဖို့ စောင့်နေတဲ့
ကျောင်းသူလေးတွေ အများကြီးပဲ...သူတို့ကိုပါ
ဓာတ်ပုံရိုက်လိုက်... ဒီကောင် ဖျားယောင်းပြီး စီးပွားရေး
လုပ်နေတာ ဘယ်လောက် အောင်မြင်လဲဆိုတာ
ပြလို့ရတာပေါ့..."

"ပြောစရာ မလိုဘူး... ငါသိတယ်..."

ကျိုးဖန်း သွားကျိုး၍ လေထွက်နေသည့် လေသံဖြင့် ပြောလိုက်ပြီး "ငါမင်းကို နာအောင် မရိုက်နိုင်ဘူးဆိုပေမယ့် ရှေ့လျှောက် အလုပ်ကောင်းကောင်း လုပ်နိုင်မယ် မထင်နဲ့..."

"ဟမ့်... သောက်ရူးတစ်သိုက်တွေ... ဒီလို ဦးနှောက်တွေနဲ့မှတော့ ရောင်းမကောင်းတာ မဆန်းပါဘူး..."

"မင်းဘာမင်း ပြောချင်သလိုပြော.. ငါတို့ကတော့ မင်းရဲ့ ယုတ်ညံ့တဲ့ နည်းလမ်းတွေကို အင်တာနက်ပေါ် တင်ဖို့ ဆုံးဖြတ်ပြီးသား.. အနာဂတ်ကျ မင်း ဘယ်လိုရပ်တည်ဦးမလဲဆိုတာ လာကြည့်စမ်းမယ်...."

ခရိခ် ...

ခရိခ်...

ခရိခ်...

"ဖယ်ကြ ဖယ်ကြ... ကျေးဇူးပြုပြီး လမ်းလေး နည်းနည်းလောက်ပါ..."

ကားဘရိတ်အုပ်သံများကြားပြီးနောက် အပြင်ရှိ လူအုပ်ကြီးနောက်မှ အလျင်လိုနေသည့် ခြေလှမ်းများနှင့် အသံများကို ကြားလိုက်ရသည်။

ရဲအရာရှိ တစ်ဒါဇင်ကျော်မှာ ယူနီဖောင်း အပြည့်ဖြင့် ဆိုင်ထဲသို့ ဝင်ရောက်လာကြလေသည်။

ရဲများ ဝင်ရောက်လာသည်ကို မြင်တော့ ကျိုးဖန့်နှင့် ကျန်သူများ အားလုံး အံ့အားသင့်သွားခဲ့ကြ၏။

"ဘာတွေ ဖြစ်နေတာ... ငါတို့ ရဲမခေါ်ရသေးဘူးလေ.. မခေါ် ပဲနဲ့ ဘာလို့ ရောက်လာခဲ့ကြတာ..."ကျိုးဖန့် ကြောင်အမ်းအမ်း ဖြစ်နေသည့် လေသံဖြင့် ပြောလိုက်၏။

"တစ်ယောက်ယောက် တိုင်လိုက်တာပဲ ဖြစ်ရမယ်...."ချိန်ရန်စုန်း အသံနိမ့်၍ ပြောလိုက်ပြီး "ဒီလိုမျိုး တရားမဝင်နည်းလမ်းနဲ့ လည်ပတ်နေတဲ့ ဆိုင်က ကြာကြာ မမြဲတာ မဆန်းပါဘူး..."

"ကြည့်ရတာ ဒီကောင် တစ်ယောက်ယောက်ကို
ဒေါသထွက်အောင် လုပ်မိသွားတယ်နဲ့တူတယ်..
အဲ့တာကြောင့် အတိုင်ခံလိုက်ရတာဖြစ်မယ်....."

"ဒါ ကံတရားပဲလေ...."

ရဲများ ဝင်ရောက်လာသည်ကို မြင်တော့ လင်းရီမူကား
စိုးရွံ့ခြင်း မရှိ၊ မည်သူက ရဲခေါ်လိုက်လဲ ဆိုတာကိုသာ
ဝေခွဲမရ ဖြစ်နေလေသည်။

လျှန်ရူရှယ်လား...

ဒါမှမဟုတ် တခြား တစ်ယောက်လား....

"မြို့တော်ဝန်လျှန်လည်း ဒီမှာ
လာစားနေတာလား..."သက်လတ်ပိုင်း
လူကြီးတစ်ယောက်မှ အပြုံးလေးဖြင့်
နှုတ်ဆက်လိုက်၏။

သူကတော့ ကျိုးဟိုင် ရဲဌာန၏ ဒါရိုက်တာ
ချိန်ပင်းချန်ပင်။

"ဒီမှာ စီးပွားတူခြင်း ခြိမ်းခြောက် အကြပ်ကိုင်တဲ့
ကိစ္စလေးတွေ ရှိနေလို့.. အခြေအနေတွေကလည်း
ပြင်းထန်တယ်.. အဲ့တာ နင် သေချာလေး
ကိုင်တွယ်လိုက်..."

"နားလည်ပါပြီ.. ဒီကိစ္စကို သေချာလေး
ကိုင်တွယ်လိုက်ပါ့မယ်..."

"ဟမ်...."

ကျိုးဖန့်နှင့် အပေါင်းအပါ တစ်သိုက်တို့ မူးဝေသွားခဲ့ကြ၏။

ဘာ...ဘာတွေ ဖြစ်နေတာလဲ....

အဲ့ဒီ အမျိုးသမီးက မြို့တော်ဝန်တဲ့လား...

ဗုဒ္ဓေါ.. ဒါဆို ငါ မြို့တော်ဝန်တစ်ယောက်ကို စော်ကားမိခဲ့တာပေါ့...

"ငါ့ဘာငါ ကိုင်တွယ်နိုင်တာကို ဘာလို့ ရဲခေါ်လိုက်တာ.. အလုပ်ရှုပ်အောင်လို့..."လင်းရီ ပြောလိုက်၏။

"ခေါင်းဆောင်ချိန်က ဒီကိစ္စကို ကိုင်တွယ်ဖို့
နှင့်ထက်ပိုပြီး သင့်တော်တယ်....အတွန့်တက်မနေနဲ့..."

"ဒါပေမယ့် သူတို့ရဲ့အချိန်တွေက အဖိုးတန်တယ်လေ..
ဘာပဲဆိုဆို ငါလည်း အားနေတာပဲ မဟုတ်ဘူးလား..
တစ်ယောက်ပြီးတစ်ယောက် အမှောက်သိပ်လိုက်ရင်
ဒီကိစ္စက ပြေလည်သွားပြီကိုပဲ...."

"အာ....."

ချိန်ပင်းချန် နဖူးပေါ်မှ ချွေးအေးများ သုတ်လိုက်ပြီး
'မြို့တော်ဝန်ကို အဲ့လို လေသံနဲ့ ပြောနေတယ်...
ဒီကောင်လေးက ဘယ်သူများတုန်း...'

"ရိုက် ရိုက် ရိုက် .. နင် က အားတိုင်း ရိုက်ဖို့ပဲ သိတယ်... လူတိုင်းသာ နင့်လို စရိုက်မျိုးနဲ့ ဆိုလို့ကတော့ လူ့ပတ်ဝန်းကျင်ကြီးက ပရမ်းပတာတွေ ဖြစ်ကုန်တော့မှာပဲ..."လျှန်ရှူရှယ်မှ မကျေမနပ် အတွန့်တက်လိုက်၏။

"အေးပါ  အေးပါ.. မင်းက မြို့တော်ဝန်ဆိုတော့ မင်းပြောသမျှက အမှန်တွေချည်းပေါ့...မြန်မြန် ဒီကောင်တွေကို ခေါ်ထုတ်သွားခိုင်းလိုက်... ငါတို့ ဆိုင်ဆက်ဖွင့်ရဦးမှာ...."

နှစ်ယောက် စကားဆိုးသည်ကို မြင်တော့ ချိန်ပင်းချန် လက်ဝှေ့ယမ်း၍ အမိန့်ပေးလိုက်သည်။
"ဒီကောင်တွေကို စခန်း ခေါ်သွားလိုက်ကြ...."

"အရာရှိကြီး.. မင်းဖမ်းရမှာ ငါတို့ကို မဟုတ်ဘူးလေ.. တကယ်ဖမ်းရမှာက အဲ့ကောင်... သူ ကျောင်းသားတွေကို ဖျားယောင်းသွေးဆောင်ပြီးတော့ တရားမဝင်နည်းနဲ့ စီးပွားရှာနေတာ...အဲ့ကောင် အရန် ဝန်ဆောင်မှုတွေ လုပ်နေတာ လူတိုင်း သိတယ်..."ကျိုးဖန့် လင်းရီကို လက်ညှိုးထိုးရင်း အသည်းအသန်  ရှင်းပြလိုက်၏။

"သူက ကြည့်ကောင်းတာနဲ့ပဲ အရံဝန်ဆောင်မှုတွေ လုပ်တယ်ဆိုပြီး စွပ်စွဲနေတယ်ပေါ့... မင်း ဘယ်လိုကောင်တုန်းကွ...."

ချိန်ပင်း ပြောပြီးနောက် သူ့နောက်မှ လူများကို မျက်စပစ်ပြလိုက်ပြီး ကျိုးဖန့်နှင့် ကျန်သူများကို လက်ထိပ်ခတ်ခိုင်းလိုက်၏။

ထိုစဉ် ရဲကားများ ရောက်လာသောကြောင့် ဆိုင်အပြင်ဘက်၌ လာစားသူများနှင့် အနီးတစ်ဝိုက်ရှိ ဆိုင်ရှင်များမှာ ရုန်းရင်းဆန်ခတ် ဖြစ်ပွားသည်ကို ကြည့်ရှုနေကြလေသည်။

"ရဲတွေပါလားဟ... ညီကို ဒီဆိုင်က ဘာလဲ လုပ်ထားလို့ ရဲတွေ ဝင်သွားတာ ...."

"ဟာ... မင်းမသိသေးဘူးပေါ့...ကျိုးဖန့်နဲ့ ကျန်တဲ့ကောင်တွေ ဒီမနက်တုန်းက အဲ့ဆိုင်ပိုင်ရှင်နဲ့

ညှိမယ်ဆိုပြီး ထွက်သွားကြတာပဲ..
အဆင်မပြေဖြစ်တော့ တိုင်တောလိုက်ကြတာနေမှာ... "

" သူလည်း ငါတို့လို ဆိုင်ဖွင့်ပြီး
ကောင်းရောင်းကောင်းဝယ် လုပ်စားနေတာ
မဟုတ်ဘူးလား.. ဘာတိုင်တောစရာ ရှိလို့..."

"အရန်ဝန်ဆောင်မှုကြောင့်ပေါ့...
တစ်လောတုန်းကတောင် ဒီဆိုင်က စားပွဲထိုး
ချောချောလေးတွေ လိုက်ငှားနေတယ်လို့ သတင်းတွေ
ထွက်နေသေးတယ်.... ကတ်စတန်မာတွေလာရင်
အတွင်းခံတွေ စကတ်တိုတွေ ရောင်းတာလေ...
အဲ့တာကြောင့် ဆိုင်ဖွင့်ပြီး တစ်ပတ်ကြာတာနဲ့
အတိုင်ခံလိုက်ရတာ.... "

"မှတ်မိပြီ.. ဒီဆိုင်မှာ တကယ်ကြီး ကြည့်လို့ကောင်းတဲ့ မိန်းကလေးတွေ အများကြီး ရှိတယ်... မင်းပြောသလိုမျိုး ဖြစ်နိုင်လောက်တယ်...."

"ဒါကြောင့်မို့ ပြောပါတယ်... ကျိုးဖန့်က နည်းနည်းလေး စရိုက်ဆန်ပြီး ပေါင်းရခက်တာကလွဲရင် လူကောင်းပါလို့... မဟုတ်လို့ကတော့ ငါတို့ကောင်တွေ ဟင်းတောင် နှပ်မှန်မှာ မဟုတ်တော့ဘူး.. အဲ့ဆိုင်တစ်ဆိုင်တည်းကပဲ ကတ်စတန်မာတွေကို ခိုးယူသွားတော့မှာ... "

"ကောင်းတယ်.. ခု ရဲတွေ ရောက်လာပြီဆိုတော့ ကျိန်းရန်လမ်းလဲ အရင်လို ... ငါယိုး ... ဘာတွေ

ဖြစ်နေတာတုန်းဟ... ဘာလို့ ကျိုးဖန့်ကို
လက်ထိပ်ခတ်နေကြတာ....."

ကျိုးဖန့်နှင့် ချိန်ရန်စုန့်တို့ ကြက်နာကျသကဲ့သို့
ခေါင်းကြီးငိုက်စိုက်ကျလျက် လက်ထိပ်ခတ်သားဖြင့်
အပြင်သို့ ထွက်လာကြသည်ကိုမြင်တော့
ဆိုင်ရှင်များအားလုံး အချင်းချင်း ကြည့်လိုက်ကြသည်။

ဘာဖြစ်နေလဲဆိုတာကို သူတို့အားလုံး
လိုက်မမှီကြတော့ချေ။

ကျိုးဖန့်က အဲ့ဆိုင်ကကောင်တွေကို တိုင်လိုက်တယ်…

ဟုတ်ပြီ.. အဲ့နေရာထိ မှန်တယ်… ဒါပေမယ့် ရဲတွေရောက်လာတော့ကျ ကျိုးဖန့်ကို ဖမ်းသွားကြတယ်…

ဒါ ဘာကြီးတုန်းဟ… ဟာသလုပ်နေကြတာလား…

မကြာမီ ကျိုးဖန့်နှင့် ကျန်သူများအားလုံး ရဲကားထဲသို့ ဝင်ရောက်သွားကြလေသည်။ ၎င်းတို့၏ ဆိုင်အသီးသီးမှာလည်း ချိတ်ပိတ်ခြင်း ခံလိုက်ရ၏။ အနာဂတ်တွင် ပြန်ဖွင့်ရန် လုံးဝ မဖြစ်နိုင်တော့ချေ။

နာရီဝက်ကြာပြီးနောက် လင်းရှီ၏ ဆိုင်မှာ ပုံမှန်အတိုင်း စားသုံးသူ ဧည့်သည်များဖြင့် လည်ပတ်နေလေသည်။ ထိုမြင်ကွင်းကို ကြည့်ရင်း အနီးရှိ ဆိုင်ရှင်များမှာ တစ်ဖန်ဆွံ့အသွားကြတော့၏။

ရဲတိုင်ခံရတာတောင် ဘာမှမဖြစ်ဘူးဆိုတော့
ဒီဆိုင်ရှင်က ဘယ်လို ကျောထောက်နောက်ခံတွေ
ရှိနေတာလဲ....

ဆိုင်ပြန်ဖွင့်ပြီးနောက် စောနက ဖြစ်ရပ်ကြောင့်
ကတ်စတန်မာများ လာသည့်နှုန်းကို မထိခိုက်သည့်
အပြင် နဂိုကထက်ပင် ပို၍ အလုပ်များလာလေသည်။

အကြောင်းအရင်းကတော့ အမာခံစားသုံးသူတို့၏
ကြော်ငြာပေးမှုကြောင့်ပင်။ ထပ်ပေါင်းအနေနှင့်
ကျန်းရှောင်ယွီ၏ တိုက်ရိုက်ထုတ်လွှင့်မှုကလည်း
လင်းရီ၏ ဆိုင်အခြေအနေကို မမျှော်လင့်ပဲနှင့်
ကောင်းမွန်သွားစေခဲ့၏။

မနေ့က တိုက်ရိုက်ထုတ်လွှင့်ခန်းထဲရှိ လူများမှာ ‘စားကောင်းတယ်’ ဆိုင်လေး၏ အရသာ ကောင်းမွန်မှုကို သိရှိသွားပြီး လင်းရီ၏ ခန့်ညားသည့် ရုပ်ရည်နှင့် တွဲဖက်လိုက်သောအခါ အမျိုးသမီး အများအပြား လာရောက် အားပေးကြလေသည်။ ၎င်းတို့ သုံးစွဲသည့် အနိမ့်ဆုံး သတ်မှတ်ချက်ကတော့ ယွမ်ငါးရာပင်။ အချို့ကြွယ်ဝသည့် အမျိုးသမီးများကတော့ လင်းရီကို ထောက်ပံ့ပေးရန် အလို့ငှာ တစ်ဝိုင်းကို ယွမ် ရှစ်ထောင်အထိ သုံးပေးလာခဲ့ကြ၏။

ဝမ်ထျန်းလုံနှင့် သူ့လူများမှ အမယ်များကို အလျင်မှီအောင် ပို့ပေးနေသောကြောင့် မဟုတ်ပါက

လင်းရီ မည်သို့မျှ အလျှင်မှီအောင် လုပ်နိုင်လိမ့်မည် မဟုတ်ချေ။

နေ့လည်စာ စားသောက်ပြီးနောက် ကတ်စတန်မှာ အကျနည်းသွားလေသည်။

လူတစ်ချို့ ရောက်လာသော်လည်း လင်းရီမှ အားလုံးကို တစ်ပြိုင်နက်တည်း ဝန်ဆောင်မှု ပေးနိုင်သည့် အပြင် နားချိန်ပါ ရရှိလိုက်သေးသည်။

မီးဖိုချောင်ထဲတွင် လင်းရီ စနစ်၏ စာမျက်နှာကို ဆင့်ခေါ် ပြီး မစ်ရှင် ပြီးမြောက်မှုကို ကြည့်လိုက်တော့ (၈၄,၃၉၀/၁၀၀,၀၀၀) သို့ ရောက်နှင့်နေပြီဖြစ်ကြောင်း အံ့အားသင့်ဖွယ် မြင်တွေ့လိုက်ရ၏။

ထိုအကြောင်းစဉ်းစားရင်း လင်းရီ ရက်သတ္တပတ်ကို
တစ်ချက်တွက်ချက်ကြည့်လိုက်သောအခါ မနက်ဖြန်က
သူ့အလုပ်အကိုင်၏ သတ္တမမြောက်နေ့ဖြစ်ကြောင်း
သတိထားမိသွားသည်။

ညသန်းခေါင်သို့ ကျော်သည်နှင့် အလုပ်အသစ်မှာ
ပွင့်ဟလာပေတော့မည်။ လင်းရီလည်း သူ့ကို
မည်သို့သော အလုပ်အကိုင်မျိုးက စောင့်ကြိုနေမလဲ
ဆိုတာကို တွေးတောရင်း စိတ်လှုပ်ရှားနေတော့၏။

ထို့နောက် စနစ်ကိစ္စကို ခေတ္တ ဘေးချိတ်ထားလိုက်ပြီး
လင်းရီ လျှန်ရှုယ်ပေးလာခဲ့သည့် စာရွက်ကို
ထုတ်လိုက်၏။ စာရင်းပြုစုထားသည့် ကုမ္ပဏီ

သုံးဆယ်ကျော်ကို မြင်တော့ လင်းရီ
အတွေးနက်သွားခဲ့သည်။

စက္ကန့်အနည်းငယ်ကြာအောင် စဉ်းစားပြီးနောက် လင်းရီ
ဖုန်းထုတ်၍ ရှန်းရှူးရီထံ ဖုန်းဆက်လိုက်၏။

သို့သော်လည်း အကြိမ်အနည်းငယ်ကြာအောင်
ဖုန်းဝင်ပြီးနောက် အလိုအလျောက်
ဖုန်းကျသွားခဲ့လေသည်။

ထိုသို့ ဖြစ်သွားခဲ့သည့် အတွက်လည်း လင်းရီ
အတွေးလွန်မနေချေ။ တစ်ဖက်သူမှ အလုပ်များနေသည့်
အတွက် နောက်မှ စကားပြောချင်တာမျိုးလည်း
ဖြစ်ကောင်းဖြစ်နိုင်သည်။

သို့သော်လည်း များမကြာမီ ရှန်းရှူးရီဘက်မှ ဖုန်းပြန်ခေါ်လာခဲ့၏။

“ဟယ်လို အန်တီရှန်း… အလုပ်များနေတာလား…”

“ ဟင်… ဒီလို စကားပလ္လင်ခံပြီး ပြောလာတယ်ဆိုတော့ ရီလေးက သေချာပေါက် တစ်ခုခု ပြောချင်နေလို့နဲ့တူတယ်..”

**အခန်း (၆၁၈)**

**လင်းမိသားစုက နှစ်တစ်ရာ တိုင်တိုင် ဂုဏ်ရှိန်ကြီးထွားနေလိမ့်မယ်**

"ကျွန်တော်က အင်ကျူဘေးရှင်း စင်တာ အကြောင်း သိချင်လို့ အန်တီ့ဆီ ဖုန်းဆက်လိုက်တာ...."

"မီလိလေး နင့်ကို ပြောပြထားပြီးပြီ မဟုတ်ဘူးလား...."

"ပြောပြီးပြီ... ဒါပေမယ့် အကုန် ပြောမပြသွားဘူးဆိုပြီး ခံစားနေရလို့..."

ဖုန်းတစ်ဖက်ရှိ ရှန်းရှူးရီမှာ တခစ်ခစ် ရယ်မောသဘောကျသွားခဲ့ပြီး "နင်က ပိုပြီး နက်နက်ရှိုင်းရှိုင်း သိချင်နေတာမလား...."

"အဲ့လိုပြောလို့လည်း ရတယ်.. ကျွန်တော်သိချင်တာ အထက်ကြီးပိုင်းတွေ ဒီရဲ့ပရောဂျက်အပေါ် ဘယ်လို သဘောရလဲ ဆိုတာပဲ..."

"စိတ်အေးအေးထားစမ်းပါ.... အထက်လူကြီးတွေရဲ့ စိတ်သဘောထားက တစ်ခါတစ်လေ နှင်ထင်ထားတာထက် ပိုပြီးတော့တောင် သဘောကောင်းသေးတယ်... ဘာပဲဆိုဆို ငါတို့ နိုင်ငံက လူသားချင်း ရင်းနှီးဆက်ဆံရေးကို တန်ဖိုးထားကြသူတွေပဲလေ...ငါ့အမြင်ရဆိုရင် အထက်လူကြီးတွေက နှင်လုပ်ပေးခဲ့တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ နှင့်ကို အရမ်း သဘောကျကြနေတာ..."

"အန်တီရှန်း.. ကျွန်တော်တို့ အချင်းချင်းကြားမှာ အဲ့လို နားဝင်ပီယံရှိတဲ့ စကားလုံးတွေနဲ့ စကား ပလ္လင်ခံ မနေစမ်းပါနဲ့... ပျင်းဖို့ကောင်းတယ်..."

"နင် ကောင်စုတ်လေးကတော့... စိတ်ရှည်တယ်ရယ်ကို မရှိဘူး..."ရှန်းရှူးရီ ပြောလိုက်ပြီး

"နင့်ဘက်က မေးလာတော့လည်း အန်တီနင့်ကို အတွင်းသတင်းတစ်ချို့ ပြောပြပေးမယ်... တစ်ပိုင်းလျှပ်ကူးနယ်ပယ်က နောက်ငါးနှစ်တာ စီမံကိန်းရဲ့ မဏ္ဍိုင်ပရောဂျက်ကြီးပဲ.. ဒါကြောင့်မို့ အဲ့ဒီ နယ်ပယ်က အခွန်တွေနဲ့ ဥပဒေ မူဝါဒတွေကို ဖြေလျှော့ပေးထားလိမ့်မယ်..."

" အင်ကျူဘေးရှင်း စင်တာဆိုတာကလည်း ကနေဦး ခြေလှမ်းပဲ ရှိသေးတာ.. အထက်ကြီးပိုင်းတွေက ဒီရဲ့ အခွင့်အရေးကို အသုံးချပြီးတော့ silicon valley လိုမျိုး

နည်းပညာမြင့် စက်မှုဂေဟစနစ်တစ်ခုကို
ဖန်တီးချင်နေတာ..."

"အဲ့တာကို ကျိုးဟိုင်မှာ အခြေပြုမယ်ဆိုတာက
သိပ်ပြီးတော့ မသင့်လျော်သလိုပဲ... ကျုံးကွမ်းချွင်းက
ဟွာရှရဲ့ Silicon valley ပဲလေ..."

"  ဒါက ဗဟိုမှတ်နှစ်ခုပါတဲ့ အစီအစဉ်တစ်ခု...
ရန်ကျင်းမှာရှိတဲ့ ကျုံးကွမ်းချွင်းက မြောက်ပိုင်းမှာ
ဗဟိုပြုပြီးတော့ ကျိုးဟိုင်လိုမျိုး စီးပွားရေး
အချက်အချာကျတဲ့ မြို့က တောင်ဘက်
ကမ်းရိုးတန်းဒေသ တစ်လျှောက်
ဖွံ့ဖြိုးတိုးတက်မှုတွေမှာ အရေးပါတယ်..  ဒါကြောင့်မို့
အဲ့လို အစီအစဉ်မျိုး လုပ်လိုက်တာ...   "

"နောက်ပြီးတော့ မီလိလေးနင့်ကို အသေးစိတ် ပြောပြပြီးလောက်ပါပြီ... ကနေဦး အနှစ် ၂၀ မှာတော့ နင့်ရဲ့အပိုင်ပဲ.. ဒါပေမယ့် အဲ့ကာလကို ကျော်လွန်သွားရင်တော့ နိုင်ငံကို ပြန်လွှဲပေးရမယ်.. ဒါပေမယ့် အဲ့ဒီ အစီအစဉ်သာ အောင်မြင်သွားလို့ကတော့ အထက်ကြီးပိုင်းတွေက သူတို့ မယူတော့တာလည်း ဖြစ်နိုင်တယ်... ဒါကတော့ ငါ့ရဲ့ကိုယ်ပိုင် သုံးသပ်ချက်ပဲ.. ဘယ်လိုလာမလဲ ဆိုတာတော့ ငါလဲ မပြောတတ်သေးဘူး... "

လင်းရီ သဘောပေါက်ဟန်ဖြင့် ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်သည်။ "ဒါပေမယ့် ဘာလို့ ကျွန်တော့်ကိုလဲ..

ဟွာဝေးရဲ့မစ္စတာရန်က ပိုပြီးတော့ သင့်လျော်မယ် မဟုတ်ဘူးလား..."

"အရင်ဆုံး ပြောရမယ်ဆိုရင် ပရောဂျက် ရှိတာနဲ့ လုပ်ချင်နေတဲ့သူတွေက တန်းစီနေကြတာ.. ဟွာရှုရဲ့ စီးပွားရေးက သူ့လမ်းကြောင်းနဲ့သူ တည်ငြိမ်နေပြီးသား... တကယ်လို့ အထက်ကြီးပိုင်းတွေကသာ တစ်သီးတစ်သန့်ကြီး ထောက်ပံ့ပေးလိုက်မယ်ဆိုရင် အဲ့ဒီသူက အတောင်ပံတပ်ပေးလိုက်သလို ဖြစ်သွားပြီး လုပ်ငန်း လက်ဝါးကြီး အုပ်တာတွေ ဖြစ်ပေါ်လာတော့မှာ .. သူတို့တွေက အဲ့လို မြင်ကွင်းမျိုးကို မမြင်ချင်ဆုံးပဲ... "

"ဒုတိယအနေနဲ့ နင်နဲ့ မစ္စတာရန်က နှိုင်းယှဉ်လို့ မရဘူး..."

"ဟွာဝေး လက်ထဲက 5G နည်းပညာနဲ့ နင့်လက်ထဲက ဖိုတိုလီတိုဂရပ်ဖီစက်တွေဆိုတာ ဟွာရှလို နိုင်ငံအတွက် အဖိုးတန် ရတနာတွေပဲ...နင်တို့နှစ်ယောက်ရဲ့ ပြည်တွင်းက တိုးတက်မှုတွေကို ထောက်ပံ့ပေးမှုနဲ့ဆိုရင် ဟွာရှက နိုင်ငံတကာ စံချိန်စံညွှန်းကို တည်ငြိမ်တဲ့ အဟုန်နဲ့ ရောက်ရှိသွားမှာ.. မဟုတ်ရင် ငါတို့က သေချာပေါက် နောက်ကျကျန်နေရစ်ခဲ့တော့မှာ... "

"ဒီလို အခြေအနေမျိုးမှာ ဟွာဝေးက မစ္စတာရန်က နင့်ထက်ပိုပြီး သင့်လျော်တယ်ဆိုပေမယ့် နင်က သူ့ထက်

အများကြီးငယ်တယ်... ဒါက နင့်ဆီကနေ ဘယ်သူကမှ လုယူသွားလို့ မရတဲ့ အားသာချက်ပဲ..."

စက္ကန့်အနည်းငယ် ကြာအောင် တိတ်ဆိတ်သွားပြီးနောက် လင်းရီ ပြောလိုက်၏။

"ကျွန်တော် မယူဘူး ငြင်းလို့ရလား..."

"ရတာပေါ့..."ရှန်းရှူးရီ ပြောလိုက်ပြီး "ဒါပေမယ့် နင်တစ်ခု နားလည်ရမှာက တကယ်လို့ နင်သာ ဖိုတိုလီတိုဂရပ်ဖီစက်ကို ဖန်တီးနိုင်သွားတာနဲ့ နင်နဲ့ နင့်ရဲ့ သားစဉ်မြေးဆက်တွေက အသက်အာမခံကတ်ရရှိမယ်ဆိုတာ သေချာတယ်.. ငါ အများကြီး မပြောရဲဘူးဆိုပေမယ့် လင်းမိသားစုက

နောက်နှစ်ပေါင်း တစ်ရာလောက်အထိ

ဂုဏ်ရှန်ကြီးပွားနေလိမ့်မယ်... "

"နောက်ပြီးတော့

အင်ကျူဘေးရှင်းစတင်တာ  တည်ထောင်တယ်ဆိုတာ

ကလည်း နင့်ရဲ့ဖုန်းစစ်စတမ်အတွက် သေချာပေါက်

အကျိုးအမြတ်ကောင်းတွေ ရရှိလာမှာပဲလေ...

ဘယ်အချက်ကနေပဲ ကြည့်ကြည့် နင့်ဘက်က

အရှုံးမရှိပါဘူး.. ဘာပဲဖြစ်ဖြစ်ပါ.. နင့်စိတ်တိုင်းကျ

ဆုံးဖြတ်လို့ရတယ်...ပြီးတော့ အန်တီက နင့်ရဲ့

ရွေးချယ်မှုကို လေးစားပေးနေမှာ..."

"အဲ့လိုဆိုရင်တော့ လုပ်ရမှာ အကျိုးမယုတ်ပါဘူး..."

"အန်တီလည်း အဲ့လိုထင်တယ်..."ရှန်းရှူးရီ ပြောလိုက်ပြီး "ခု အထက်ကြီးပိုင်းတွေက နင့်ကို လမ်းရှင်းပေးပြီးသွားပြီ ဆိုတော့ တကယ်လို့ နင်စိတ်ဝင်စားရင် မီလိလေးဆီကနေ အသေးစိတ် မေးကြည့်ကြည့်လိုက်...."

"ကောင်းပါပြီ..."

မိနစ်နှစ်ဆယ်ကျော်ကြာအောင် စကားပြောပြီးနောက် လင်းရီ ဖုန်းချလိုက်၏။

လမ်းမှာ ယခု အနေအထားအထိ ရောက်ရှိနေပြီဖြစ်သောကြောင့် သူ ငြင်းဆိုစရာ အကြောင်းမရှိချေ။

မဟုတ်ပါက သူ၏ သုတေသန လုပ်ငန်းများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာနိုင်သည်။

လင်းရီ စာရွက်နှစ်ရွက်ကို ဓာတ်ပုံရိုက်လိုက်ပြီး စွန်းဖုယွီထံ ပို့ပေးလိုက်၏။

အလုပ်တွေ အများကြီး လုပ်ရန် လိုအပ်သောကြောင့် ယခု ကုမ္ပဏီများနှင့် တတ်နိုင်သမျှ မြန်မြန်ဆက်သွယ်ရပေမည်။

"လူရှိလား..."

စွန်းဖုယွီနှင့် စစ်စတမ်အကြောင်း ဆွေးနွေးပြီးလျှင်ပြီးခြင်း အပြင်ဘက်မှ အသံတစ်သံကို

ကြားလိုက်ရ၏။ ထို့ပြင် ထိုအသံလေးက သူနှင့် တော်တော်လေး ရင်းနှီးနေလေသည်။

ဖုန်းကို အိတ်ကပ်ထဲ ထည့်လိုက်ပြီး လင်းရိ မီးဖိုချောင်ထဲမှ ထွက်လာခဲ့လိုက်၏။

"အစ်ကိုကြီးလင်း..."

"လုလု...."

ထိုသူကတော့ ဝမ်ရင်း၏ ညီမငယ် ဝမ်လုနှင့် ကျိုးဟိုင် ဒရာမာ အကယ်ဒမီထဲသို့ အတူဝင်ရောက်လာသည့် သူမ၏ အတန်းဖော်သူငယ်ချင်း တူယွီရှမ်းတို့မှတစ်ပါး အခြားသူမဟုတ်ချေ။

"ဒီဆိုင်ဖွင့်ထားတယ်ဆိုတာ အစ်ကိုကြီးလင်းလား...."

"မင်းက ဘယ်သူဖြစ်မယ်ထင်နေတာ..."လင်းရီ ရယ်သွမ်းလိုက်၏။

"ညီမ အရင်နေ့တွေတုန်းက ဒီဆိုင်ပိုင်ရှင် သူဌေးလေး အရမ်းချောတယ်ဆိုပြီး သတင်းတွေ ကြားလိုက်သေးတယ်... ဒါပေမယ့် ဆိုင်ရှင်က အစ်ကိုကြီးလင်း ဖြစ်နေလိမ့်မယ်လို့တော့ တကယ်ထင်မထားဘူး..."

"အဲ့ဒါဆို ကြားကတည်းကရင် ဘာလို့ မလာခဲ့တာ...."

"အစ်ကိုကြီးလင်း မသိလို့နော... ခု လုလုက ခြားနားသွားပြီ.. သူက မကြာခင်

နာမည်ကြီးလာတော့မှာလေ..."တူးယွိရှမ်း ဝမ်လု လက်ကိုချိတ်လျက် စနောက်လိုက်၏။

"ဘာလဲဖြစ်လို့.. မင်းတို့က ခုမှ ပတမနှစ်ပဲ ရှိသေးတာကို လက်မှတ်ထိုးချင်နေတဲ့သူတွေ ရှိနေပြီလို့တော့ ငါ့ကို လာမပြောနဲ့..."

"လက်မှတ်ထိုးတဲ့ ကိစ္စ မဟုတ်ပါဘူး... အဲ့တာ ညီမတို့ကျောင်းက ပြဇာတ်အတွက် အစမ်းလေ့ကျင့်နေကြတာလေ... ပုံမှန်ဆို အဲ့ပြဇာတ်မှာ ပါဝင်ခွင့် ရတဲ့သူတွေက စီနီယာတွေချည်းပဲ... ဒါပေမယ့် ဒီနှစ်ကျ ပထမနှစ်နဲ့ ဒုတိယနှစ်တွေကိုပါ နေရာတစ်နေရာ ချပေးလာခဲ့တယ်... "ဝမ်လု စွယ်သွားနှစ်ချောင်း ပေါ်သည်အထိ ပြုံးလိုက်ပြီး

"အဲ့ဒီ နေရာက ခု ညီမလက်ထဲမှာ... ဒါကြောင့်မို့ စီနီယာ အစ်ကိုအစ်မတွေနဲ့ ပြဇာတ် အစမ်းလေ့ကျင့်နေရင်း အလုပ်များနေတာ.. ဒီနေ့လို နေ့တစ်ဝက်နားခွင့်တောင် ရှားရှားပါးပါးလေး ရလို့ နာမည်ကြီးနေတဲ့ဆိုင် လာစားကြည့်တာလေ... ဟီးဟီး.. အစ်ကိုကြီးလင်းရဲ့ ဆိုင် ဖြစ်နေမယ်လို့တော့ မျှော်လင့်မထားဘူး..."

"ကောင်းတာပေါ့.... မင်း အစ်ကိုကို စိတ်မပျက်စေဘူးပဲ..."

"အစ်ကိုကြီးလင်း မသိလို့နော်.. ဒီရဲ့ နေရာကို လုဖို့ ယှဉ်ပြိုင်နေကြတဲ့ ဖရက်ရှာလေးတွေမှ အများကြီးပဲ... အဆုံးသတ်ကျတော့ လုလုက ရွေ့ထွက်လာပြီး ညီမတို့

အသုတ်ရဲ့ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ပုံရိပ်တစ်ခု ဖြစ်လာတာလေ..."တူးယို့ရွှမ်းမှ ပြောလိုက်၏။

"ဟီးဟီး.. ညီမ ကံကောင်းသွားတာပါ..."

"မင်း အစ်မရန်ကိုကော ကျေးဇူးတင်လိုက်သေးလား...."

လင်းရီ ဝမ်လု၏ ပါရမီ မည်မျှကောင်းမှန်း မသိသော်လည်း ကျိုးဟိုင် ဒရာမာ အကယ်ဒမီသို့ ဝင်ရောက်နိုင်သူတိုင်းက ညံ့ဖျင်းလိမ့်မည် မဟုတ်ကြောင်းတော့ နားလည်ပေသည်။

ထိုသို့သောနေရာမျိုးတွင် ကျွမ်းကျင်ပြောင်မြောက်သူတို့မှာ ပေါများလှပြီး

ဝမ်လုအတွက် အားသာချက် တစ်စုံတစ်ရာလည်း မရှိပေ။

သူမ ယခုလို တစ်နေရာ ရလာသည်ကလည်း သေချာပေါက် ရန်ရှေ၏ ကူညီပေးမှုကြောင့် ဖြစ်နိုင်သည်။

"မမလည်း အဲ့လိုမျိုး ပြောတာပဲ . သူလည်း ဆရာမရန် ကူညီပေးလို့ဆိုပြီး ထင်နေတာ..."ဝမ်လု ပြောလိုက်ပြီး "ဒါကြောင့်မို့ ညီမ ပစ္စည်းတစ်ချို့ဝယ်သွားပြီး ဆရာမရန်ဆီ ကျေးဇူးတင်ကြောင်း သွားပြောတော့ အဲ့ကိစ္စက ဆရာမရန်နဲ့ ဘာမှ မသက်ဆိုင်ဘူးတဲ့.. ဒီတော့......"

"အိုး... အဲ့လိုဆို လုလုက တော်တော် အထင်ကြီးဖို့ ကောင်းသွားပြီပဲ... "

"ဟီးဟီး...."

"ကောင်းပြီ.. ခု အစ်ကို့ဆိုင် ရောက်လာမှတော့ မီနူးပေါ်မှာ ရှိတာ ကြိုက်သာမှာကြ.. "

ဝမ်ရင်းကြောင့် လင်းရီလည်း ဝမ်လုလေးကို ညီလေးတစ်ယောက်ကဲ့သို့ နှစ်နှစ်ကာကာ မြတ်နိုးမိသည်။

သို့သော်လည်း ထိုအကြောင်းတွေးမိတော့မှ သူပင် ဝမ်ရင်းနှင့် မတွေ့တာကြာပြီဖြစ်ကြောင်း သတိရမိသွား၏။

"ဒါဆို အစ်ကို့ဆိုင်ရဲ့အထူးဟင်းလျာ ဥထမင်းကြော်ပဲ ပေးတော့..."

"ညီမကောပဲ..."တူးယွှီရှမ်း ပြောလိုက်သည်။

"ဥထမင်းကြော်အပြင် မီးနူးပေါ်က ကျန်တာတွေလည်း အရသာရှိပါတယ်ဟ.. ငါမင်းတို့နှစ်ယောက်ကို အမဲစတိတ်ခ် လုပ်ပေးမယ်... ဥထမင်းကြော်နဲ့ တွဲဖက်စားကြည့်ကြည့်ပေါ့.."လင်းရီ ပြောလိုက်သည်။

"ရပြီ အစ်ကိုကြီးလင်း... ညီမတို့က ဘာမှ ထူးခြားနေတာလည်း မဟုတ်ဘူး... ဥထမင်းကြော်ပဲဆိုရင်ကို အဆင်ပြေနေပြီ..."

ဝမ်လုမှာ အလိုက်မသိသူ တစ်ယောက် မဟုတ်ပေ။ သူမ အစ်ကိုကြီးလင်း၏ ဆိုင်တွင် စားပါက သေချာပေါက် ပိုက်ဆံ ပေးရလိမ့်မည် မဟုတ်ကြောင်း သူမ နားလည်လေသည်။ ထို့ကြောင့် တစ်ဖက်သူမှ ကိစ္စမရှိသော်လည်း သူမဘက်မှ လွန်ရောကျွံရော တောင်းဆိုလို့ မသင့်တော်ပေ။

"ကောင်းပြီလေ.. ခုပဲ လုပ်ပေးမယ်..."

ဆယ်မိနစ်ကြာပြီးနောက် လင်းရီ ဉထမင်းကြော် နှစ်ပွဲနှင့်အတူ မီးဖိုချောင်ထဲမှ ထွက်လာခဲ့၏။

"အစ်ကိုကြီးလင်းရဲ့လက်ရာက အရမ်းအရသာရှိတာပဲ... ၁၈၉ ယွမ်ပဲ ပေးရတာ အရမ်း

တန်တယ်.... "တစ်လုတ်စားပြီးနောက် ဝမ်လုမှ လက်မထောင်လိုက်၏။

"ကြိုက်ရင် အားတဲ့အချိန် လာစားလေ.. တစ်နေ့ သုံးနှပ် ကျွေးဖို့လောက်ကတော့ ပြဿနာ မရှိဘူး...."

"အစ်ကိုကြီးလင်းက အရမ်း နိမ့်ချတာပဲ..."ဝမ်လု ပြောလိုက်ပြီး "အစ်ကိုကြီးရဲ့လွိုင်ကန်နဲ့သာဆိုရင် ညီမတစ်ယောက်တည်းမှ မဟုတ်ဘူး အကယ်ဒမီတစ်ခုလုံးက မိန်းကလေးတွေကို ကျွေးထားလို့ ရနေပြီ မဟုတ်ဘူးလား...."

"ဟဲ့.. ဟိုက ထောင်ချီတဲ့ မိန်းကလေးတွေလေ.. နင်က အစ်ကိုကြီးလင်းကို ပင်ပန်းပြီး သေစေချင်နေတာလား..."တူယွီရှမ်းမှ ပြောလိုက်၏။

"မင်းတို့တွေက သရုပ်ဆောင် သွားသင်ကြတာလား..
ဒါမှမဟုတ် မြောင်းဖောက်တာ
သွားသင်နေကြတာလား.. ရေလာမြောင်းပေး
အရမ်းတော်တာပဲ... "လင်းရီ စနောက်လိုက်၏။

"ဘာလို့ဆို အစ်ကိုကြီးလင်းကို မြင်လိုက်တာနဲ့
မထိန်းချုပ်နိုင်တော့လို့လေ..."

သုံးယောက်သား ရယ်ရယ်မောမောဖြင့်
စကားဝိုင်းဖွဲ့နေစဉ် ဆိုင်ထဲသို့ မိန်းကလေး နှစ်ယောက်
ဝင်ရောက်လာခဲ့၏။

"ယွိထင် .. နင် ဒီဆိုင်မှာ စားချင်တာ သေချာလို့လား..."

ပြောလိုက်သူ မိန်းကလေးကတော့ ဝမ်ချီပင်။ သူမမှာ ရှည်လျားသည့် ဆံနွယ်၊ ဂျင်းစကတ်တိုနှင့် အဖြူရောင် တီရှပ်ကို ဝတ်ဆင်ထားကာ ဝါဝင်းသည့် အသားအရေနှင့် ကြည့်ကောင်းသူ တစ်ဦးဟု ဆိုနိုင်လေသည်။

သို့သော်လည်း သူမဘေးရှိ ယွိထင်ဟု နာမည်တွင်သည့် အနီမိန်းကလေးနှင့် ဘေးချင်းကပ် လမ်းလျှောက်လာသည့် အခါတွင်တော့ သူမ၏ အလှတို့မှာ မှိန်ပျသွားခဲ့ရ၏။

ကျိုးဟိုင်ဒရာမာ အကယ်ဒမီရှိ ဖရက်ရှာများထဲတွင် စုန့်ယွိထင်ကား အလှဘုရင်မတစ်ပါးပင်။သူမ၏ ကိုယ်လုံးကိုယ်ပေါက်နှင့် ရုပ်ရည်သွင်ပြင်တို့က

ထိပ်တန်း မင်းသမီးတစ်ယောက်ဖြစ်ရန်အတွက် စံချိန်မှီလေသည်။

နှိုင်းယှဉ်ရလျှင်တော့ ဝမ်လု၏ ကိုယ်လုံးကိုယ်ပေါက်မှာ ဝမ်ရင်းကဲ့သို့ လုံးကြီးပေါက်လှဖြင့် ပို၍ ညို့ယူနိုင်စွမ်း ပြင်းထန်သည်။

"ဘာလဲဖြစ်လို့..."စုန့်ယွိထင် မေးလိုက်ပြီး "ကျောင်းက လူတွေက ဒီဆိုင် စားကောင်းတယ်ဆိုပြီး ပြောနေကြတာလေ... ဒီနေ့တော့ ငါလည်း မြည်းစမ်းကြည့်ကြည့်ရမယ်..."

"ဒါပေမယ့် ငါကြားတာတော့ ဝမ်လုနဲ့ တူးယွီရှမ်းတို့လည်း ဒီဆိုင်မှာ စားကြမှာတဲ့နော်.. သူတို့နဲ့ ဆုံလို့ မကောင်းဘူး ထင်တယ်..."

"ဆုံတော့ကော ဘာဖြစ်လဲ.. ငါလဲ သွားစားလို့ မရဘူးလား..."စုန့်ယွိထင် ပြောလိုက်ပြီး "ငါကြားတာတော့ ဆိုင်ရှင်က အဆင်လေးဆိုပဲ.. ပြောသလောက် ချောမချော သေချာပေါက် သွားကြည့်ကြည့်ရမယ်..."

"ဒါပေမယ့် နင်က သူ့ရဲ့နေရာကို လုယူထားတာလေ.. တီချယ်က ခနနေဆို သူ့ကို အသိပေးလိုက်တော့မှာ... အဲ့လိုဆို ဘယ်လောက်တောင် နေရခက်လိုက်မလဲ..."ဝမ်ချီမှ ပြောလိုက်၏။

## အခန်း (၆၁၉)

## စကားတစ်ခွန်း ဖြစ်ပေါ်လာပုံ

"ဘာကို နေရခက်စရာ ရှိလို့..."စုန့်ယွိထင် ထူးမခြားနားနေဟန်ဖြင့် ပြောလိုက်ပြီး "ကျောင်းက ငါတို့ကို နေရာတစ်နေရာ ပေးထားတယ်... အစွမ်းအစရှိတဲ့သူက ရမှာပဲ... တကယ်လို့ သူမက လုံလောက်အောင် အစွမ်းအစ မရှိမှတော့ နေရာကို လက်လွှတ်ပေးရမှာ သဘာဝပဲလေ..."

"အမှန်ပဲ.. ဒါပေမယ့် ငါ မျက်နှာ ဘယ်လိုထားရမှန်းမသိ ဖြစ်နေလို့..."

စုန်ယွိထင် အဘယ်ကြောင့် ဝမ်လု၏ နေရာတွင် အစားထိုးနိုင်လဲဆိုတာကို ဝမ်ချီ ကောင်းစွာ သဘောပေါက်သည်။

အကြောင်းမှုကား စုန့်ယွိထင်၏ ခဖင်မှာ စာရင်းဝင် ကုမ္ပဏီ တစ်ခု၏ စီအီးအိုတစ်ယောက်ဖြစ်ပြီး သူမကို နေရာဝယ်ပေးရန်အတွက် ငွေကြေးမြောက်များစွာ အကုန်ခံထားရ၏။

ဝမ်လု သိသွားသည်နှင့် တစ်ပြိုင်နက် နှစ်ယောက်မှာ အကြီးအကျယ် ရန်ဖြစ် စကားများကြလိမ့်မည်။

ယခုတော့ ဝမ်လုမှ ထိုအကြောင်း မသိသေးပါစေနှင့်ဟု ကြိတ်ဆုတောင်းရုံသာ တတ်နိုင်တော့၏။

သို့မှသာ နှစ်ယောက်ကြားရှိ ရန်ပွဲကို ရှောင်ကြဉ်နိုင်ပေလိမ့်မည်။ မဟုတ်ပါက အတန်းဖော်များ ကမ္ဘာမကြေရန်ဘက်များ ဖြစ်သွားပါက ကောင်းလိမ့်မည် မဟုတ်ချေ။

"ကဲပါ.. အဲ့ဒီ အရေးမပါတဲ့ဟာတွေ စဉ်းစားပြီး အတွေးလွန်မနေနဲ့.. မြန်မြန် သွားစားကြစို့.. ခနနေဆို ငါ့အဖေ လာကြိုတော့မှာ...."

"ဟဲ့ ဖြေးဖြေးသွားလေ..."

နှစ်ယောက်သား ခပ်သွက်သွက် လမ်းလျှောက်လိုက်ကြပြီး စားသောက်ဆိုင် ဝင်ပေါက်ဝသို့ ရောက်လာခဲ့ကြကာ တံခါးတွန်းဖွင့်၍ အထဲသို့ ဝင်လိုက်ကြ၏။

"ဟစ်... သူဌေးက တကယ်ချောတာပဲ..."ဝမ်ချီ မနေနိုင်ပဲ နှုတ်မှ လွှတ်ကနဲ ပြောထွက်မိသွားသည်။

မူလကတော့ သူဌေးမှာ အင်မတန်ချောမောသည်ဟု လူတိုင်းပြောနေကြသော်လည်း သူမ မည်သို့မျှ မယုံကြည်နိုင်ချေ။ ယခုလို မျက်မြင်ဒိဋ္ဌ ကြုံတွေ့လိုက်သည်အခါမှသာ သူဌေးလေး၏ နောက်ကျောမှပင် မြင့်မြတ်သည့် ရောင်ဝါတို့ လွှင့်ထုတ်နေသည့်သယောင် ခံစားနေရ၏။

အသံကို ကြားမိတော့ ဝမ်လုနှင့် တူးယွီရှမ်းတို့ မသိစိတ် အလိုကျ အသံ လားရာဘက်သို့ ခေါင်းလှည့်ကြည့်လိုက်ကြသည်။

မယုံကြည်နိုင်ဖွယ် ကောင်းလောက်အောင် ဆိုင်ထဲသို့
ဝင်ရောက်လာကြသူများက သူမ၏
အတန်းဖော်များဖြစ်သည့် စုန့်ယွိထင်နှင့်
ဝမ်ချီတို့ဖြစ်နေကြောင်း အံ့အားသင့်ဖွယ်
မြင်တွေ့လိုက်ရလေသည်။

"ချီချီ... နင်တို့လည်း ဒီလာစားကြတာလား..."တူယွိရှမ်း
နှုတ်ဆက်လိုက်၏။

"ဟယ်... တိုက်ဆိုင်လိုက်တာနော်.. နင်တို့လည်း ဒီဆိုင်
လာစားကြတာပဲလား..."ဝမ်ချီ ကိုးရို့ကားယား
အမူအရာဖြင့် ပြန်ပြောလိုက်ပြီး

"တော်တော်များများက ဒီဆိုင်ကောင်းတယ်
ပြောနေကြလို့ လာကြည့်ကြည့်တာ.. နင်တို့နဲ့
ဆုံဖြစ်မယ်တောင် ထင်မထားဘူး... "

"ဒါဆိုလည်း ထိုင်ပြီး
တူတူစားကြမယ်လေ..."တူးယွှီရှမ်း ပြောလိုက်၏။
လေသံကတော့ မကောင်းတတ်သောကြောင့်
လောကဝတ်အရ ပြောလိုက်ရသည့်နှယ်ပင်။

အဘယ်ကြောင့်ဆိုသော် ဝမ်လုနှင့် စုန့်ယွဲ့ထင်တို့မှာ
ပြဇာတ်နေရာအတွက် ယှဉ်ပြိုင်နေကြပြီး သူမတို့
နှစ်ယောက်၏ ဆက်ဆံရေးမှာလည်း
မကောင်းမွန်လှချေ။ ဝမ်လု၏ အကောင်းဆုံး

သူငယ်ချင်း တစ်ယောက် အနေဖြင့် ဝမ်လုဘက်မှ ရပ်တည်ရမည်က သဘာဝပင်။

ဝမ်လု စုန့်ယွိထင်ကို လျစ်လျူရှုထားပြီး တစ်ဖက်သူကလည်း သူမကို လျစ်လျူရှုကာ ဘေးချင်းကပ် စားပွဲတွင် ထိုင်လိုက်၏။

လေထုမှာ အနည်းငယ် ထူးဆန်းနေကြောင်း လင်းရီ ခံစားမိသော်လည်း များများ စဉ်းစားမနေချေ။ သူကား လက်ရှိတွင် ဆိုင်ရှင်တစ်ယောက်ဖြစ်၏။ စီးပွားရေးလုပ်ရန် ကျန်ရှိနေသေးလေသည်။

"ဘာစားကြမလဲ..."

မီနူးကို မြင်တော့ စုန့်ယွိထင် လန့်ဖျပ် မသွားချေ။
သူမစားနေချေ မီချယ်လင်းကြယ်သုံးပွင့်ဆိုင်နှင့်
နှိုင်းယှဉ်ပါက ဥထမင်းကြော်တစ်ပွဲကို ၁၈၉
ယွမ်ပေးရသည်က အရမ်း ဈေးကြီး မနေချေ။

သို့သော်လည်း သူမ အောက်ဒါမမှာမီ ဘေးရှိ ဝမ်လု၏
စားပွဲဝိုင်းကို တစ်ချက်ကြည့်လိုက်ပြီး
ခေါင်းမော့ရင်ကော့ ဟန်ပန်တစ်ခွဲထားဖြင့်
ဟင်းလျာတစ်ချို့ မှာလိုက်၏။

"ဥထမင်းကြော် နှစ်ပွဲ "

"ကဏန်းကြော် တစ်ပွဲ "

"ငုံးမှိုနက်ခရု စွပ်ပြုတ် "

"ပြီးတော့ ထူးရှယ် အမဲသား မြေအိုးနှပ် ..."

"အိုး... နောက်ပြီး ဂျပန် မက်မွန်ပွင့်
ဆာကေးတစ်ပုလင်းကောပဲ..."

"သူဌေး ခနလေးနော်..."

"ယွိထင် .. နင်မှာလိုက်တာက
မများလွန်းဘူးလား...."ဝမ်ချီ ပြောလိုက်၏။

"သူများတွေ ပြောတာ ဒီဆိုင်က
အရမ်းစားကောင်းတယ်လို့ ပြောနေကြတာမလား...
ငါတို့လည်း အပြင်ထွက်လာဖို့ ခဲယဉ်းတယ်ဆိုတော့
အကုန်လုံးကို မြည်းစမ်းကြည့်သွားရမယ်လေ... ဒီတိုင်း

ဥထမင်းကြော်လေး နှစ်ပွဲလောက်မှာပြီး ပြီးသွားလို့မှ မဖြစ်တာ .. ဟုတ်တယ်မလား...."

"ဒါက....."

ဝမ်ချီ ဘယ်လိုပြန်ပြောရမှန်း မသိတော့ချေ။

ဒါကြီးက တစ်ဖက်သူကို ရည်ရွယ်ချက်ရှိရှိ စိန်ခေါ်နေတာပဲ မဟုတ်ဘူးလား...

"ပြီးတော့.. ဘလူးဖင်းတူနာ ဆာရှိမိ နဲ့ အသီးအရွက်သုတ်ကောပဲ..."

"အိုကေ.. ခနလေးပဲစောင့်..."

လင်းရီ အော်ဒါမှတ်ပြီး မီးဖိုချောင်ဘက်သို့ ထွက်ခွာသွားခဲ့၏။

တူးယွီရှမ်း တီးတိုးလေသံဖြင့် "လုလု .. အဲ့ဟာမတွေကို လျစ်လျူရှုထားလိုက်.. ငါတို့ စားစရာရှိတာ စားကြမယ်..."

စုန့်ယွီထင်း ဘာမျှ မပြောချေ။ သို့သော်လည်း သူမစိတ်ထဲတွင်တော့ စက်ဆုပ် အထင်မြင်သေးမှုတို့ဖြင့် ပြည့်နှက်နေလေသည်။

" ချီချီ...ဒီဆိုင်က စားစရာတွေက သာမန်လူတွေ အတွက် တော်တော်လေး ဈေးကြီးတယ်နော်... တစ်ချို့တစ်ချို့တွေများ ဥထမင်းကြော်လေးပဲ မှာစားနိုင်ကြတယ်..."

"ဒီဆိုင်က ငါ့ အစ်ကိုဆိုင်.. သူများတွေ ပိုမှာလေ.. ငါကတော့ ပိုပျော်လေပဲ..."

စုန့်ယွိထင် ရုတ်ချည်း တုန်တက်သွားခဲ့၏။

သူမအစ်ကို...

ဘာတွေဖြစ်နေတာလဲ.. ဘာလို့ ဆိုင်ရှင်က သူ့အစ်ကို ဖြစ်နေတာလဲ...

တူးယွီရှမ်း မနေနိုင်ပဲ ရယ်မောမိလိုက်၏။

ဒါက စိတ်လှုပ်ရှားဖို့ မကောင်းဘူးလား...

မကြာမီ စုန့်ယွိထင်၏ စိတ်အခြေအနေမှာ ပုံမှန်ပြန်ဖြစ်သွားခဲ့သည်။ သူမ ထိုသို့ အရေးမပါသည့် အသေးအဖွဲ့လေးများအပေါ် လိုက်ခံစားမနေတော့ချေ။

မည်သို့ပင်ဆိုစေ မှာစရာရှိတာလည်း မှာပြီးဖြစ်၏။ ထမင်းတစ်နပ်အတွက် ပိုက်ဆံနည်းနည်းပါးပါး ပိုသုံးလိုက်ရသည်က သူမအတွက် ဘာမျှ ဖြစ်မသွားချေ။

မိနစ်နှစ်ဆယ် ကြာပြီးနောက် လင်းရှီ စုန့်ယွိထင်၏  ဟင်းလျာများကို ကြွေရည်သုတ် လင်ဗန်းနှစ်ချပ်ဖြင့် သယ်ဆောင်လာခဲ့၏။

"ကျေးဇူးပါ သူဌေး..."ဝမ်ချီ ပြုံးပြလိုက်၏။

"ရပါတယ်..."

ကျိန်းရန်လမ်းတွင် နာမည်ကြီးဆိုင် ဖြစ်နေသောကြောင့် ဟင်းလျာများ ရောက်သည်နှင့် တစ်ပြိုင်နက် ၎င်း၏ ဂုဏ်သတင်းများနှင့် ကိုက်ညီခြင်းရှိမရှိ မြည်းစမ်းကြည့်ရန် အရင်ဆုံး တစ်လုတ် မြည်းစမ်းကြည့်လိုက်၏။

အရသာမှာ လျှာပေါ်တွင် ပေါက်ကွဲထွက်လာပြီး ကြည်နူးဖွယ် စိတ်ခံစားချက်က ရုတ်ချည်းဖြစ်ပေါ်လာကာ နှစ်ယောက်မှ တစ်ခဏမျှ အေးခဲမှင်တက်သွားခဲ့ကြ၏။

အထူးသဖြင့်တော့ စုန့်ယွိထင်အတွက် ပိုမှန်ပေသည်။ ဤဆိုင်ငယ်လေးရှိ အစားအသောက်များက

မီချယ်လင်းကြယ်သုံးပွင့်ဆိုင်ရှိ

အစားအသောက်များထက်ပင် သာလွန်သည်ဟု

ခံစားနေရ၏။

ဘာလို့ ဆိုင်ရှင် အချောလေးရဲ့ လက်ရာက

အရမ်းကောင်းနေတာလဲ...

ဟင်းပွဲများအားလုံး ရောက်ရှိပြီးသည်နှင့် နှစ်ဖက်မှာ

မိမိတို့ဝိုင်းရှိ စားစရာများကိုသာ ခေါင်းမဖော်တမ်း

အားပါးတရ စားသောက်ကြတော့၏။

မည်သည့်ဘက်ကမျှ ကျန်တစ်ဖက်ကို

အရေးစိုက်နေခြင်း မရှိတော့ချေ။

လင်းရီကတော့ ၎င်းကို ပူပန်ရန်ပင် ပျင်းရိနေတော့၏။
တက္ကသိုလ် ကျောင်းသူများကြားတွင်ယခုလို
ဓာတ်မတည့်ကျသည်က သာမန် ကိစ္စလေးများပင်။

မဟုတ်ပါက catfight(မိန်းမသားချင်း
ထေ့ငေါ့ရန်ဖြစ်တာ) ဆိုသည့် စကားလုံးမှာ
ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ချေ။

ကလင် ကလင်....

ဝမ်လု၏ ဖုန်း အသံမြည်လာခဲ့၏။

“ ဟယ်လို တီချယ်လျို...” ဝမ်လု ရိုသေလေးစားသည့်
လေသံဖြင့် ဖုန်းဖြေလိုက်၏။

“ အစားထိုးလိုက်ပြီ….”

“နား… နားလည်ပါပြီ…”

ဖုန်းပြောချိန်မှာ တစ်မိနစ်မျှသာ ကြာမြင့်သော်လည်း ဖုန်းချပြီးနောက် ဝမ်လု၏ အမူအရာမှာ ဒရာမာဆန်ဆန် ပြောင်းလဲသွားခဲ့လေသည်။ လင်းရီနှင့် တူးယွီရှမ်းတို့ကတော့ တစ်ခုခု မှားနေပြီဖြစ်ကြောင်း သတိထားမိလိုက်၏။

“ ဘာဖြစ်တာလဲ…. ဘာကို အစားထိုးသွားတာ…” တူးယွီရှမ်း မေးလိုက်၏။

“ ငါ့ရဲ့နေရာက သူများဆီ ပြောင်းသွားပြီ…” ဝမ်လု အေးစက်စက် လေသံဖြင့် ပြောလိုက်၏။

“ ဟမ်… အဲ့တာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာ…”
တူးယွှီရှမ်း ပြောလိုက်ပြီး “ နင်ဒီလောက်ထိ ကြိုးစားပမ်းစားနဲ့ လေ့ကျင်နေတာကို ဘာအမှားမှ မလုပ်ထားဘူးလေ… ဘာလို့ အစားထိုးခံလိုက်ရမှာလဲ…”

“ နင် သူ့ကို မေးကြည့်ကြည့်လေ…”

ဝမ်လု၏ အကြည့်များနောက်သို့ လိုက်ပါရင်း လင်းရီနှင့် တူးယွှီရှမ်းတို့ စုန့်ယွိထင်ကို ပြိုင်တူ ကြည့်လိုက်ကြသည်။

“ သူမ ယူသွားတာလား…”

“ အမ်… နင်တို့ ဘာအကြောင်းတွေ ပြောနေကြတာ…” စုန့်ယွိထင် ဘာမျှမသိဟန် ဆောင်လိုက်၏။

“ နင် လာပြီး ဟန်ဆောင်မနေနဲ့… နင် ဒီကိစ္စမသိဘူးဆိုတာ ငါ မယုံဘူး…”

“ လုလု… နင်ဘာတွေ လာပြောနေတာ…. ငါတကယ်ကြီး ဘာမှ မသိပါဘူးဆိုဟာ…” စုန့်ယွိထင် ပြောလိုက်ပြီး “ နင်က အဲ့ဒီပြဇာတ်မှာ တစ်ချိန်လုံး လေ့ကျင့်နေတာ မဟုတ်ဘူးလား… တကယ်လို့ နင်သာ ကောင်းကောင်းလေး မဆောင်ရွက်နိုင်ဘူးဆိုရင် သူတို့က နင့်ကို အဲ့ဒီအခွင့်အရေး ပေးပါ့မလား… ဘာလို့ ငါ့ကို ဘလိုင်းကြီး လာစွပ်စွဲနေတာ..”

“ မသိချင်ယောင်ဆောင်နေတဲ့ပုံများ ရှိဖို့ကောင်းလိုက်တာ…” တူးယွီရှမ်းမှ ရှုံ့ရှာနေသည့် မျက်နှာ အမူအရာဖြင့် ပြောလိုက်၏။

“ ဟဲ့ … နင်တို့ စကားကို ဆင်ဆင်ခြင်ခြင် ပြောတာကောင်းမယ်…” စုန့်ယွိထင် ပြောလိုက်ပြီး “ ဒီလိုကိစ္စမျိုးတွေမှာ အပြိုင်အဆိုင်ရှိတာ ဆန်းသလား… နင့်မှာ လုံလောက်တဲ့ အစွမ်းအစ မရှိလို့ နှင်ထုတ်ခံလိုက်ရတယ်… နင့် အရည်အချင်း မပြည့်ဝတာကို သူများနားလာပြီး အပြစ်ပုံချနေတယ်ပေါ့လေ…. ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်ရကောင်းမှန်း နားမလည်ဘူးလား…”

“ ဟက် .... ဆန်းစစ်ရမယ်...နင့်အဖေက ကျောင်းက
တီချယ်တွေကို လက်ဆောင်တွေ
အများကြီးပေးလိုက်လို့ နင်ဒီနေရာရလာတာများ ငါတို့
မသိဘူး ထင်နေတာလား…” တူးယွီရှမ်း ဒေါသကြောင့်
တဆတ်ဆတ်တုန်ရင်း ပြောလိုက်ပြီး
“ ဘာကြောင့်လဲဆိုတာ ကာယကံရှင်ဖြစ်တဲ့ နင့်ကိုယ်နင်
အသိဆုံး ဖြစ်မှာပါ…”

“ လက်ဆောင်ပေးတယ်ဆိုတာက
ဘာစကားပြောတာ… နင်လာပြီး စော်ကားမနေနဲ့…”

“ ယွိထင်… တော်လိုက်တော့… ဘာပဲဆိုဆို ငါတို့က
တစ်တန်းတည်းသားချင်းတွေပဲဟာ… စကားများလို့

ဘယ်သင့်တော်မှာ…” ဝမ်ချီ ဘေးမှ နေ၍
တိုးတိုးလေးပြောပြီး ဖြောင်းဖြလိုက်၏။

“ သူတို့အရင်စတာလေ…. ငါ့မှာ သူတို့နဲ့ အချင်းများဖို့
အချိန်တွေလည်း အားယားမနေဘူး…” စုန့်ယွိထင်
ပြောလိုက်ပြီး “ မစ္စတာလျိုကလည်း
အရမ်းလွန်တယ်… ငါ ဒီအခွင့်အရေး
မလိုချင်ပါဘူးဆိုတာကို အတင်းပဲ လာလာပြီးပေး…
ခုတလော အလုပ်များလွန်းလို့ လေ့ကျင့်ချိန်တောင်
မရှိပါဘူးဆိုနေမှ ခုတော့ နောက်လအထိ
ရှော့ပင်းထွက်ဖို့တောင် မဖြစ်နိုင်လောက်တော့ဘူး…”

“ နင်….”

“ ရပြီ ရပြီ… အသေးမွှားကိစ္စလေးကို ဘာလို့ စကားတွေ များနေကြတာ…” လင်းရီဝင်၍ လက်ကာလိုက်ပြီး “ သူက မလိုချင်ဘူးဆိုမှတော့ လုလုက တိုက်ခိုက်ပြီး ယူလိုက်ပေါ့…မဟုတ်ဘူးလား…”

“ အစ်ကိုကြီးလင်း… ဒီကိစ္စက တိုက်ခိုက်ပြီး ယူလို့ရတဲ့ ကိစ္စမှမဟုတ်တာ… သူ့မိသားစုကသာ အရမ်းချမ်းသာမနေဘူးဆိုရင် ကျောင်းက ညီမကို ဖယ်ရှားလိုက်မှာ မဟုတ်ဘူး…”

“ ဒါပေမယ့် သူမကမှ အဲ့ဒီနေရာကို မလိုချင်တာ… အဲ့လိုဆိုမှတော့ လိုချင်တဲ့သူဆီ ပေးသင့်တယ် မဟုတ်ဘူးလား…”

“ သူဌေး… နင် အဲ့လိုပြောတာ မမှန်ဘူး…” စုန့်ယွိထင်
ပြောလိုက်ပြီး “ အစတုန်းက ကျောင်းပြဇာတ်မှာ
ဝင်ပါပေးဖို့ ကျောင်းက ငါ့ဆီ အရင်ဆုံး
ကမ်းလှမ်းလာခဲ့ပြီးမှ ငါက မလိုချင်တော့
တီချယ်တွေက သူ့ကို ပေးလိုက်တာ…. ဒါပေမယ့် သူ့ရဲ့
အရည်အချင်းတွေက လုံလောက်အောင်
မကောင်းတော့ ဖယ်ရှားပြီးတော့ ငါ့ကို
ပြန်လာရှာတယ်လေ…. ငါ့မှာ ငြင်းပိုင်ခွင့်ရှိမယ်များ
ထင်နေလား… ကျောင်းက ပြဇာတ်ရဲ့
အရည်အသွေးအတွက် သေချာပေါက် ငြင်းတာကို
လက်ခံမှာမဟုတ်ဘူး…”

“ ရပါတယ်… ငါဖုန်းဆက်ပြီး မင်းအတွက် ကူညီပေးမှာပေါ့…”

သို့နှင့် လင်းရီ သူ၏ ဖုန်းကို ထုတ်လိုက်ပြီး ရန်ရွှေထံ ဖုန်းခေါ်လိုက်၏။

“ ဟယ်လို အစ်မရန်… ကျွန်တော် ကျောင်းပြဇာတ်ကိစ္စလေး မေးကြည့်ချင်လို့…. အဲ့ပြဇာတ်ထဲက နေရာတစ်နေရာကို အစက လုလုဆီ ပေးထားတာ မဟုတ်ဘူးလား…. ဘာလို့ ခု တခြားသူလက်ထဲ ပြန်ရောက်သွားတာ…”

“ အိုး… အိုကေ…အဲ့တာဆိုလည်း မေးကြည့်ကြည့်လိုက်ပေါ့… စုန့်ယွိထင်လို့ ခေါ်တဲ့

မိန်းကလေးက အဲ့ဒီ နေရာကို လိုချင်ပုံမရဘူး... သူမက ငြင်းချင်နေတာ...."

" ဟားဟား... ရတာပေါ့ဗျ.... အချိန်ရရင် ကျွန်တော့်ဆိုင် လာခဲ့... တစ်နပ်လောက် ကောင်းကောင်းလေး ဧည့်ခံပေးပါ့မယ်..."

ရန်ရှေနှင့် စကားပြောပြီးနောက် လင်းရီ ဖုန်းချလိုက်ပြီး စုန့်ယွီထင်ကို ပြုံးပြလိုက်၏။

" ကဲ ကောင်မလေး .. ငါမင်းအစားပြောပေးပြီးသွားပြီ... မင်း ဒီပြဇာတ်မှာ ဆက်ပြီး ပါစရာ မလိုတော့ဘူး..."

" အာ..."

စုန့်ယွိထင်နှင့် ဝမ်ချီတို့ ကြက်သေသေသွားကြ၏။

မည်သူကမျှ လင်းရီ တစ်ယောက်ထံ
ဖုန်းခေါ်လိုက်လိမ့်မည်လို့ ထင်မှတ်မထားချေ။

“ မစ်ရန်က ဘယ်သူကြီးလဲ…”

“ ရန်ရှေလေ… မင်းတို့ကျောင်းက ပရော်ဖက်ဆာ
တစ်ယောက်ပဲ… မင်းသူ့ကိုတော့ သိမှာပါ…”

“ရန်ရှေ….”

စုန့်ယွိထင်နှင့် ဝမ်ချီတို့ ရေရွတ်လိုက်ကြသော်လည်း
ထိုနာမည်နှင့် မရင်းနှီး ဖြစ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် သူမတို့မှာ သရုပ်ဆောင် ဌာနမှ ဖြစ်ပြီး ရန်ရွှေက အခြားဌာနရှိ ပရောဖက်ဆာဖြစ်နေသောကြောင့်ပင်။

ထို့ကြောင့် အကယ်ဒမီတစ်ခုတည်းမှ ဖြစ်နေလျှင်တောင် အခြားဌာနရှိ ဆရာမများကို မသိသည်က အမှားမဟုတ်ပေ။ နှစ်ယောက်လုံး ရန်ရွှေကို မသိကြသည်က သဘာဝသာဖြစ်၏။

“ ဘယ်သူကြီးလဲ… ငါတော့ တစ်ခါမှ မကြားဖူးဘူး… နင်ကော…” စုန့်ယွိထင် ရေရွတ်လိုက်၏။

“ တစ်ခြား အကယ်ဒမီတစ်ခုက တီချယ်တစ်ယောက်ယောက်နေမှာပေါ့…”

**အခန်း (၆၂၀)**

**အဲ့လောက် မစိမ်းကားပါနဲ့လား**

“ မစ္စတာလို့ ဆိုကလား..”

နှစ်ယောက်မှာ အချင်းချင်းကြည့်လိုက်ကြပြီး မသိစိတ်မှ အနည်းငယ် တုန်လှုပ်နေကြ၏။

နေရာက တကယ်ကြီး ပြန်ပြောင်းသွားတာများလား…

ယုတ္တိကျကျ ပြောမည်ဆိုပါက
နေရာပြန်ရုတ်သိမ်းခံရနိုင်ချေမှာ မဖြစ်နိုင်လု နီးပါးပင်။

သူမ အဖေမှာ ကျောင်းတာဝန်ရှိသူများကို ယွမ်သောင်းပေါင်းများစွာ ဟုန်ပေါင်း ပေးထားခဲ့လေရာ ယခုလောက်လေးပင် မစွမ်းဆောင်နိုင်ပါက လူရယ်စရာ ဖြစ်သွားလိမ့်မည် မဟုတ်ပါလော။

သို့သော်လည်း ဖုန်းမှာ မြည်နေဆဲဖြစ်သောကြောင့် စုန့်ယွိထင် အသက်ကို ပြင်းပြင်းရှူလိုက်ပြီး စိတ်တည်ငြိမ်အောင် ပြုလုပ်၍ ဖုန်းဖြေလိုက်၏။

“ ဟဲလို ....”

ဖုန်းကိုင်ပြီးနောက် စုန့်ယွိထင် တိုးတိုးလေး ပြောလိုက်သည်။

“ ဘာလို့လဲ…”

“ သိပါတယ်… ဒါပေမယ့် ကျွန်မ အဖေက……..”
ဖုန်းခေါ်ဆိုမှုမှာ လျင်မြန်စွာ ပြီးဆုံးသွားပြီး သူမ၏ အမူအရာမှတစ်ဆင့် ဘာဖြစ်သွားလဲဆိုတာကို ခန့်မှန်းနိုင်လေသည်။

“ ယွိထင်.. သူတို့ တကယ်ပြီး ပြန်ပြောင်းလိုက်တာလား…”

“ ဟုတ်တယ်… “ စုန်းယွိထင် လင်းရီနှင့် ဝမ်လုကို အေးစက်စွာ ကြည့်လိုက်ပြီး “ နင်တို့က တော်တော်လေး ရှုံဖို့ကောင်းတဲ့ သူတွေပဲ…”

“ ရှုံဖို့ကောင်းတယ်…” လင်းရီ ပြုံးလိုက်ပြီး “ မင်းပဲ အဲ့နေရာမှာ သရုပ်မဆောင်ချင်ဘူးလို့ မပြောခဲ့ဘူးလား..

ငါက ဒီတိုင်း စေတနာနဲ့ ကူညီပေးတာကို ဘာလို့ ရှုံ့စရာကောင်းတဲ့သူလို့ ပြောတာ…”

“ နင်…” စုန့်ယွိထင် စားပွဲကို လက်ဝါးဖြင့် ဒေါသတကြီး ရိုက်နှက်လိုက်ပြီး “ ငါ သရုပ်ဆောင်ချင်တာ မဆောင်ချင်တာက နင်နဲ့ ဆိုင်သလား… ဒါပေမယ့် ငါ့ဘက်ကလည်း နင်တို့သိအောင် ပေါ်တင်ပြောလိုက်မယ်… ငါ စုန့်ယွိထင် အဲ့ဒီ နေရာကို ပြန် လု ယူ ပြမယ်…”

“ မင်းမှာ အစွမ်းအစရှိရင် ကိုယ်ပိုင် အရည်အချင်းနဲ့ ယှဉ်ပြိုင်လေ… ဘာလို့ မိသားစု နောက်ခံကို မှီခိုနေတာ…”

“ ဘာဖြစ်လဲ… အဲ့တော့ နင်တို့က မကျေနပ်ဘူးလား…”
စုန့်ယွိထင် မချေမငံ ပြောလိုက်ပြီး “ ငါ့မိသားစုက
ချမ်းသာတယ်.. ဒါ ငါ့ အားသာချက်ပဲ… နင်တို့
မိသားစုက ဆင်းရဲတိုင်း
သူများအပြစ်ဖြစ်ရတယ်လား…”

“ ရပြီ.. ယွိထင် … နင်တော်လိုက်တော့… ငါတို့
ပြန်ကြရအောင်…” ဝမ်ချီမှ
အချင်းမပွားချင်သောကြောင့် ခေါ်ထွက်သွားရန်
ကြိုးစားလိုက်သည်။

“ သွားမှာပါ… ငါလည်း သူတို့ရုပ်တွေကို
မမြင်ချင်ပါဘူး.. အော်ဂလီဆန်လွန်းလို့…” စုန့်ယွိထင်
ပြောလိုက်၏။

ချလပ်…

ထိုအခိုက်အတန့်တွင်ပဲ ဆိုင်တံခါး ပွင့်ဟလာပြီး ရှပ်ပြာနှင့် စတိုင်ပန်ကို ဝတ်ဆင်ထားသည့် သက်လတ်ပိုင်းလူတစ်ယောက် ဝင်လာခဲ့သည်။

“ ဒယ်ဒီ…”

အဆိုပါ သက်လတ်ပိုင်းလူကို မြင်တော့ စုန့်ယွိထင် လက်ပြလိုက်၏။

“ စားပြီးပြီလား.. ဘယ်လိုလဲ… အရသာရှိလား.. ကောင်းရင် သမီးအမေကို ဒယ်ဒီ ဝယ်သွားပေးမလို့…”

“ဘာမှ ဝယ်မနေနဲ့… ဒီဆိုင်က အစားအသောက်တွေက အရသာ တစ်စက်မှကို မရှိတာ…” စုန့်ယွိထင် ပြောလိုက်ပြီး “ ဒါနဲ့ ဒယ်ဒီ … သမီးရဲ့ပြဇာတ်နေရာက ပြန်ရုတ်သိမ်းခံလိုက်ရပြီကော… ဘာတွေလဲဖြစ်နေတာ…”

“ ဟမ်… ပြန်ရုတ်သိမ်းခံရတယ်… “ စုန့်ယွိထင်၏ ဖခင်မှ အံ့အားသင့်သွားခဲ့ပြီး “ မဖြစ်နိုင်ဘူးနော… ဒယ်ဒီ သမီးတို့ ကျောင်းအုပ်နဲ့ သေချာစကားပြောခဲ့တာပါဟ… ဘယ်လိုလုပ်ပြီး ပြန်ရုတ်သိမ်းခံရမှာ…”

“ အားလုံးက သူ့ကြောင့်ပဲလေ….” စုန့်ယွိထင် လင်းရီကို လက်ညှိုးထိုးပြလိုက်ပြီး “ သူပဲ ဒီလိုဖြစ်အောင်

လုပ်လိုက်တာ… ဒယ်ဒီ ပြန်ရအောင်
လုပ်ပေးရမယ်နော်…”

“ အေးပါ အေးပါ… စိတ်အေးအေးထား… ဒီတိုင်း
ပြဇာတ်မှာ သရုပ်ဆောင်ရဖို့ ရေးလေးပဲမလား… ဒယ်ဒီ
သေချာ….ဟင် ဥက္ကဌလင်း…”

စုန့်ယွိထင်၏ ဖခင်မှာ စကားတစ်ဝက်တစ်ပျက်
ဖြစ်သွားခဲ့၏။

“ ခင်များက…”

လင်းရှီ သေချာ စဉ်းစားကြည့်သော်လည်း သူ ထိုလူနှင့်
မတွေ့ဖူးကြောင်း သေချာလေသည်။

“ ဒါရိုက်တာလင်း… ကျုပ်က ထန်တ
နည်းပညာကုမ္ပဏီက စုန့်ရှစ်းချောင်ပါ…
ဒါရိုက်တာလင်း အရင်က ကျင်းပတဲ့ ချစ်ပ် 2.0
နည်းပညာ သတင်းစာ ရှင်းလင်းပွဲ လုပ်တုန်းကတောင်
ကျုပ်တက်ခဲ့ဖူးသေးတယ်… ကျုပ် ဒါရိုက်တာလင်းကို
လေးစားနေတာကြာပြီ…. မျိုးဆက်သစ်တွေကတော့
တကယ်ကြီး ကျွန်တော်တို့ကို ကျော်ဖြတ်သွားခဲ့ပြီပဲ..”

စုန့်ယွိထင် သူမအဖေကို ရှော့ခ်ရစွာဖြင့် ကြည့်လိုက်ပြီး

“ ဒယ်ဒီတို့က အချင်းချင်း သိနေကြတာလား…”

“ ဒယ်ဒီကတော့ ဉက္ကဌလင်းကို သိတယ်… ဒါပေမယ့်
ဉက္ကဌလင်းကတော့ ဒယ်ဒီ့ကို မသိဘူး…” စုန့်ရှစ်းချောင်
ကိုးရို့ကားယားပြုံးလိုက်ပြီး “ ဒီနေ့ ဆုံဖြစ်တာနဲ့

အတော်ပဲ.. ဒယ်ဒီ မိတ်ဆက်ပေးမယ်...ဥက္ကဌလင်းက လင်းယွမ်အုပ်စုရဲ့ဥက္ကဌ... လုံးရှင်းစင်တာနဲ့ DIDI နှစ်ခုလုံးက ဥက္ကဌလင်းရဲ့လက်အောက်ခံ ကုမ္ပဏီတွေချည်းပဲ.... သူတို့ရဲ့အသားတင်တန်ဖိုးက ယွမ် ဘီလီလျံ တစ်ရာလောက်ရှိတယ်... ကျိုးဟိုင်ရဲ့ လူငယ်မျိုးဆက်ထဲမှာဆို ဥက္ကဌလင်းက အထူးချွန်ဆုံးပဲ...”

“ ဘီ.... ဘီလီယမ်တစ်ရာ ....”

ဝမ်လုနှင့် တူယွှီရှမ်းတို့ အပါအဝင် ဆိုင်ထဲရှိ လူတိုင်း ကြက်သေသေသွားကြတော့၏။

သူတို့အားလုံး လင်းရီ ချမ်းသာမှန်း သိပါသော်လည်း ထိုမျှ ကျိကျိတက် ချမ်းသာနေလိမ့်မည်လို့တော့ ထင်မထားကြချေ။

ယွမ် ဘီလီယမ်တစ်ရာ ဆိုတာက ဘာသဘောလဲ.... သူတို့ဆို အိပ်မက်ထဲတောင် ထည့်မမက်ဖူးဘူး...

" တစ်ရာဘီလီယမ်ဆိုတာ အောက်ထစ်ပဲ ရှိသေးတာ... ဉက္ကဌလင်းရဲ့စွမ်းရည်နဲ့ ကြွယ်ဝမှုတွေက ငါတို့စိတ်ကူးယဉ်နိုင်တာ မဟုတ်ဘူး.." စုန့်ရှစ်းချောင် မြှောက်ပင့် ပြောဆိုလိုက်ပြီး " ဉက္ကဌလင်းက ဒီရဲ့ နေရာကို လိုချင်နေတယ်ဆိုမှတော့ ဒယ်ဒီတို့ လက်လျှော့လိုက်ကြတာပေါ့..."

စုန့်ယွိထင်၏ အမူအရာမှာ မိုးပြိုသကဲ့သို့
ဖြစ်ပျက်နေလေသည်။

သူမ ဒယ်ဒီ၏ ကုမ္ပဏီတန်ဖိုးပင်လျှင် ယွမ် မီလီယမ်
ရာအနည်းငယ်မျှသာ တန်ဖိုးရှိ၏။ထို့ကြောင့်
တစ်ဖက်သူ၏ ခြေဖျားကိုပင် မမှီချေ။
အကယ်၍ သူမ ပြိုင်ဆိုင်ချင်လျှင်တောင်မှ အခွင့်အရေး
ရှိလိမ့်မည် မဟုတ်ကြောင်း သေချာလေသည်။

“ ကောင်းပါပြီ…”

စုန့်ရှစ်းချောင်း ကိုယ်ကို အနည်းငယ် ကိုင်းလိုက်ပြီး
သူ၏ စီးပွားရေးကတ်ကို လက်နှစ်ဖက်ဖြင့်
ကမ်းပေးလိုက်ကာ “ ဥက္ကဌလင်း.. အနာဂတ်ကျရင်

ကျုပ်တို့ လက်တွဲလုပ်နိုင်မယ့် အခွင့်အရေးရှိမယ်လို့ မျှော်လင့်ပါတယ်…”

“ အင်း…” လင်းရီ ကတ်ကို လက်ခံပြီး ခေါင်းညိမ့်လိုက်၏။

သာကြောင်းမာကြောင်း စကားအချို့ ဖလှယ်ပြီးနောက် စုန့်ရှစ်းချောင်နှင့် ကျန်သူများ ထွက်ခွာသွားကြလေသည်။

“ အစ်ကိုကြီးလင်းက အရမ်း အံ့သြဖို့ကောင်းတာပဲ…” ဝမ်လု အပြုံးလေးဖြင့် ပြောလိုက်ပြီး “ ညီမဘေးနားမှာ ဘီလီယမ်နာကြီး တစ်ယောက်လုံး ရှိနေမှန်း သတိတောင် မထားမိဘူး…”

“ အရေးမပါတာတွေပါကွာ.... ဘာမှ
စိတ်လှုပ်ရှားနေစရာမလိုပါဘူး..” လင်းရီ ပြောလိုက်ပြီး
“ အစ်မရင်းကော ခုတလော
အခြေအနေဘယ်လိုလည်း...
အဆင်ပြေတယ်မလား...”

“ အွန်း အွန်း... မမက တော်တော်လေး
အဆင်ပြေနေတာ... စိတ်ပူမနေနဲ့...”

စားသောက်ပြီးနောက် ဝမ်လုတို့မှာ ထွက်ခွာရန်
အလျင်မလိုသေးပဲ ကျီချင်းရန် ရောက်လာသည့်
အချိန်အထိ လင်းရီ၏ အလုပ်များကို
ကူလုပ်ပေးခဲ့ကြ၏။

ကျောင်းဆင်းသည့် ညနေပိုင်း အချိန်သို့ ရောက်သည်နှင့်
တစ်ပြိုင်နက် ဆိုင်၏ စီးပွားရေးမှာလည်း
တစ်ဖန်အလုပ်များလာပြန်သည်။

သူမတို့၏ ဝင်ငွေမှာ တိုးပွားလာခဲ့သော်လည်း
ကျီချင်းရန် တစ်စုံတစ်ရာ ပျောက်ဆုံး နေသယောင်
ခံစားနေရ၏။ အနားယူရန် အချိန်မရှိတော့သည့် အပြင်
နှစ်ယောက်အတူ ကုန်ဆုံးနိုင်သည့်
သီးသန့်အချိန်တို့မှာလည်း
တဖြည်းဖြည်းနည်းပါးလာခဲ့လေသည်။

ယင်းက လင်းရီ ခေါ်ဝေါ်သည့် ဘဝ ဟူသည်
ဖြစ်ရပေမည်။ လူ့လောကကြီးမှာ အမြဲတမ်း
ရုန်းကန်လှုပ်ရှားခြင်း အလုပ်များနေရ၏။

မကြာမီ ညရှစ်နာရီ ထိုးတော့မည် ဖြစ်ပြီး
ဆိုင်ထဲတွင်လည်း ကတ်စတန်မာများ တစထက်တစ
နည်းပါးလာကာ အနည်းငယ်မျှသာ ကျန်ရှိတော့သည်။
အဘယ်ကြောင့်ဆိုသော် ဆိုင်ပိတ်တော့မည့်
အချိန်သည်ကား နီးကပ်လာသောကြောင့် ဖြစ်၏။

ယခု ရက်ပိုင်း ခပ်စိပ်စိပ်တွင် ကတ်စတန်မာ
အကျများသကဲ့သို့ ဆိုင်၏ ဝင်ငွေမှာလည်း
တိုးပွားလာသောကြောင့် ကျီချင်းရန် လင်းရီကို
မပင်ပန်းစေချင်ပေ။ ထို့ကြောင့် ဆိုင်ကို အချိန်တစ်ခု
သတ်မှတ်၍ ပိတ်လိုက်ရခြင်းဖြစ်၏။

[မစ်ရှင် ပြီးမြောက်သွားပါပြီ ]

[ဆုလဒ် : အတွေ့အကြုံမှတ် နှစ်သိန်း ]

[အလုပ်ပြီးမြောက်နှုန်း : ၆၀ ရာခိုင်နှုန်း ]

[ဆုလဒ် : ပြီးပြည့်စုံသည့် ရုပ်ခန္ဓာ ]

စိတ်ထဲရှိ အဆိုပါ အသိပေးသံက လင်းရီ လုပ်နေသည့် အလုပ်ကို ရပ်တန့်သွားစေသည်။

ယနေ့တွင် မစ်ရှင်ပြီးမြောက်လိမ့်မည် ဖြစ်ကြောင်း
လင်းရီ မျှော်မှန်းထားသော်လည်း
မျှော်မှန်းမထားသည်ကား ချီးမြှင့်လာသည့် ဆုလဒ်ပင်။

စနစ်၏ ဆုလဒ်မှာ တဖြည်းဖြည်း မျက်နှာများလာချေပြီ။ ယခင်ကကဲ့သို့ သူလိုအပ်သည်များကို ချီးမြင့်လေ့မရှိတောချေ။

လီတိုဂရပ်ဖီစက်နှင့် ဖုန်းစစ်စတမ်း ဖန်တီးမည့် ပရောဂျက်တို့မှာ ဖြည့်သလောက် မပြည့်နိုင်သည့် ရေတွင်းကြီးကဲ့သို့ဖြစ်ပြီး ငွေကို အဆက်မပြတ် ရေလိုသုံးနေရမည်ဖြစ်၏။

ငါ့ရဲ့ခန္ဓာကိုယ်က ဒီလောက်ထိ ကြံ့ခိုင်နေပြီကို ပိုက်ဆံပဲ ဆုချလိုက်တာ မကောင်းဘူးလား… ဒါကြီးက လိုမှ မလိုအပ်တာ….

လင်းရီ၏ အတွေးများကို ကြားနေရသည့် အလား စနစ်မှ စကား စလာခဲ့၏။

[ပြီးပြည့်စုံတဲ့ ရုပ်ခန္ဓာက ခန္ဓာကိုယ်ကို တစ်ဖက်သတ် အကျိုးရှိစေတာ မဟုတ်ပဲ အလုံးစုံ ပြီးပြည့်စုံစေမှာပါ...]

“ တကယ်ကြီးလား...”

လင်းရီ၏ ခန္ဓာကိုယ်မှာ အေးခဲသွားခဲ့၏။ စနစ်၏ ဆုလဒ်က သူ့စိတ်ကူးထဲက ဆုလဒ်နှင့် ကွဲပြားနေဟန်ပင်။

“ အဲ့တာက ငါ့ခန္ဓာကိုယ် လုပ်ဆောင်ချက်တွေကို ပြောင်းလဲပေးမယ်ဆိုတော့ အရိုးသိပ်သည်းဆေးလိုပဲ မလား...”

[ဟုတ်ပါတယ် ]

“ အဲ့ဒါဆို ပြီးပြည့်စုံတဲ့ ရုပခန္ဓာက ဘယ်လိုမျိုးတွေ ပြောင်းလဲလာပေးမှာ…”

[စနစ်ရှင်ရဲ့ ခန္ဓာကိုယ်ထဲက မသန့်စင်တဲ့ အညစ်အကြေးတွေကို ဖယ်ရှားပေးပြီးတော့ ပိုပြီးကျန်းမာတဲ့ လူတစ်ယောက်အသွင် ဖြစ်လာစေမှာပါ…]

“ခုလည်း ဒေါင်ဒေါင်မြည်နေတာပဲ မဟုတ်ဘူးလား… ပိုက်ဆံပဲ ပေးစမ်းပါကွာ….. အဲ့ဒီရဲ့ ပြီးပြည့်စုံတဲ့ ရုပ်ခန္ဓာလည်း မလိုချင်ဘူး… ငါပိုက်ဆံပဲ ရှာချင်တယ်…"

သို့သော် လင်းရီ စကားပြောပြောပြီးချင်း သူ၏
ခန္ဓာကိုယ်ရှိ ပြောင်းလဲမှုများကို စတင်ခံစားလိုက်ရ၏။

ပဲစေ့လောက်ရှိသည့် ချွေးတို့ နဖူးမှ အလုံးလိုက်
ကျဆင်းလာကာ ချွေးထုတ်ခန်းထဲမှ ယခုလေးတင်
ထွက်လာခဲ့သည့်နှယ် ဖြစ်နေတော့သည်။

ထိုချွေးတို့က လင်းရီကိုယ်ထဲရှိ မကောင်းသည့်
အညစ်အကြေးများ ဖြစ်လိမ့်မည်ဟု လင်းရီ
ခန့်မှန်းလိုက်၏။

အဘယ်ကြောင့် ဆိုသော် သူ၏ ခန္ဓာကိုယ်က
ယခင်ကထက် ပို၍ သွက်လက်လာကြောင်း
ခံစားမိနေပြီး အလုံးစုံသော

ပင်ကိုယ်အရည်အချင်းတို့မှာလည်း
တိုးပွားလာသည့်နှယ်ပင်။

ပြီးပြည့်စုံတဲ့ ရုပ်ခန္ဓာဆိုတာ ဒါလား…
ခံစားချက်ကတော့ မဆိုးပါဘူး…

“ စနစ်…ဒီဥစ္စာက မဆိုးဘူးပဲဟ…”

သို့သော်လည်း စနစ်မှာ ဘာမျှ မတုန့်မပြန်တော့ပဲ
အလိုအလျောက် ပျောက်ကွယ်သွားခဲ့တော့၏။

“ ဟေ့ ဘာလို့ အဲ့အတိုင်း ပြန်သွားတာ....
ရောက်တုန်းရောက်ခိုက်
ထမင်းစားသွားဦးလေ…ဘာလဲ… ခုနက

ပြောလိုက်တာကို စိတ်ဆိုးသွားတာလား....
အဲ့လောက်ကြီး မစိမ်းကားပါနဲ့ဟ...."

## အခန်း (၆၂၁)

## ငါလည်း လေ့ကျင့်ထားတယ်

လင်းရီ မိနစ်အနည်းငယ်ကြာအောင် စောင့်ဆိုင်းကြည့်ပါသော်လည်း စနစ်မှာ တုံ့ပြန်လာခြင်း မရှိသောကြောင့် လျစ်လျူရှုထားရန် ဆုံးဖြတ်လိုက်၏။

နောက်ထပ် မစ်ရှင်အတွက်ကတော့ လင်းရီ ဘာမျှ စိတ်ပူမနေပေ။ အတိတ်မှ အတွေ့အကြုံများအရ

သူတစ်ခုခု လုပ်နေစဉ်အတွင်း စနစ်မှ ရုတ်ချည်း တာဝန်ပေးလာပေမည်။

အင်း.. နည်းနည်းလေးတော့ ခက်တာပေါ့...

"ရီ... ဘာတွေ ငိုင်နေတာ..."ကျီချင်းရန် လင်းရီ မျက်နှာရှေ့လက်ချောင်းလေးများ ရမ်းလိုက်ပြီး "ပြီးပြီလေ.. ဆိုင်ပိတ်ပြီး အိမ်ပြန်ကြစို့..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "အင်း...သွားကြစို့..."

ပစ္စည်းများ သိမ်းဆည်းပြီးနောက် နှစ်ယောက်သား အိမ်အတူပြန်၍ တစ်နေ့တာကို အဆုံးသတ်လိုက်ကြလေသည်။

နောက်တစ်နေ့ နံနက် လင်းရီ ဆိုင်သို့ ရောက်လျှင်ရောက်ချင်း လျှန်ယူရွှယ်ထံမှ ဖုန်းခေါ်တိုလာခဲ့၏။

"နင် မနေ့က ငါပြောသွားတဲ့ အင်ကျီုဘေးရှင်းစင်တာအကြောင်း စဉ်းစားပြီးသွားပြီလား..."လျှန်ရူရွှယ် ပြောလိုက်ပြီး "အချိန်ရရင် ငါ ဒီနေ့ အားတော့ နင့်ကို လိုက်ပြပေးလို့ရတယ်နော်..."

"ကောင်းပြီလေ.. ဘယ်မှာ ဆုံကြမလဲ..."

"ငါ့အိမ်လာခဲ့..."လျှန်ရူရွှယ် ပြောလိုက်ပြီး "စကားမစပ် နင်အခု ဆိုင်မှာလား..."

"အင်း ... ဘာလို့လဲ..."

"ငါ့ကို ဥထမင်းကြော်တစ်ပွဲနဲ့ မုန်လာဥချဉ် တစ်ပွဲလောက် ပါဆယ်ဆွဲခဲ့စမ်းပါ... "လျှန်ရူရှယ် ပြောလိုက်ပြီး "ပြီးရင် ရှာရီ မောင်းလာခဲ့... ပြိုင်ကားတွေ မောင်းမလာခဲ့နဲ့..."

" ငါက ဒီနေ့ ဆိုင်ကို  လွိုင်ကန်နဲ့ လာခဲ့တာဟ နောက်ဖေးမှာ ရပ်ထားတဲ့ သုံးဘီးတော့ ရှိတယ်.. အဲ့တာ စီးမလား..."

"အာ..... အဲ့ဒါဆိုလည်း လွိုင်ကန်နဲ့ပဲ သွားကြတာပေါ့..."

လွန်ခဲ့သည့်ရက်မှ ရှက်ရွံ့မှုကို ပြန်လည်
စဉ်းစားမိသောအခါ လျှန်ရူရွယ် လွိုင်ကန်ကို
ရွေးချယ်ရန်သာ ဆုံးဖြတ်လိုက်လေသည်။

"အိုကေ.. အဲ့တာဆို အိမ်မှာ စောင့်နေလိုက်တော့..."

သို့နှင့် လင်းရီ ဥထမင်းကြော်တစ်ပွဲ လုပ်၍
မုန်လာဥချဉ်ကို အိတ်နှင့် သေချာထုပ်ကာ လျှန်ရူရွယ်၏
အိမ်သို့ ဦးတည်လိုက်သည်။

လျှန်ရူရွယ်မှာတော့ သူမ အိမ်နေဝတ်သည့်
ပေါ့ပေါ့ပါးပါး  ချည်ထည်လေးများကိုသာ
ဝတ်ဆင်ထားပြီး ရင့်ကျက်သည့်
အိမ်ထောင်ရှင်မတစ်ဦးအလားပင်။ သူမဘက်မှ နေ၍
မည်သူဖြစ်ကြောင်း အထောက်အထားကို ဦးစွာ

မဖော်ပြဘူးဆိုပါက မြင့်မားသည့် ရာထူးတစ်ခုရှိကြောင်း မည်သူမျှ တွေးမိလိမ့်မည် မဟုတ်ချေ။

"ဟဲ့..ငါမှာတာ ပါခဲ့လား.. မနေ့ည အစည်းအဝေးက ကိုးနာရီလောက်မှ ပြီးသွားတာနဲ့ ဘာမှတောင် မစားလိုက်ရဘူး... "

"ရော့ ရော့..."လင်းရီ ဉထမင်းကြော် ပါဆယ်ထုပ်ကို ကမ်းပေးလိုက်၏။

"မဆိုးဘူး မဆိုးဘူး... ခုထိ ပူနေသေးတုန်းပဲ.. မဟုတ်လို့ကတော့ ပြန်နွှေးရတော့မှာ..."

"ဒါပေါ့..နွေးအောင် ဆိုပြီး ငါ့ အတွင်းဘောင်းဘီထဲ ထည့်လာခဲ့ပေးတာလေ... ငါ့ဘောင်းဘီရဲ့အပူချိန်က ခု အဲ့ဘူးနဲ့ အတူတူပဲ.... "

"တော်စမ်းပါ..."

လင်းရီ၏ ပေါက်တတ်ကရများကို လျစ်လျူရှုလိုက်ပြီး သူမ လက်ထဲရှိ ဘူးကိုယူ၍ မနက်စာစားရန် ဟန်ပြင်လိုက်တော့၏။

"ကောင်းလိုက်တာ ...နင် ဒီထမင်းကြော်ကို ဘယ်လိုချက်ထားတာ...."သူမ၏ လှပသည့် ပုံရိပ်ကိုပင် ဂရုမစိုက်၊အီသီယိုးပီးယားမှ ရောက်လာသည့်နှယ် ဇွန်းကြီးကြီးခပ်၍ အားပါးတရ စားရင်း မေးလိုက်၏။

"လက်နဲ့လေ..."

ပြောရင်းဖြင့် လင်းရီ ရေခဲသေတ္တာ ဖွင့်လိုက်သောအခါ
"ဟော့.. ဘာလို့ စတော်ကင်တွေကို ရေခဲသေတ္တာထဲ
ထည့်ထားပြန်တာ.. မင်း လူကို တမင်တကာ
ရေမသောက်စေချင်လို့ လုပ်နေတာလား..."

လျှန်ရှူရှယ်၏ အမူအရာမှာ အုံ့ဆိုင်းသွားခဲ့ပြီး
"ကရားအိုးထဲမှာ ရေအေးရှိတယ်... ငါ့ဖို့လည်း
တစ်ခွက်လောက်...."

လင်းရီ ဖန်ခွက် နှစ်ခွက်ထဲသို့ ရေဖြည့်လိုက်ပြီး သူအရင်
တစ်ခွက်သောက်ကာ ကျန်တစ်ခွက်ကို လျှန်ရှူရှယ်အနား
ချပေးလိုက်၏။

"နေရာက အကုန်လုံး အဆင်သင့်ပဲမလား..."

လျှန်ရှူရှယ် ခေါင်းညိမ့်လိုက်ပြီး "အဲ့နေရာက တည်ဆောက်ထားတာကြာပြီဆိုပေမယ့် တရားဝင်တော့ ခွင့်မပြုရသေးဘူး.. အဲ့ဒီ ဥပဒေကြောင့်မို့လို့ နိုင်ငံပိုင် ဖြစ်နေတုန်းပဲ..ခု အစီအစဉ်တွေချမှတ်ထားပြီး အခွင့်အရေးလည်း ရလာပြီဆိုတော့ တရားဝင် လုပ်ဆောင်ဖို့ပဲ ကျန်တယ်... မနေ့က အစည်းအဝေးမှာလည်း အဲ့အကြောင်းတွေ ဆွေးနွေးနေတာလေ.."

"ရလဒ်က ..."လင်းရှီ မေးလိုက်၏။

"စင်တာကို တစ်ဦးတည်းပိုင်အဖြစ် လွှဲပြောင်းထားလိုက်မှာ..."လျှန်ရှူရှယ် ပြောလိုက်ပြီး

"အဲ့ဒီ အဆောက်အဦးကို နင့်ကို အနှစ် ၂၀ အလကားပေးထားမှာ... အဲ့ကာလအတွင်း အဆောက်အဦးဆီကနေ ရသမျှ အမြတ်တွေကုန်လုံး နင့်အပိုင်ပဲ.. တစ်ခုတည်းသော လိုအပ်ချက်က စာချုပ်ချုပ်ဆိုတဲ့ ကုမ္ပဏီတွေဟာ နည်းပညာ ကုမ္ပဏီတွေပဲ ဖြစ်ရမယ်...."

"တကယ်... အကျိုးအမြတ်တွေ အကုန်လုံး ငါ့အိတ်ထဲပဲ ဝင်လာမှာပေါ့..."

အစကတော့ အထက်ကြီးပိုင်းများမှ သူ့ကို အသုံးပြုခွင့်သာ ပေးထားသည် ထင်သော်လည်း အကျိုးအမြတ်ကိုပါ ပေးလိမ့်မည်လို့ မျှော်လင့်မထားချေ။

"အွန်း.. နင့်ကို ဆုချတာလေ..."လျှန်ရူရှယ် ပြောလိုက်ပြီး "ဘာပဲဆိုဆို နင် နိုင်ငံအတွက် ယူဆောင်လာခဲ့ပေးတဲ့ အကျိုးအမြတ်တွေက အဲ့ဒီအဆောက်အဦးထက်တောင် ပိုပြီးတော့ တန်ဖိုးရှိသေးတယ်... နောက်ပြီးတော့ နင် ငှားယမ်းခတွေကိုလည်း လျော့ချလို့ ရတယ်.. တစ်ခုတည်း ကုန်ကျမယ့်ဟာက နင့်ရဲ့ စစ်စတမ်အသစ်အတွက် အက်ပ်တွေပဲ.. ဒါပေမယ့် အဲ့တာကလည်း ငါ့အမြင်သပ်သပ်ပါပဲ.. ဘယ်လိုလုပ်မယ်ဆိုတာကတော့ နင့်ဘာနင် ဆုံးဖြတ်...."

"အဲ့ဒီ အကြံကောင်းတယ်... ဥပဒေ ကင်းလွတ်ခွင့်ပေးတယ် ဆိုတော့ မယူရင် ဘယ်ကောင်းမှာ...."

"အွန်း ငါပြောချင်တာလည်း အဲ့တာပဲလေ..."

သူမ နံနက်စာကို ကျေနပ်စွာဖြင့် လက်စသတ်ပြီးနောက် လျှန်ရှုရှယ် အိပ်ခန်းသို့ ပြန်ကာ အဝတ်စားလဲလေသည်။ ပြန်ထွက်လာသည့် အခါတွင်တော့ လင်းရီကို ရှော့ခ်ရသွားစေခဲ့တော့၏။

သူမမှာ အဖြူရောင် ဆွယ်တာနှင့် ဖြူဖွေးသည့် ခြေကျင်းဝတ်များကို လှစ်ဟာပြထားသည့် အပြာရောင်ပန်ကို ဝတ်ဆင်ထားပြီး ဆံပင်ကိုပင်

တက္ကသိုလ် ကျောင်းသူလေးကဲ့သို့ မြင်းမြီးပုံစံ ချည်နှောင်ထားလိုက်သေးသည်။

"ဘာလို့ အဲ့လို ကြည့်နေတာ.. တို့က အရမ်း လှနေလို့များလား..."လျန်ရှုရှယ် ဆံပင်ကို ခါရင်း မေးလိုက်၏။

"မင်းက အသက်သုံးဆယ်ရုပ်ပေါက်တယ်ဆိုပေမယ့် ဘာလို့ အဲ့လိုကြီး ဝတ်စားပြီးတော့ ငယ်တဲ့ အသွင် ဖမ်းနေတာ..."

"ဘာပြောလိုက်တယ်...."လျန်ရှုရှယ် ကျွဲမြီးတိုသွားခဲ့ပြီး "ငါက သုံးဆယ်တည်းဟဲ့.. သုံးဆယ် အရွယ်ပေါက်နေတာ မဟုတ်ဘူး..."

"ငါဆိုလိုတာက အဲ့လို ဝတ်စားတဲ့ ပုံစံကြီးက မင်းရဲ့ အဆင့်အတန်းနဲ့ မကိုက်ညီဘူးလို့ ပြောချင်တာ..."

"ငါက အစိုးရ အရာရှိလေ.. နင်လို ကုမ္ပဏီဘော့စ်နဲ့ အပြင်သွားမယ်ဆိုတာက ပိုပြီးတောင် မသင့်လျော်ဘူး... "

ပြောရင်းဖြင့် လျန်ရူရှယ် နေကာမျက်မှန်နှင့် လျှာထုတ်ဦးထုပ်ဆောင်းကာ ကိုးရီးယား ဒရာမာကားများ ထဲကကဲ့သို့ ရုပ်ဖျက်ခြင်း ပြီးဆုံးသွားခဲ့၏။

သို့သော်လည်း လင်းရီအမြင်တွင်တော့ မံမီကြီးနှင့် တူနေလေသည်။

"သွားစို့.. ငါနင့်ကို လိုက်ပြပေးမယ်..."အိမ်ထဲမှ ထွက်လာပြီးနောက် နှစ်ယောက်သား ကားထဲသို့ ဝင်လိုက်ကြ၏။ လင်းရီက ဒရိုင်ဘာခုံတွင်ထိုင်ကာ လျှန်ရှူရွယ် ပြောသည့် အတိုင်း မောင်းနှင်လာရင်း အသစ်တည်ထောင်ထားသည့် အင်ကျူဘေးရှင်း စင်တာသို့ ရောက်ရှိလာခဲ့၏။

တည်နေရာကတော့ ၁၉၀၊ နန်ပင်း လမ်းပင်။

လင်းရီ Didi ပြေးစဉ်က ယခုနေရာ ဝန်းကျင်သို့ ရောက်ခဲ့ဖူးသော်လည်း ပတ်ဝန်းကျင်ကိုတော့ သိပ်သတိမမူမိပေ။

နှစ်ယောက်သား နေရာလွတ်တစ်နေရာတွင် ကားပါကင်ထိုးလိုက်ကြ၏။ ယခု နေရာမှနေ၍ လင်းရီ

မလှမ်းမကမ်းရှိ အထပ်လေးဆယ်မြင့်
အဆောက်အအုံကြီးကို လှမ်းမြင်နေရလေသည်။

"နေရာကတော့ မဆိုးဘူးပဲ.. လင်းယွမ်
အဆောက်အဦးလောက် မကောင်းဘူးဆိုပေမယ့်
အဲ့လောက် နီးနီးတော့ရှိတယ်..."

"ကျိုးဟိုင်ကို မပြောနဲ့ဦး.. ဟွာရှ တစ်ခုလုံးမှာတောင်
နင့်လင်းယွမ် အဆောက်အဦးနဲ့ ယှဉ်နိုင်တဲ့
အဆောက်အဦး ရှိသေးလို့လား..."လျန်ရှူရွှယ်
စောဒကတက်လိုက်ပြီး "နင်ကလည်း လူတစ်မျိုးပဲ..
တစ်ခါတစ်လေ အရမ်းကို ဝင့်ကြွားပြီးတော့
တစ်ခါတစ်လေကျတော့လည်း အရမ်းကို
သိုသိပ်လွန်းတယ်..."

"လင်းယွမ်အုပ်စုကို ဝယ်ဖို့ ၁၈ ဘီလီယမ်လောက်ပဲ ကုန်သွားတာပါကွာ... အများကြီး မဟုတ်ပါဘူး..."

လင်းရီ လျှန်ရှုရှယ်၏ ပခုံးကို လေးနက်စွာ ပုတ်လိုက်ပြီး "မြို့တော်ဝန်လျှန် .. မင်းရဲ့အမြင်တွေက ပိတ်ဆို့ပြီးတော့ ကျဉ်းမြောင်းနေတာပဲ.. ဒီပုံစံ အတိုင်းဆိုရင် အနာဂတ်ကျ ကြီးကြီးမားမား စွမ်းဆောင်နိုင်မယ့် လမ်းမမြင်ဘူး..."

"ငါ့ကို စော်ကားမနေနဲ့.."လျှန်ရှုရှယ် ပြောလိုက်ပြီး "အရင်ဆုံး အထဲသွားကြည့်ကြမယ်..."

နှစ်ယောက်သား ဘေးချင်းကပ် လမ်းလျှောက်လိုက်ပြီး ရှင်းလော်မြို့ထဲရှိ ရုံးခန်း အဆောက်အဦးထံသို့ ဦးတည်လိုက်ကြလေသည်။

"ငါ ဘာလို့ ငါတို့ နှစ်ယောက်က ချိန်းတွေ့နေတယ်လို့ ခံစားနေရတာ..အမ်.. ပြီးတော့ ငါ့စိတ်ထဲ ငါတို့နှစ်ယောက်က လက်ထပ်ပြီးသားတွေဆိုပြီး ဘာလို့ ထင်နေရတာ... "

"ကောင်စုတ်ကတော့ လုပ်မိတော့မယ်.. ပေါက်တတ်ကရတွေ မပြောနဲ့ .. မြန်မြန်လျှောက်..."

အတွင်းပိုင်း အပြင်အဆင်ကတော့ လင်းရီ စိတ်ကူးယဉ်ထားသကဲ့သို့ ဆန်းပြားမနေပဲ ပို၍ ရိုးရှင်းစွာဖြင့်လက်တွေ့ကျ၏။ ဒီဇိုင်းပိုင်းတွင်လည်း

မဆိုးလှပဲ ကောင်းမွန်သည့် ခံစားချက်များကို ပေးစွမ်းနေလေသည်။

ထို့ပြင် လိုအပ်သည့် ပစ္စည်းများအားလုံးလည်း ရှိနှင့်ပြီးဖြစ်သောကြောင့် အရပ်စကားနှင့် ပြောရလျှင်တော့ လူဝင်နေရုံပင်။

လင်းရီ လိုက်ပတ်ကြည့်ရှုရင်းဖြင့် ၎င်းတို့နည်းတူ လူတစ်ချို့ကို မြင်တော့ အံ့အားသင့်သွားခဲ့၏။

"ဒီလူတွေက ဘာလဲလာလုပ်တာ..."

"သူတို့လည်း သတင်းကြားပြီးတော့ နေရာလာကြည့်တာ နေမှာ..."

"ဟိုက်ရှားပါး.. သူတို့ရဲ့ သတင်းကွန်ရက်က
အဲ့လောက်တောင် ကောင်းလားဟ..."

"တစ်ချို့တစ်လေကျတော့ စီးပွားရေး အမြင်ရှိတယ်...
ကျိုးဟိုင်မှာ စွန့်ဦးတီထွင် လုပ်ငန်းရှင်တွေက
မပြတ်လပ်တော့ လှုပ်ရှားမှုရှိတာနဲ့ လူတိုင်းက
အဲ့ကိစ္စကို သိကြမှာပဲ..."လျန်ရူရွှယ် ပြောလိုက်ပြီး
"မနေ့ညက လိုပေါ့... ငါတို့ ကုမ္ပဏီကို
လွှဲပြောင်းပေးတော့မယ် ဆိုတဲ့ သတင်းတောင်
အပြင်မှာ ပျံ့နေလောက်ပြီ... ဒီတော့
ဗွားခလျော့ချတာတွေ မျှော်လင့်ထားပြီးသား..
အဲ့ဒါကြောင့်မို့ ကြိုတင်ပြီး နေရာလာကြည့်နေကြတာ
မဆန်းပါဘူး..."

"ဘယ်လိုတောင် ဝီရိယ ရှိလိုက်တဲ့ ကောင်တွေပါလိမ့်..."

"နင်ကကော... အရင်ကထက် ပိုပြီး ပျင်းရိလာတယ်လို့ မခံစားမိဘူးလား.."လျှန်ရှူရှယ် ပြုံးလိုက်ပြီး "နင်က ဘီလီယမ်နာ ဖြစ်လာပြီးတော့ အရင်လောက် အားမထုတ်တော့သလိုပဲ..."

လင်းရီ ကူကယ်ရာမဲ့စွာဖြင့် ပခုံးတွန့်လိုက်ပြီး "ကြိုးစားတယ်....အဲ့စကားလုံးက ငါ့အဘိဓာန်မှာ မရှိသေးဘူး... ငါက ဘာအားထုတ်မှုမှ မရှိပဲနဲ့ ဒီတိုင်း ပြီးစလွယ် အောင်မြင်လာတာလေ..."

လျှန်ရှူရှယ် "...."

"နင်ကလေ... စကားမပြောတာ အကောင်းဆုံးပဲ..
ဒါပေမယ့် စကားပြောပြီ ဆိုတာနဲ့ လူကို
ရိုက်နှက်ချင်လာအောင် လုပ်ပေးနေသလိုပဲ..."

"ဟားဟား... မနာလိုနေတာလား.. အလှလေးလျှန်...
အဲ့ဒီအတွေးတွေက အရမ်း အန္တရာယ်များတယ်နော်..."

"ငါ့ဖျင်ကြီးပဲ အန္တရာယ် များနေလိုက်..."

လျှန်ရှူရှယ် လင်းရှီ၏ ခါးကို ဆွဲစိတ်လိုက်ပြီး "အလုပ်ထဲ
အာရုံစိုက်ထား..."

"ဟေး.. ဘာလို့ ငါ့လာဆိတ်နေတာ..."လင်းရှီ
ထူးမခြားနားစွာ ပြောလိုက်ပြီး "မင်းရဲ့
ကိုယ်လုံးသေးသေးလေးနဲ့ ငါ့ရှေ့မှာ ရှိုးမပြတာ

ကောင်းမယ်နော်... သေနတ်မပါတဲ့ အချိန်မှာ
နိမ့်နိမ့်ချချနေတာက အကောင်းဆုံးပဲ..."

"ငါက အဲ့လို လက်နက်တွေပဲ အားကိုးတယ်
ထင်နေတာလား..."လျန်ရှူရှယ် ပြောလိုက်ပြီး
"ဘောက်စင်လည်း သင်ထားသေးတယ်..ငါ့ လာပြီး
လျော့မတွက်နဲ့..."

လင်းရီ ရုတ်တရက် သူ ပင်းချန်ကျောင်းတွင် ရှိစဉ်က
လျန်ရှူရှယ်၏ အမှတ်မထင် ပညာပေးခြင်း
ခံလိုက်ရသည့် မြင်ကွင်းကို ပြန်အမှတ်ရသွားခဲ့၏။
သူမလည်း စကေးတစ်ချို့ လေ့ကျင့်ထားသည့် ပုံပင်။

"လေ့ကျင့်ထားတယ်ဆိုရင်တောင်မှ မင်းက မိန်းကလေး
ဖြစ်နေတုန်းပဲလေ..."

ယင်း စကားလုံးများက လျှန်ရှူရှယ် အနည်းငယ် မကျေမနပ် ဖြစ်သွားခဲ့၏။ သူမ ရုတ်ချည်း လှည့်လာခဲ့ပြီး လင်းရီ၏ လက်မောင်းကို ဆွဲကာ ပခုံးထက်သို့ တင်၍ ကိုင်ပေါက်ပြီး သူမ၏ ခွန်အားအကြောင်း ကောင်းကောင်းမှတ်မိသွားအောင် သင်ပြပေးရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း အားအင်အပြည့်ဖြင့် လက်မောင်းကို ဆွဲလိုက်သည့် အချိန်တွင်ပဲ တစ်ခုခုမှားနေကြောင်း သတိထားမိသွားခဲ့သည်။

လင်းရီ၏ ခန္ဓာကိုယ်မှာ မြေပြင်တွင် အမြစ်တွယ်ထားသကဲ့သို့ တုတ်တုတ်မျှ မလှုပ်ချေ။ သူမ

အားမည်မျှပင် စိုက်ထုတ်ပါစေ လုံး၀ မရွေ့နိုင် ဖြစ်နေလေသည်။

"ဟမ်.. နင့်ရဲ့အောက်ပိုင်းက ဘာလို့အဲ့လောက်တောင် သန်မာနေတာ..."လျှန်ရှူရှယ် အံ့အားသင့်နေသည့် လေသံဖြင့် မေးလိုက်၏။

**အခန်း (၆၂)**

**သူတို့နှစ်ယောက်က မရိုးမသား လုပ်နေတာ သေချာတယ်**

သူမ၏ အပြုအမူက အတော်လေး ရယ်စရာကောင်းနေလေသည်။

လင်းရီ သူ၏ ရယ်မောချင်စိတ်ကို မျိုသိပ်ရင်း ပြုံးစစ မေးလိုက်၏။ “ မင်း အဲ့တာ ဘာလုပ်နေတာ…”

လျှန်ရှူရှယ်၏ အမူအရာမှာ ကိုးရိုးကားယား ဖြစ်သွားခဲ့သည်။ ယခုလို ကိုင်ပေါက်သည့် အကွက်မှာ သူမ ကြိမ်ဖန်များစွာ လေ့ကျင့်ထားသည့် အကွက်ဖြစ်ပြီး သူမ၏ စကေးများမှာ လင်းရီလောက် မကောင်းမွန်သော်လည်း ယခုလို လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည့် အချိန်တွင်တော့ အောင်မြင်နိုင်ဖို့ အခွင့်အရေးက အရမ်းများ၏။ သို့သော်လည်း လင်းရီကဲ့သို့ သန်မာသူမျိုးနှင့် ဆုံတွေ့ရသည်ကတော့ သူမ၏ ပထမဆုံးအကြိမ်ပင်။

ဒီကောင်က ဘယ်လိုကောင်ပါလိမ့်….

အား…

လင်းရီ လျှန်ရှူရှယ်၏ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။ ရုတ်တရက်ဆိုတော့ တစ်ဖက်သူမှာ ထိတ်လန့်သွားဟန်ပင်။ လင်းရီ သူမကို နံရံနှင့် ကပ်ပြီး ကိုးရီးယား ဒရာမာ ထဲကကဲ့သို့ သေးသွယ်သည့် ကိုယ်လုံးလေးကို လက်မောင်းနှစ်ခုဖြင့် ကန့်သတ်ထားလိုက်၏။ လျှန်ရှူရှယ် မည်သို့မျှ လှုပ်၍မရတော့။

“ မြန်မြန်.. ငါ့ကိုလွှတ်လို့…” လျှန်ရှူရှယ် ရှက်ရွံ့စွာဖြင့် မျက်လုံးစုံမှိတ် အော်ဟစ်လိုက်၏။ လင်းရီ၏ ကိုယ်မှာ သူမနှင့် အတော်လေး နီးကပ်နေလေပြီ။

လင်းရီ သူမ အနားသို့ ဖြည်းဖြည်းချင်း ချဉ်းကပ်လာပြီး နားအနား တိုးကပ်၍ လေသံတိုးတိုးလေးပြောလိုက်၏။

“ ရှုန်းကြည့်လေ.... မင်းဘယ်လောက်ထိ ရုန်းနိုင်မလဲ ငါကြည့်စမ်းမယ်....”

လင်းရီ၏ နှုတ်ခမ်းထက်မှ နွေးထွေးသည့် အငွေ့အသက်ကိုရတော့ လျှန်ရှုရှယ် ရင်ထဲ ကဆုန်စိုင်း၍ ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေသွားတော့မတတ် ဖြစ်သွားခဲ့၏။

ယခုလို ပုံစံမှာ တစ်ဖက်သူ၏ ရမ္မက်စိတ်ကို တစ်မျိုးတစ်ဖုံဖြင့် နိုးကြွစေပြီး အတွေ့အကြုံ မရှိသေးသူ လျှန်ရှုရှယ်အဖို့တော့ အင်မတန်ချုပ်ထိန်း မရဖြစ်လာလေသည်။ မကြာမီ သူမ ကျားခံတွင်းဝသို့

ကျရောက်၍ ပြုသမျှ နုရတော့မည့် သိုးငယ်လေး တစ်ကောင်အသွင်သို့ ဖြစ်လာခဲ့၏။

" နင် နင် ...ပေါက်တတ်ကရတွေ လျှောက်လုပ်မနေနဲ့... သူများတွေ မြင်ကုန်လိမ့်မယ်...."

သူမ အားအင် ဖျစ်ညစ်၍ ထိုစကားလုံးများကို အော်ပြောလိုက်သည်။

" ဒါက ထိပ်ဆုံးထပ်... ဘယ်သူမှ မရှိဘူး..."

" ရှောင်ဝမ် ... ငါ့အဖေဆီကကြားတာတော့ အထက်ကြီးပိုင်းတွေက ဒီရဲ့နေရာကို လုပ်ခလစာမြင့် စက်မှုဇုန်စင်တာအဖြစ် ပြောင်းတော့မှာ... မြို့ကလည်း

အစည်းအဝေး ထိုင်ပြီးပြီဆိုတော့ မကြာခင် ဒီစင်တာက ပိုင်ဆိုင်သူ ရှိလာတော့မှာ...”

ထိုအသံကိုကြားတော့ လင်းရီနှင့် လျန်ရှူရွယ်တို့မှာ အံ့အားသင့်သွားခဲ့ကြပြီး သူတို့ လုပ်လက်စ အလုပ်ကို ရပ်လိုက်ကြ၏။

ယခုလိုမြင်ကွင်းအား အခြားသူများကို မြင်တွေ့ခွင့် မပြုနိုင်ပေ။

လျန်ရှူရွယ် လင်းရီကို စိတ်ဆိုးစွာ ဆွဲစိတ်လိုက်ပြီး “ ကောင်စုတ်...ငါ တုံ့ပြန်တာ မြန်လို့ပေါ့... သူများတွေသာ မြင်သွားလို့ကတော့ ငါတော့ ဆုံးပါပြီ...”

“ မြင်တော့ကော ဘာဖြစ်လဲ… ငါတို့အားလုံးက အရွယ်ရောက်ပြီးတဲ့သူတွေပဲ မဟုတ်ဘူးလား… သူတို့ နားလည်ပေးရမှာပေါ့….”

“ နင့်ဖင်ကြီးပဲ နားလည်ပေးလိမ့်မယ်….”

သို့သော်လည်း တစ်ယောက်ယောက် လာနေသည်ကို မြင်သောကြောင့် လျှန်ရူရွယ် ကမန်းကတမ်း သူမ၏ ကိုယ်နေဟန်ထားကို တည်ငြိမ်အောင် လုပ်လိုက်ပြီး

“ နင် နေရာရွေးပြီးသွားပြီလား…”

“ အင်း…”

“ ငါတော့ ဒီထိပ်ဆုံးထပ်က အတော်လေး မဆိုးဘူးလို့တော့ ထင်တာပဲ..” လင်းရီ လျှန်ရှူရှယ်ကို ဆက်လက် မစနောက်တော့ပဲ သူ၏ အတွေးများကို ထုတ်ဖော်လိုက်၏။

မူလကတော့  လင်းရီ လုံရှင်းနှင့် Sci-tech ကို အများပိုင်အဖြစ် ကြေညာပြီးနောက် ကုမ္ပဏီလိပ်စာကို လင်းယွမ်အဆောက်အဦးတွင် သတ်မှတ်ရန် စီစဉ်ထားခဲ့သော်လည်း ယခုတော့ အဆောက်အအုံမှာ သူ၏ အပိုင်ဖြစ်လာသောကြောင့် ယခုနေရာတွင် ကုမ္ပဏီအသစ် တည်ရန်မှာလည်း သိပ်ဆိုးဝါးသည့် အကြံဉာဏ်တော့ မဟုတ်ချေ။

“ နင် ဆိုးဖြတ်ပေါ့… ဘယ်နေရာပဲ ရွှေးရွှေး အတူတူပါပဲ.. ငါက နင့်ကို လုပ်ထုံးလုပ်နည်း ကိစ္စတွေ အားလုံး ကူညီပေးသွားမှာ…”

“ အင်း….. အဲ့တာဆို အတည်ပြုလိုက်ပြီ…”

လင်းရီအတွက်တော့ ထိပ်ဆုံးထပ်တွင် ရပ်နေရသည်က ကောင်းသည့် လက္ခဏာဖြစ်သော်လည်း မည်သည့် အထပ် ဆိုတာနှင့် စပ်လျဉ်း၍ကတော့ တယူသန်မနေခဲ့ချေ။

“ ဟော့… ညီကို…”

နှစ်ယောက် ထွက်ခွာတော့မည့် အချိန်တွင်
နောက်ကျောဘက်မှ မျှော်လင့်မထားသည့်
လှမ်းခေါ်သံကို ကြားလိုက်ရ၏။

ထိုသူများကတော့ ယခုလေးတင် ထိပ်ဆုံးထပ်သို့
တက်လာခဲ့ကြသည့် လူလေးယောက်ပင်။ အမျိုးသား
နှစ်ယောက်နှင့် အမျိုးသမီး နှစ်ယောက်တို့ ပါရှိပြီး
အမျိုးတစ်ဦးမှလွဲ၍ ကျန်သူများမှာ လျန်ရှုရွှယ်ကဲ့သို့
သာမန် အဝတ်အစားများကိုသာ
ဝတ်ဆင်ထားကြလေသည်။

ဦးဆောင်လာသူ အမျိုးသားမှာ ခေတ်စားနေသည့်
ဖက်ရှင်အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဆံပင်ကို
အကြောတွန့် တွန့်ထားကာ ပွဖောင်းဖောင်း တီရှပ်

အနက်ရောင်နှင့် ငွေဆွဲကြိုးကုံး အတုတ်ကြီးကိုလည်း ဆွဲထားသေး၏။ AJ1 ဖြင့် မိမိုက်နေသည့် ခေတ်မှီလူငယ်လေးတစ်ဦးပင်။

သို့သော်လည်း အနီလေးယောက်ထဲတွင် မျက်စိ အဖမ်းစားနိုင်ဆုံးကတော့ ထိုလူငယ် နံဘေးတွင် ရပ်နေသည့် အမျိုးသမီးလေးဖြစ်၏။ သူမက လျှန်ရှူရှယ်ကဲ့သို့ လျှာထုပ်ဦးထုပ်ကို ဆောင်းထားပြီး ရှည်လျားသည့် ဆံနွယ်တို့က ပခုံးပေါ် ချထားကာ ဂျင်းအနက်နှင့် ဘွတ်ဖိနပ်တို့က သူမ၏ ရှည်သွယ်သည့် ခြေထောက်များပေါ်တွင် ပေါ်လွင်ထင်ရှားနေလေသည်။

သေချာကြည့်ကြည့်ပါက အဆိုပါ မက်မောစရာ ပေါင်တံ နှစ်ချောင်းကပင် ဆက်စီကျကျ ၊ အနက်ရောင်

ကျစ်ကျစ်လျစ်လျစ်၊ စွင့်စွင့်ကားကားနှင့် စွဲမက်စရာကြီးဖြစ်၏။

အမျိုးသား နာမည်ကတော့ ကျိုးဇီဖြစ်ပြီး အမျိုးသမီး၏ နာမည်ကတော့ ရှီးဝမ်ပင်။ ကျန်နှစ်ယောက်ကတော့ ဟန်ဖေး၊ ဝမ်ကျိန်းတို့ ဖြစ်ကြပြီး လေးယောက်လုံးက ကျိုးဟိုင် နည်းပညာတက္ကသိုလ်ကျောင်းသားများ ဖြစ်ကြကာ မာစတာဘွဲ့ရများဖြစ်ကြလေသည်။

ရှီးဝမ်မူကား ကြည့်ကောင်းသူ အမျိုးသမီးလေးဖြစ်ပြီး ယခုလို လုံးကိတ်သည့် ခန္ဓာကိုယ်မျိုး ပိုင်ဆိုင်နိုင်ရန် gym တွင် နှစ်အတော်ကြာ ကြိုးပမ်းခဲ့ရ၏။

ကျိုးဇီကတော့ မိသားစု အဆက်အသွယ်ဖြင့် မာစတာဘွဲ့ရထားသူပင်။ မည်သို့ပင်ဆိုစေ

ကျိုးဟိုင်နည်းပညာ တက္ကသိုလ်မှာ သာမန် 211 တက္ကသိုလ်လေး တစ်ခုသာဖြစ်သောကြောင့် ဘွဲ့တစ်ခု ရရန်က ဘယ်လောက်မျှ မပေးရချေ။

သို့သော်လည်း ကျိုးဇီနှင့် မတူညီစွာ ရှီးဝမ်ကမူ မာစတာဘွဲ့ ဒုတိယနှစ်ကပင် သူမ၏ စာတမ်းကို ကြိုတင်ပြင်ဆင်ပြီး SCI ဂျာနယ်တွင်ပင် ထည့်သွင်းဖော်ပြခြင်း ခံခဲ့ရ၏။ ကျောင်း၏ ပံ့ပိုးကူညီမှုနှင့်အတူ စွန့်ဦးတီထွင် လုပ်ငန်းရှင် တစ်ယောက်၏ လမ်းကြောင်းပေါ်သို့ တက်လှမ်းလာခဲ့ပြီး အောင်မြင်မှု တစ်ချို့ရရှိရန် ကြိုးပမ်းနေသူလေးပင်။ ထို့ကြောင့် အနာဂတ်တွင် ပိုကောင်းသည့် အလားအလာတို့နှင့် တရားဝင်ကုမ္ပဏီတစ်ခု တည်ထောင်နိုင်ရန်အတွက်

ယခု အဆောက်အအုံတွင် နေရာထိုင်ခင်း
လာကြည့်နေရခြင်းဖြစ်၏။

" ငါ့ကို ပြောနေတာလား…"

လင်းရီ၏ အမူအရာမှာ အေးစက်စက်ဖြစ်နေသည်။

အဆိုပါ သာသနာဖျက်များကြောင့်သာ မဟုတ်ပါက
လင်းရီနှင့် လျန်ရှုရှယ်တို့ တစ်စခန်း သွားနိုင်သော်လည်း
အဆိုပါ ရနိုင်ခဲလှသည့် အခွင့်အရေးမှာ
ထိုတစ်သိုက်ကြောင့် လက်လွှတ်ဆုံးရှုံးလိုက်ရ၏။
ထို့ကြောင့်ပင် သူ အတော်လေး စိတ်လက်မကြည်မသာ
ဖြစ်နေလေသည်။

“ ငါမေးချင်တာ မင်းလည်း ဒီမှာ ရုံးခန်းငှားဖို့ ရောက်လာတာလား…”

လင်းရှိ ခေါင်းညိမ့်လိုက်သည်။ “ ဘာလဲ ဖြစ်လို့..”

“ အမှန်အတိုင်းပြောရရင် ငါတို့လည်း ဒီမှာ ကုမ္ပဏီ ရုံးစိုက်မလို့… သီးခြားလေ့လာပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မနှောင့်ယှက်ကြတာပေါ့…” ကျိုးဇီ ပြောလိုက်သည်။

“ အဲ့လိုလုပ်ဖို့ လိုမယ်မထင်ဘူး… ငါက ဒီတစ်ထပ်လုံးကို ယူပြီးသွားပြီ.. မင်းတို့ကောင်တွေ လိုချင်ရင် တခြား အထပ် သွားကြည့်ကြ…”

သူက တစ်ထပ်လုံး ယူလိုက်ပြီလား…

ဘယ်လောက်ကြီးတဲ့ ကုမ္ပဏီမို့လို့တုန်းဟ.....

လင်းရီနှင့် လျန်ရှူရွှယ်တို့ ကျိုးဇီတို့ကို လျစ်လျူရှုလိုက်ပြီး တခြား နေရာများသို့ ဆက်လက် ကြည့်ရှုနေလိုက်ကြ၏။

အကယ်၍ တစ်ခုခု အလိုမကျစရာများ တွေ့သည်နှင့် လိုအပ်သည့် ပြောင်းလဲမှုများကို ပြုရပေမည်။

အချုပ်အားဖြင့်ဆိုသော် ယခုအချိန်မှစ၍ ဤအဆောက်အဦးမှာ လင်းရီ၏ ပိုင်နက် ဖြစ်သွားချေပြီ။ ထို့ကြောင့် သူ့စိတ်ကျ ပြုမည်ဖြစ်၏။

လင်းရီတို့ ထွက်ခွာသွားခဲ့သည်ကိုမြင်တော့ ကျိုးဇီ နှာခေါင်းရှုံ့လိုက်သည်။

“ အဲ့ကောင်က တော်တော်လေကျယ်တဲ့ ကောင်ပါလားကွ… တစ်ထပ်လုံး ငှားမယ်ဆိုပဲ…” ဝမ်ကျိန်း စောဒက တက်လိုက်သည်။

“ ဒါပေမယ့် ငါ မှန်းကြည့်ရသလောက်တော့ သူ့ စိတ်အခြေအနေ သိပ်မကောင်းဘူးထင်တယ်နော်.. စကား ပြောသွားပုံကိုက စိတ်မရှည်တဲ့ဟန်နဲ့….” ဟန်ဖေး ပြောလိုက်၏။

“ ဘယ်စိတ်ရှည်မှာ.. ” ဝမ်ကျိန်း ပြောလိုက်ပြီး “ ငါတို့ ရောက်လာတော့ သူ့ဘေးက အမျိုးသမီး ပျာပျာသလဲနဲ့

အဝတ်တွေ ပြန့်အောင် လုပ်နေတာ
မင်းမမြင်လိုက်ဘူးလား…”

“ မြင်တယ်လေ…အဲ့တာ ဘာဖြစ်နေလို့…”

“ သူတို့ မကောင်းတာ တစ်ခုခု လုပ်နေတဲ့ အချိန် ငါတို့နဲ့
ပက်ပင်းတိုးမိတယ်ဆိုတာ ရှင်းနေတာပဲ..
အဲ့တာကြောင့် ငါတို့ကို အကြောင်းမဲ့
စိတ်လာတိုပြနေတာ….”

“ မဖြစ်နိုင်လိုက်တာ…” ဟန်ဖေး၏ အမူအရာမှာ
အံ့အားတကြီး ဖြစ်သွားခဲ့ပြီး “ အဲ့လို ကိစ္စမျိုးတွေက
ဒီလိုနေရာမျိုးတွေမှာမှ လုပ်လို့မရဘူး မဟုတ်လား…”

“ ကားထဲမှာတောင် ရမှတော့ ဘာလို့ ဒီလို နေရာမျိုးမှာ မရရမှာ.. “ ဝမ်ကျိန်း ရှင်းပြလိုက်ပြီး “ ဒီလိုမျိုး မြင်ကွင်းကျယ်တဲ့ နေရာမျိုးမှာ လုပ်ရတာကလည်း ဖီလင်တစ်မျိုးပဲလေ…”

“ ဟမ့်… နင်တို့ စိတ်ဓာတ်တွေကို နှာထန်နေကြတာ…” ဟန်ဖေး ပြောလိုက်ပြီး “ ဒီလိုနေရာမျိုးမှာ ဘာစိတ်လှုပ်ရှားစရာ ရှိလို့…. “

“ အဲ့တာက မင်း မကြုံဖူးသေးလို့ပါ…”

“ အပိုတွေ ပြောနေကြတာ တော်လောက်ပြီ…” ရှီးဝမ် ပြောလိုက်ပြီး “ စောနက လူက တစ်ထပ်လုံး ဘွတ်ကင်လုပ်မယ်ဆိုတော့ ငါတို့ အောက်ထပ်က နေရာကောင်းလေးတွေ လိုက်ရှာကြည့်ကြတာပေါ့…”

" သောက်ရေးမပါတာ... ကုမ္ပဏီ အများစုက ဒီကို မလာကြဘူး... လာတဲ့ ကုမ္ပဏီတွေကလည်း အကုန် အသေးစား အလတ်စားလေးတွေချည်းပဲ... သူ့မှာ အထပ်တစ်ခုလုံးကို ငှားနိုင်တဲ့ အစွမ်းအစ ရှိမယ်လို့ ထင်လား.... ဟာသပဲ..." ကျိုးဇီ ပြောလိုက်၏။

" အဲ့တာလည်း ဟုတ်သားပဲ... ဒါဆို ငါတို့က တိုက်ခိုက်ကြရတော့မှာပေါ့နော်..." ဟန်ဖေး မေးလိုက်၏။

" ဒါပေါ့ ... ငါ့ အဖေရဲ့ အဆက်အသွယ်တွေကို ဆက်သွယ်ပြီးတော့ နေရာကောင်းကို ကြိုတင် စာချုပ်ချုပ် ထားလိုက်မယ်.." ကျိုးဇီ ရှီးဝမ်ကို ကြည့်လျက် ပြောလိုက်၏။

“ တကယ်လို့ အရမ်းကြီး အလုပ်ရှုပ်မယ်ဆိုရင်လည်း ထားလိုက်ပါဟယ်… ထိပ်ဆုံးအထပ် ရနိုင်ရင် ကောင်းပေမယ့် မရလည်း အဆင်ပြေပါတယ်…”

“ ရှောင်ဝမ်… မင်းက ဘာလို့ အဲ့လောက် သွေးကြောင်နေတာ…. ငါတို့က မျှမျှတတ ယှဉ်ပြိုင်နေတာပဲလေ… နောက်ဆုတ်လို့ ဘယ်ဖြစ်မှာ…” ဝမ်ကျိန်း ပြောလိုက်ပြီး “ပြီးတော့ ငါတို့ ကုမ္ပဏီက ခုမှ စတည်ထောင်မှာ… အစကောင်းမှ အနှောင်းသေချာဆိုသလို ကောင်းတဲ့နေရာကို သေချာရွေးပြီးတော့ ရှေ့ပြေး နိမိတ်ဆောင်တဲ့ အနေနဲ့ ရအောင် ယူမှဖြစ်မယ်…”

“ ထောက်ခံတယ်… ငါတို့ တိုက်ခိုက်ပြီးတော့ ယူရင် ယူရမှာပဲ …. ပြောမရဘူးလေ… ငါတို့ရရင်လည်း ရသွားနိုင်တာပဲ မဟုတ်ဘူးလား..” ဟန်ဖေး ထောက်ခံ ပြောဆိုလိုက်၏။

“ အမှန်ပဲ… ငါတို့အားလုံးက လက်တွေ့ကျတဲ့သူတွေ… အဲ့လိုမျိုး အပျော်လင်လေးကို ရှုံးစရာ ဘာအကြောင်းရှိလို့…”

“ အပျော်လင်..” ဟန်ဖေး အံ့အားသင့်သွားခဲ့ပြီး
“ ဝမ်ကျိန်း … နင်ဘာတွေ ပြောနာ…”

“ ငါပြောတာ မဟုတ်လို့လား…” ဝမ်ကျိန်း အချက်လက်ကျကျဖြင့် “ ငါတို့ ခုလေးတင် တွေ့လိုက်ရတဲ့ ကောင်လေးက

ဆယ်လီတွေထက်တောင် ရုပ်ချောနေသေးတယ်…
ပြီးတော့ အမျိုးသမီးကလည်း နေကာမျက်မှန်ကြီးနဲ့…
သူမ ဘယ်သူမှန်း မမှတ်မိအောင်
ဖုန်းကွယ်ထားတယ်ဆိုတော့ သေချာပြီ.. သူမက
လင်ငယ်နဲ့ အပြင်ထွက်လာတဲ့ အိမ်ထောင်ရှိအမျိုးသမီး
တစ်ယောက်ပဲ…”

“ အဲ့တာက စွပ်စွဲတာ ဖြစ်သွားပြီလေ..” ရှီဝမ်
ပြောလိုက်ပြီး “ ငါတို့မှာ သက်သေ
အလုံအလောက်မရှိပဲနဲ့ သူများကို ရဲရဲတင်းတင်းကြီး
စွပ်စွဲလို့ မရဘူး…”

“ ရှောင်ဝမ်…ရှောင်ဝမ်… မင်းက အရမ်းရိုးအတာပဲ..”
ကျိုးဇီ ခေါင်းခါရမ်းလိုက်ပြီး “ အဲ့ဒီအမျိုးသမီးက သူ့ကို

စာရွက်စာတမ်း ကိစ္စတွေ ကူညီပေးမယ်လို့ ပြောနေတာ မကြားလိုက်ဘူးလား.... ဟိုကောင်လေးကို သူမရဲ့ ချမ်းသာမှုတွေနဲ့ ပံ့ပိုးပေးနေတာလေ... မဟုတ်ရင် ဘယ်သူက အဲ့လိုမျိုး ကမ်းလှမ်းပေးလာမယ်လို့ ထင်လဲ...”

ကျိုးဇီ၏ စကားလုံးများကို ကြားတော့ ရှီဝမ် စောနက စကားဝိုင်းကို ပြန်လည်ကြားယောင်လိုက်သောအခါ အမှန်တကယ်ပင် ထိုသို့ ပြောသွားခဲ့ကြောင်း သတိပြုမိလိုက်၏။

ရှီဝမ် သူမခေါင်းကို ကူကယ်ရာမဲ့စွာဖြင့် ရမ်းလိုက်ပြီး ကောင်လေးအတွက် နှောင်တရသလို ခံစားလိုက်ရသည်။

ယနေ့ခေတ်တွင် ရုပ်ချောသည်နှင့် အလုပ်ခွင်တွင် အားသာမှုပေါင်းများစွာ ရှိလေသည်။ ကျိုးဟိုင်လို နေရာမျိုးတွင်ပင် အလုပ်တစ်ခု ရှိရုံနှင့် အကြွေးကင်းကင်း သာယာချမ်းမြေ့စွာ နေထိုင်နိုင်သည်။

သို့သော်လည်း လူငယ်ပီပီ အားထုတ်ကြိုးပမ်းချင်စိတ်တို့မရှိ၊ ဖြတ်လမ်းနည်းဖြင့် ပိုက်ဆံရှာကာ သူများ၏ အပျော်လင်လေး လုပ်နေခဲ့၏။

နှမြောစရာ ကောင်းလွန်းပေစွ။

“ ဒီမှာပဲ အဆုံးသတ်ကြတာပေါ့.. ငါပြန်ပြီးတော့ အဖေ့နား အဆက်အသွယ်တွေတောင်းပြီး စာချုပ်စာတေစီးစီး ချုပ်နိုင်အောင်သွားပြောကြည့်လိုက်မယ်…”

“ အိုကေ ..အဲ့လိုဆို အစ်ကိုကျိုးလက်ထဲပဲ လွှဲခဲ့လိုက်တော့မယ်…” ဝမ်ကျိန်း ယုံကြည်ချက် အပြည့်ဖြင့် ပြောလိုက်ပြီး “ ကျုပ်ကတော့ ထိပ်ဆုံးထပ်ရတာနဲ့ ကျုပ်တို့ကုမ္ပဏီရဲ့ အလားအလာကကောင်းတော့မယ်လို့ နိမိတ်တွေ မြင်နေရတယ်…”

“ အင်း… ငါလည်း တူတူပါပဲ…”

**အခန်း (၆၂၃)**

**နင်က အရမ်းကြမ်းတာပဲ.. အဲ့လောက် မဆိုးနဲ့လေ**

အဆောက်အဦးထဲမှ ထွက်ခွာလာခဲ့ပြီးနောက် လင်းရီ လျန်ရူရှယ်ကို မြို့တော်ဝန်ရုံးသို့ လိုက်ပို့ပေးလိုက်သည်။ သို့သော်လည်း မီတာနှစ်ရာမျှ လိုတော့သည့် အကွာအဝေးသို့ ရောက်သောအခါ လျန်ရူရှယ်မှ ကားရပ်ရန် တောင်းဆိုလာခဲ့၏။ သူမတို့ နှစ်ယောက်အကြောင်းကို အများသူငါမှ အတင်းပြောကြမည်ကို စိုးရွံ့သောကြောင့် ထိုနေရာမှတစ်ဆင့် လမ်းလျှောက်သွားခဲ့လေသည်။

လျန်ရူရှယ်ကို လိုက်ပို့ပြီးနောက် လင်းရီ ဆိုင်သို့ မောင်းထွက်လာခဲ့၏။

မစ်ရှင်ပြီးမြောက်ပြီး ဖြစ်သောကြောင့် လင်းရီ၏
စိတ်အခြေအနေမှာ တော်တော်လေးကို
တိုးတက်ကောင်းမွန်နေလေသည်။

‘ ဒီနေ့တော့ ရသလောက်လေး ရောင်းရမယ်...’

ဆိုင်ပြန်ဖွင့်ပြီးနောက် ကတ်စတန်မာ အများအပြား
တံခါးလာခေါက်ကြသည်။

များပြားလှသည့် စားသုံးသူတို့မှာ သူ၏
နာမည်ဂုဏ်သတင်းကြောင့်
လာရောက်အားပေးကြကြောင်း လင်းရီ
သတိပြုမိလိုက်၏။ထို့အထဲတွင် ကြွယ်ဝသည့်
အပျိုကြီးမမများလည်း ပါဝင်လေသည်။ သူမတို့မှာ

တစ်ခါတစ်ခါ မှာလိုက်လျှင် အနည်းဆုံး ယွမ်တစ်ထောင်မျှရှိပြီး ယင်းက သေးငယ်သည့် ပမာဏမဟုတ်ချေ။

“ သူဌေး.. ကျွန်မ ဒီနေ့ ပိုက်ဆံအိတ်မေ့လာခဲ့လို့ ဥထမင်းကြော် စားလို့ရသေးလား…”

“ E cup ဆိုရင်တော့ အဝသာစားသွား…”

“ E cup လည်း မရှိဘူးဆိုတော့ ကျွန်မရဲ့ ခန္ဓာကိုယ်နဲ့ ပေးဆပ်လို့ မရဘူးလား…”

“ ဒီဆိုင်ထဲက မိန်းကလေးတွေအကုန်လုံး သူတို့ရဲ့ ခန္ဓာကိုယ်နဲ့ ပေးဆပ်ချင်နေကြတာကို မင်းက ကိုယ့်ကိုယ်ကို ဘာထင်…. ဟမ်…”

ချက်ရင်း ပြုတ်ရင်း စကားပြောနေသည့် လင်းရီမှာ တစ်ခုခု မှားနေကြောင်း သတိပြုမိလိုက်၏။

ဒီလေသံက ငါနဲ့ အတော်လေး ရင်းနှီးနေသလိုပဲဟ…

လင်းရီ လှည့်ကြည့်လိုက်သောအခါ တံခါးဝတွင် သူ့ကို ပြုံးလျက်ကြည့်နေသည့် ဝမ်ရင်းကို မြင်သွားခဲ့၏။

သူမမှာ ရင့်ကျက်သည့် အမျိုးသမီးကဲ့သို့ အဖြူရောင် ရှပ်နှင့် အမျိုးသမီး ဝတ်စုံပြည့်ကို ဝတ်ဆင်ထားပြီး အောက်ဘက်ခြမ်းတွင်တော့ အသားရောင် စတော်ကင်နှင့် စကတ်အနက်ကို ဝတ်ဆင်ထားသည်။

ထိုမှတစ်ဆင့် ကုမ္ပဏီကနေ အဝတ်အစားမလဲပဲ သူ့ဆီ တန်းလာခဲ့ကြောင်း တပ်အပ် ပြောနိုင်လေသည်။

" အစ်မရင်း .. ဘာလို့ ဒီရောက်လာခဲ့တာ..." လင်းရီ ပြုံးလိုက်ပြီး " အလုပ်အားမှ လာမယ်လို့ ပြောထားတာ မဟုတ်ဘူးလား..."

လင်းရီ ဤနေရာတွင် ဆိုင်ဖွင့်ထားကြောင်း လင်းရီ သိသော်လည်း အလုပ်များနေသောကြောင့် မလာဖြစ်ခဲ့ပေ။ သို့သော်လည်း မနေ့က ဝမ်လုသူမကို ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ပြောပြီးသည့် နောက်တွင်တော့ ဝမ်ရင်း မနေနိုင်တော့ပဲ သူမ၏ နေ့လည်စာ နားတစ်ခိုက် လင်းရီထံ အပြေးလာတွေ့လေသည်။

“ ဘာလို့လဲဆိုတော့ နင့်ဆိုင်စီးပွားရေးက အဲ့လောက်ကောင်းမယ်မှန်း ထင်မထားလို့လေ.. လုလုပြောတာ နင် ဆိုင်ကို တစ်ယောက်တည်း မနိုင်တော့ဘူးတဲ့… အဲ့တာကြောင့် အစ်မလည်း လာကူညီပေးတာလေ…”

ပြောပြီးနောက် ဝမ်ရင်း သူမအိတ်ကို ရေခဲသေတ္တာပေါ် တင်ကာ လင်းရီထံ တီးတိုးပြောလိုက်၏။

“ အစ်မ မလာခင် အတွင်းရေးမှူးချိုးနား မေးထားခဲ့ပြီးသား… ဥက္ကဋ္ဌကျိက ရာလော့ဒီဇိုင်းရဲ့ တာဝန်ရှိသူ ဒါရိုက်တာကွမ်းနဲ့ ဝမ်ကျန်း ဆိပ်ကမ်းအကြောင်း ဆွေးနွေးနေတာ… ဒီတော့ အချိန်တိုအတွင်း လာနိုင်သေးဦးမှာ

မဟုတ်ဘူး..ဆိုတော့ တို့နှစ်ယောက်ကို ဖမ်းမိမှာကို စိတ်ပူမနေနဲ့…”

“ အစ်မရင်းက အရမ်းသိတတ်တာပဲ…”

ဝမ်ရင်း ဆွဲဆောင်မှုရှိစွာ ပြုံးလိုက်ရင်း “ တကယ်လို့ အဲ့လောက်လေးမှ မသိတတ်ရင်လည်း အစ်မက နင့်ရဲ့ မျက်လုံးထဲကို ဝင်နိုင်ပါ့မလားလို့…”

“ အဲ့လိုမပြောနဲ့လေ… အစ်မရင်းလို ဖောင်းဖောင်းတင်းတင်း … ဒါပေမယ့် ဝတာမျိုးလည်း မဟုတ်တဲ့သူကို ဘယ်သူက သဘောကျပဲ နေမှာ…”

“ မပူနဲ့.. သူများတွေက ကြည့်လို့ပဲရမှာ… ဒါပေမယ့် မောင်လေးရီကတော့ ကြိုက်သလို

စားလို့ရတယ်နော်…” ဝမ်ရင်း လင်းရီပါးကို အနမ်းပေးလိုက်ရင်း ကလူကျီစယ်စွာ ပြောလိုက်၏။

လင်းရီ ဝမ်ရင်း၏ ခါးကို ဖက်လိုက်ပြီး စွင့်ကားနေသည့် တင်ပါးကို ဖျစ်ညစ်လိုက်ကာ “ အမှတ်ပြည့် ပေးတယ်…”

“ အာ့..မောင်လေးရီက အရမ်းကြမ်းတာပဲ… အဲ့လောက် မဆိုးနဲ့လေ…” ဝမ်ရင်း ညုတုတု ပြောလိုက်ပြီး “ မြန်မြန်ချက်… အစ်မလည်း ကူညီပေးမယ်…”

“ အင်း.. ဒါနဲ့ အစ်မရင်း နေ့လည်စာကော စားပြီးပြီလား… မစားရသေးရင် ကြိုက်တာမှာလိုက်လေ… ကျွန်တော်လုပ်ပေးမယ်…”

“ ငါ့ကို ဘာမှစိတ်ပူမနေနဲ့… အပြင်က ညှော်သည်တွေ ကုန်သွားမှပဲ အဲ့အကြောင်း ပြောကြတာပေါ့…”

“ဟာ… အဲ့လိုလုပ်လို့ ဘယ်ရမှာ.. ရောက်လာမှတော့ အစ်မရင်းကို မိုက်ဆာအောင် ထားလို့ ဘယ်ဖြစ်မှာ…”

“ သိပါတယ်ရီရဲ့.. အစ်မ တကယ်ကြီး မိုက်မဆာလို့ပါ… ဆာရင် ပြောမှာပေါ့.. အားနာ မနေပါဘူး…” ဝမ်ရင်း ပြောလိုက်ပြီး “ ခုတော့ အရင်ဆုံး အလုပ်လုပ်ကြရအောင်လေနော်…”

“ ကောင်းပြီလေ… တကယ်လို့ မိုက်ဆာရင် ကျွန်တော့်ကို ပြောနော်… အားနာမနေနဲ့….”

“ အွန်း…”

လင်းရီ၏ မျက်လုံးထဲတွင်တော့ ဝမ်ရင်းမှာ ဟွာရှန့်အမျိုးသမီးများ၏ ကောင်းခြင်းအဖြာဖြာတို့ကို ဆက်ခံရရှိထားသည်။

သူမမှာ လှပပြီး မိန်းမသားပီသသည့် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားပါသော်လည်း သူမနှစ်သက်သည့် တစ်စုံတစ်ယောက်ကို တွေ့သွားသည်နှင့် တစ်ပြိုင်နက် သူမဘဝတစ်ခုလုံးကို မိသားစုနှင့် သူမအမျိုးသားပေါ်တွင်သာ အာရုံစိုက်ထားလေသည်။

ဒီလိုမျိုး အမျိုးသမီးကောင်းတွေက တကယ့်ကို ရှားမှရှားပဲ…

ဝမ်ရင်း၏ ရောက်ရှိလာမှုက လင်းရီအပေါ်
ဖိအားများစွာကို သက်သာသွားစေခဲ့သည်။

သူမ၏ ဓားကိုင်သည့် စွမ်းရည်မှာ
ကျီချင်းရန်ထက်  အများကြီး ကောင်းမွန်သောကြောင့်
လင်းရီပို၍ သက်တောင့်သက်သာ ဖြစ်နေပြီး
ချက်ပြုတ်ခြင်းတစ်ခုတည်းကိုသာ အေးဆေး
အာရုံစိုက်နိုင်လေသည်။

ထိုအကြောင်းပြချက်ကြောင့်ပဲ စားသောက်ဆိုင်၏
အစားအသောက်များ ရရှိသည့် နှုန်းတို့မှာ ပို၍
မြန်ဆန်လာခဲ့၏။

သို့သော်လည်း ဝင်လာမဆဲနိုင်အောင်
စိတ်အားထက်သန်နေကြသည့် ကတ်စတန်မာများကို

ခုခံရန်ကတော့ ခက်ခဲနေဆဲပင်။ ထို့ကြောင့် အပြင်ဘက်တွင် စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေသည့် လူနှစ်ဆယ်ကျော် ကျန်ရှိနေသေးလေသည်။

အချို့မှာ လင်းရီ၏ အစာအသောက်ကို မြည်းစမ်းချင်သောကြောင့် ဖြစ်ပြီး အချို့ကတော့ လင်းရီ၏ ရုပ်ရည်ကို မရိုးသားသည့် စိတ်အခံတို့ဖြင့် ကြည့်ရှုရန်ပင်။

ထိုအခိုက်အတန့်တွင် ကျိန်းရန်လမ်းပေါ်၌ နိုင်ငံခြားသားနှစ်ဦး လင်းရီ၏ ဆိုင်ဘက်သို့ ဦးတည် လမ်းလျှောက်လာနေခဲ့ကြ၏။

၎င်းတို့၏ နာမည်မှာတော့ လူးဝစ်နှင့် နေသန်ဖြစ်ပြီး လက်စ်ဗီးဂတ်၊ နီဗာဒါမှ ဘွဲ့ရကျောင်းသားများဖြစ်ကာ

လက်ရှိ ကျိုးဟိုင်နည်းပညာတက္ကသိုလ်တွင်
ပညာသင်ကြားနေကြလေသည်။

“လူးဝစ် ဘဒို … ငါကြားတာတော့ ဒီနားဖွင့်ထားတဲ့
စားသောက်ဆိုင်အသစ်က တော်တော်လေး
အရသာရှိတယ်ဆိုပဲ… သွားစားကြည့်ကြမလား…”

“ ငါယိုး.. အဲ့ဆိုင်လား… ကောင်းကောင်းကြီး
သိတာပေါ့ကွာ…” လူးဝစ် ကျိန်ဆဲလိုက်ပြီး
“ ရှေ့ရက်တုန်းက ငါ ဟွာရှန့် စကီလေးတစ်ပွေကို
ပိုးပန်းနေတာ အောင်မြင်တော့မှာ…
တစ်ကယ့်အချိန်ကျမှ အဲ့ဆိုင်သူဌေးက
ဝင်ရှုပ်သွားတယ်လေ… ငါချီး

ဝီချက်အကောင့်လေးတောင် မရလိုက်တော့ ခု
အဆက်အသွယ်လည်း ပြတ်သွားပြီ…”

“ ငါလည်း ကြားမိတယ်… ခု ကျောင်းက
ကောင်မလေးတွေလည်း အဲ့ဆိုင်ပိုင်ရှင်က
တော်တော်လေး ကြည့်ကောင်းတယ်ဆိုပြီး
တစ်ပြောတည်း ပြောနေကြတာ …ငါတော့
သောက်ပိုတွေ လုပ်နေတယ် ထင်တာပဲ..” နေသန်
ပြောလိုက်ပြီး “ ဟွာရှန့်ကောင်တွေက
မင်းလောက်တော့ ချောမှာမဟုတ်ပါဘူး…”

“ သဘောတူတယ်… သူတို့ရဲ့အလှရသက
ညံ့ဖျင်းတယ်ပဲ ဆိုရမှာပေါ့… ငါ့ကို
ဘေးချိတ်ထားရင်တောင် ငါတို့အမေရိကားက

ကြိုက်တဲ့ လူဖြူတစ်ယောက်ကို ရွေးလိုက် ...
ဟွာရှသားတွေထက် အပုံကြီးသာတယ်...”
လူးဝစ် ပခုံးတွန့် ပြောလိုက်၏။ ဆဲဆိုပြီးနောက် သူ၏
ဒေါသမှာ တော်တော်လေး လျော့ကျသွားခဲ့လေသည်။

“ ငါ့လို ကောင်မျိုးကို ရွေးချယ်မယ့်အစား
စားသောက်ဆိုင်ပိုင်ရှင်ကို ရွေးလိုက်တာက သူမရဲ့
အကြီးမားဆုံး နောင်တဖြစ်နေမှာ သေချာတယ်...”

“ ပြောတာကောင်းတယ်... ဒါပေမယ့် အဲ့တာကြီးကို
ခေါင်းထဲ ထည့်မနေစမ်းနဲ့... ဒီနေရာမှာ ငါတို့က
ဆရာကြီးပဲ.. ကြိုက်တဲ့ စကီလေးကို ကြိုက်သလို
လိုက်လို့ရတယ်...”

“ အင်း… ဆိုင်အပြင်အဆင်လေးကတော့ မဆိုးဘူးပဲ… စတိတ်ခ် အစစ် စားနိုင်မလားတော့ မပြောတတ်ဘူး….”

“ မင်းကလည်း… ပိန်းချက်…. ဒါ ယူအက်စ်မဟုတ်ဘူးကွ… တကယ့် စတိတ်ခ် အစစ်ကို ရှာတွေ့ဖို့ဆိုတာ တကယ် မလွယ်ဘူး…” လူးဝစ် ပြောလိုက်ပြီး “ ပြီးတော့ ဝိုင်နီအစစ်တောင် မရှိတဲ့နေရာကြီး…. တကယ်လို့ ငါ့အဖေသာ ပွဲလာမထိုးဘူးဆိုရင် ဒီလို စုတ်ချာတဲ့ နေရာကြီးမှာ ငါ လခွီးမှတောင် ကျောင်းလာတက်မနေဘူး…”

“ ဒါပေမယ့် တစ်ခုကောင်းတာက စတိတ်ခ် အစစ် မရှိဘူးဆိုရင်တောင် အစားအသောက်တွေက

ဈေးပေါတာပဲ… ပြီးတော့ စော်လေးတွေကလည်း တော်တော်လေးချောပြီး ငါတို့ဆို အထူးအခွင့်အရေးတွေလည်း ပေးတယ်…. အပြင်ထွက်ရင်ဆို ဝိုင်းကြည့်နေကြတာ ဆယ်လီတွေကျလို့… ငါတော့ ဒီလာပြီး အပမ်းဖြေခရီး ထွက်တယ်လို့ပဲ သဘောထားလိုက်တယ်…” နေသန်ပြောလိုက်၏။

“ ဘာပဲပြောပြော ငါတို့က ဒီမှာ အထူးလေးစားခံတွေလေကွာ… ဟားဟား….”

“ ဂျီးဆပ်စ်… မဖြစ်နိုင်လိုက်တာ… တကယ်ကြီး တန်းစီနေကြတာလားကွ..” လူးဝစ် အံ့အားတကြီး ရေရွတ်လိုက်၏။

နှစ်ယောက်သား ဆိုင်ဝင်ပေါက်သို့ ရောက်သောအခါ အပြင်ဘက်၌ လူအယောက်နှစ်ဆယ်ကျော် တန်းစီနေကြကြောင်း မြင်တွေ့လိုက်ရ၏။ သူတို့အားလုံး စားသောက်ရန်အလို့ငှာ အပြင်တွင် ရပ်စောင့်နေကြလေသည်။

“ ကျိုန်းရန်လမ်းမှာ စားရဖို့ သောက်ရဖို့ကို တကယ်ကြီး တန်းစီရတဲ့ဆိုင် ရှိသေးတာလားဟ… ငါတော့ ဒီလို မြင်ဖူးတာ ပထမဆုံးပဲ..” နေသန် အံ့အားသင့်သွားခဲ့ပြီး “ ကြည့်ရတာတော့ အစားအသောက်တွေလည်း တော်တော်လေး ကောင်းတယ်နေမှာ… ငါတို့လာခဲ့လိုက်တာ မှန်သွားတယ်…”

လူးဝစ် ပခုံးတွန့်လိုက်ပြီး “ စားကောင်းရုံ ဆိုလောက်လေး နေမှာပါကွာ.. ဘာပဲဖြစ်ဖြစ် ငါတော့ တန်းမစီချင်ဘူး… စောင့်ရတဲ့အလုပ်က တော်တော်ကြီးကို စိတ်ပျက်ဖို့ကောင်းတယ်….”

“ တခြားဆိုင်သွားမယ်ဆိုရင်ကော…”

“ Nah… ဒီဆိုင်ပဲ စားမယ်…”

လူးဝစ် သူ့နှာခေါင်းကို ချွန်လိုက်ပြီး ဂျိုကာ အပြုံးဖြင့် “ ဒီဆိုင်ရဲ့ဘော့စ်က ဘယ်လိုရုပ်ရှိလဲဆိုတာ တကယ်ပဲ သိချင်လာပြီ…”

“ ဟော့ ဟော့… အသာလုပ်ပါဟ…. မင်းရုပ်ကြည့်ရတာ လူသွားရိုက်တော့မယ့်စတိုင်နဲ့…” နေသန် ပြောလိုက်ပြီး

“ မင်းက ဘောက်ဆင်တတ်ထားတယ်ဆိုရင်တောင်

ဟွာရှမှာ လုံခြုံရေးက တော်တော်လေး

တင်းကြပ်တယ်… ပြဿနာတက်ရင် မကောင်းဘူး..”

“ စိတ်မပူနဲ့…” လူးဝစ် လက်ဝှေ့ယမ်းကာ

ထူးမခြားနားစွာ ပြောလိုက်ပြီး “ ငါ လူရိုက်ဖို့

ရည်ရွယ်ချက်လည်း မရှိဘူး… ပြီးတော့ ငဝိလေးတွေကို

အနိုင်ကျင့်ရတာ ပျင်းဖို့ကောင်းတယ်..ဒီမှာ ရိုးရှင်းတဲ့

အစားအသောက်လေးတွေ မှာပြီးတော့ သူတို့ရဲ့

စတိတ်ခ်က ဘယ်လောက်တောင် အမိုက်ဆန်လဲဆိုတာ

အကဲဖြတ်ကြည့်ဦးမယ်….”

**အခန်း (၆၂၄)**

**မင်းက ဒီလာပြီး ရှုံးလာပြနေတာလား**

“ အကြံကောင်းပဲ….”

“ ဆိုးတာက အပြင်မှာ တန်းစီနေတဲ့ လူတွေက များနေတာ.. ငါမစောင့်ချင်ဘူး…”

“ လွယ်ပါတယ်…” နေသန် အပြုံးလေးဖြင့် ပြောလိုက်ပြီး ရှေ့ဆုံးတွင် တန်းစီနေသည့် လူငယ်စုံတွဲနား လမ်းလျှောက်သွားလိုက်၏။

နေသန် ရောက်လာသည်ကို မြင်တော့ လူငယ်စုံတွဲမှာ အေးခဲသွားခဲ့ပြီး တခဏ ကြာတော့မှ နေသန်နှင့် လူးဝစ်ကို မှတ်မိသွားလေသည်။

သူတို့လည်း ကျိုးဟိုင် နည်းပညာ တက္ကသိုလ်မှ ဖြစ်ပြီး နေသန်နှင့် လူးဝစ်ကို သိကြ၏။

“ ငါ့နာမည်က နေသန်.... ယူအက်စ်ကနေ ပညာတော်သင်လာတဲ့ နိုင်ငံတကာကျောင်းသားပဲ... ငါတို့ ဒီဆိုင်မှာ စားချင်လို့ မင်းတို့ နေရာ ဖယ်ပေးလို့ရလား...”

“ ငါတို့ရဲ့ နေရာကို ဖယ်ပေးရမယ်...”

ကောင်လေးမှာ မျက်နှာမလှတော့ချေ။ သူ၏ ချစ်သူကောင်မလေးမှာ သူ့နံဘေးတွင် ရှိနေလေသည်။ အကယ်၍ သူသာ ဒီတိုင်း သပ်သပ်

နေရာဖယ်ပေးလိုက်မည်ဆိုပါက မျက်နှာပျက်လိမ့်မည် မဟုတ်ပါလော။

“ ငါတို့ ဒီခုလို ရှေ့တန်းရောက်ဖို့ နာရီဝက်လောက် တန်းစီထားရတာကွ… ဘာလို့ မင်းတို့တောင်းတိုင်း ဖယ်ပေးရမှာ…”

နေသန်ကြက်သေသေသွားခဲ့သည်။ သူ၏ တောင်းဆိုမှုကို အနီ ကောင်လေးမှ ငြင်းပယ်လိုက်လိမ့်မည်လို့ မျှော်လင့်မထားခဲ့ချေ။

“ ငါ ဘာကောင်လဲ သိလား…” နေသန်ပြောလိုက်ပြီး “ ပြီးတော့ လူးဝစ်ရဲ့ အဖေက ပရော်ဖက်ရှင်နယ် ဘောက်ဆင်သမားဆိုတာလည်း မမေ့နဲ့…”

“ အဲ့တော့ ဘာလုပ်ပေးရမှာ…” ကောင်လေးမှ မလျော့စတမ်း ပြောလိုက်ပြီး “ မင်းစားချင်ရင် နောက်မှာ သွားတန်းစီ… ငါတို့ နေရာရဖို့တော့ စဉ်းတောင်မစဉ်းစားနဲ့….”

“ ဟမ့်… ငါတို့ကို အာခံရဲတယ်ဆိုတော့ တော်တော်ဇရှိတဲ့နေတယ်ပေါ့လေ….”
လူးဝစ်ပြောလိုက်ပြီး “ အဆင်ပြေရင် စကားပြောချင်လို့ မင်း… ငါတို့နောက် လိုက်ခဲ့ရဲလား…”

“ ဘာလို့ မရဲရမှာ… မင်းလို မျက်နှာဖြူကောင်ကို ကြောက်တယ်များ ထင်နေလား….”

“ ကိုကို… နင့်အဆင့်အတန်းကို သူတို့နဲ့ တန်းတူဖြစ်အောင် နိမ့်ချမနေနဲ့..” ကောင်မလေးမှ

ကောင်လေးလက်ကို ဆုပ်ကိုင်လိုက်ပြီး သူမ ချစ်သူမှ ရန်ဖြစ်လိုက်မည်ကို စိုးရွံ့နေရှာသည်။

လူးဝစ်နှင့် နေသန်တို့မှာ မကောင်းသတင်းဖြင့် ကျော်စောလျက်ရှိပြီး တကယ်တမ်း ရန်ဖြစ်ကြမည်ဆိုပါက သူမကောင်လေးမှာ ၎င်းတို့၏ ပြိုင်ဘက်ဖြစ်လိမ့်မည် မဟုတ်ချေ။

အကယ်၍ ကျောင်းမှ ထိုအကြောင်း သိသွားလျှင်တောင် အဆိုပါ နိုင်ငံခြားသားများကို အရေးယူပေးလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် မပတ်သက်သည်က ကောင်း၏။

“ သွားကြမယ်… ဘေဘီတို့ နောက်နေ့မှ လာစားလို့လည်း ရတယ်… သူတို့ကို လျစ်လျူရှုထားလိုက်….”

“ မဟုတ်ဘူး… ကိုတို့ ဒီနေ့ ဒီဆိုင်မှာ စားဖြစ်အောင်ကို စားမှာ….”

“ အိုက်ယား… ကိုကိုက ဘေဘီ့စကားကိုတောင်မှ နားမထောင်တော့ဘူးပေါ့…” မိန်းကလေးမှ ဆောင့်အောင့်ပြီး ပြောလိုက်ကာ သူမကောင်လေးကို အစွမ်းကုန်အားထုတ်၍ ထိုနေရာမှ ခေါ်ထုတ်သွားခဲ့လေသည်။

လူးဝစ်နှင့် နေသန်တို့ကတော့ ထိုမြင်ကွင်းကို လျှောင်ရယ်လိုက်ကြသည်။

“ ဟားဟား… လကြောက်ကြီး ….”

လူငယ်စုံတွဲထွက်ခွာသွားပြီးနောက် နှစ်ယောက်မှာ အရှက်ကင်းမဲ့စွာဖြင့် စောနက နေရာတွင် ဝင်ရောက်တန်းစီလိုက်ကြလေသည်။

နောက်တွင် အလှည့်ကျ စောင့်ဆိုင်းနေသူများကတော့ ရွံရှာစက်ဆုပ်သည့် အမူအရာများကို ထုတ်ဖော်ပြထားကြ၏။

သို့သော်လည်း မလိုလားအပ်သည့် ပြဿနာများကို ရှောင်ကြဉ်ရန်အတွက် မည်သူကမျှ သူတို့နှင့် အချင်းမများခဲ့ကြချေ။

မကြာမီ ကတ်စတန်မာများ အပြင်သို့ ထွက်လာခဲ့ကြပြီး လူးဝစ်နှင့် နေသန်တို့ ဆိုင်ထဲ ဝင်သွားခဲ့ကြ၏။

“ ဘော့စ်…”

ဆိုင်ထဲသို့ ဝင်ရောက်ပြီးနောက် လူးဝစ် အသံအကျယ်ကြီး အော်ခေါ်လိုက်သည်။ ၎င်း၏ အပြုအမူက ဆိုင်ထဲရှိ စားသုံးသူတိုင်းကို စိတ်အနှောင့်အယှက် ဖြစ်သွားစေကာ ပို၍ပင် ရွံရှာ စက်ဆုပ်သွားခဲ့ကြ၏။

ယခုနေရာမှာ ပြင်ပစားသောက်ဆိုင် ဖြစ်သော်လည်း စည်းမျဉ်းများကတော့ ကျောင်းကန်သင်းနှင့် ဆင်တူလေသည်။ သင် အော်ဒါမှာရမည့် အလှည့်သို့ရောက်ရန် စောင့်ဆိုင်းရမည်ဖြစ်၏။

သို့သော်လည်း ထိုနှစ်ကောင်ကတော့ အာရုံစူးစိုက်မှု ရရှိရန်အတွက် စူးစူးဝါးဝါး အော်ဟစ်နေကြလေသည်။

ရွှံဖို့ကောင်းလိုက်တဲ့ကောင်တွေ....

ဒါလား စည်းကမ်းသိပ်ရှိလှပါတယ်ဆိုတဲ့ နိုင်ငံခြားသားတွေ....

အပြင်ဘက်မှ အော်ဟစ်သံများကို ကြားတော့ ဝမ်ရင်း သူ့မလက်ကို ပုဝါဖြင့် သုတ်လိုက်ပြီး " နင် လုပ်စရာရှိတာ ဆက်လုပ်...ငါတစ်ချက်သွားကြည့်ကြည့်လိုက်မယ်..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး ဘာမျှ ပြန်မပြောချေ။

“ ဘာစားမလဲ…” ဝမ်ရင်း ထွက်လာပြီးနောက် မေးလိုက်၏။

လူးဝစ်မှာ လင်းရီကို ကြည့်ရန် ရောက်လာသော်လည်း ဝမ်ရင်းကို မြင်တွေ့လိုက်ရသည့် အချိန်တွင်တော့ ကြက်သေသေသွားကာ မည်သို့မျှ အကြည့်မခွာနိုင်တော့ချေ။

အမေရိကားတွင် ကိုးရီးယားကဲ့သို့ ပိန်ပိန်ချပ်ချပ် မိန်းကလေးများက နာမည်မကြီးပဲ ထိုအစား တုတ်တုတ်ခိုင်ခိုင်နှင့် ကျန်းမာရေးကောင်းသည့် အယ်စတုံကြီးများကို လူကြိုက်များကြလေသည်။

ဝမ်ရင်း၏ ကိုယ်လုံးကိုယ်ပေါက်မှာ အမေရိကားနှင့် ဥရောပရှိ အမျိုးသမီးများနှင့် ယှဉ်ပါက ဝဖိုင့်သည်ဟု

မဆိုသာသော်လည်း ပိန်သင့်သည့် နေရာပိန်၍
ဖောင်းသင့်သည့် နေရာတွင် ဖောင်းလေသည်။
အနှီအာရှသူလေး၏ အလှတရားကား
အနောက်ဥရောပနိုင်ငံသားတို့ကပင်
မျက်ကွယ်မပြုနိုင်သည့် ပြိုင်စံရှား အလှလေးဖြစ်၏။

“ အလှလေး… ဒီမှာ prime-grade စတိတ်ခ်ရလား…”
(အကောင်းဆုံးအဆင့် အမဲသား)

“ ရတယ်…” ဝမ်ရင်း ပြောလိုက်ပြီး “ တခြား
ဘာလိုချင်သေးလဲ…”

သူမ အရောင်းမန်နေဂျာအဖြစ်
တာဝန်ထမ်းဆောင်စဥ်ကတည်းက ဈေးကြီးသည့်
စားသောက်ဆိုင်များသို့

မကြာခဏရောက်ဖူးသောကြောင့် Prime-grade စတိတ်ခ်မှာ အကောင်းဆုံးဖြစ်ကြောင်း သိလေသည်။

ယခုဆိုင်တွင် Prime-grade စတိတ်ခ် အော်ဒါမှာ၍ ရသောကြောင့် နှစ်ယောက်မှာ အနည်းငယ် အံ့အားသင့်သွားခဲ့ကြသည်။

သူတို့ ဟွာရှ၍ နေထိုင်သည်မှာ နှစ်ဝက်ကျော်ပြီးဖြစ်သော်လည်း Prime-grade စတိတ်ခ် စစ်စစ်ကိုတော့ မစားဖူးသေးချေ။

“ ဒီမှာ ဝိုင်နီကော ရလား..” လူးဝစ် မေးလိုက်၏။

“ ရတယ်… ဝိုင်နီက မီနူးပေါ်မှာ မရှိဘူးဆိုတော့ ဝိုင်သိုလှောင်ခန်းထဲမှာ နင်တို့ ကြိုက်တဲ့ တံဆိပ် သွားရွေးလို့ရတယ်…”

“ ဒါဆို ဒီက အလှလေးကပဲ ရွေးပေးပါလား… မင်းဘယ်လောက်ထိ ကျွမ်းကျင်လဲ တစ်ခါတည်း သိရတာပေါ့…” လူးဝစ် စနောက်လိုက်၏။

“ ဆောရီးပဲ… ကျွန်မ ဝိုင်နီအကြောင်း ဘာမှ မသိဘူး… ဒီတော့ နင်တို့ သောက်ချင်တဲ့ ဝိုင်သာ သောက်ကြ…”

သူမ စက်ဆုပ်အထင်မြင်သေးနေသော်လည်း ဝမ်ရင်း သူမမျက်နှာပေါ်တွင် မပေါ်အောင် ကျွမ်းကျင်စွာ ဖုံးကွယ်ထားသည်။

ယင်းကလည်း သူမ လင်းရီ၏ စီးပွားရေးကို ထိခိုက်မှာ စိုးသောကြောင့် ဖြစ်၏။

လူးဝစ် ပခုံးတွန့်လိုက်ပြီး “ ဒါဆိုလည်း ကိုယ့်ဘာကိုယ် ကျပန်း တစ်ပုလင်း ရွေးလိုက်တာပေါ့..”

အော်ဒါမှတ်ပြီးနောက် ဝမ်ရင်း မီးဖိုချောင်ထဲသို့ ပြန်လာကာ လင်းရီကို ဆက်လက် ကူညီပေးလေသည်။ နှစ်ယောက်မှာ တက်ညီလက်ညီ အဆင်ပြေပြေနှင့် အလုပ်ဆက်လုပ်နေခဲ့ကြ၏။

“ စတိတ်ခ် အဆင်သင့်ဖြစ်ပြီ…”

“ အင်း…ငါ သွားပို့လိုက်မယ်…”

ဝမ်ရင်း စတိတ်ခ်ကို ဘေးတွင် ချထားလိုက်ပြီး နိုင်ငံခြားသားနှစ်ယောက်၏ ရိုင်းစိုင်းသည့် အကြည့်များကို ကာကွယ်ရန် အပေါ်ထပ် ကုတ်ကို ဝတ်ဆင်လိုက်သည်။

အစားအသောက်ကို သွားပို့ပေးပြီးနောက် မီးဖိုချောင်ထဲသို့ ပြန်ရောက်လာကာ ကုတ်အင်္ကျီကို တစ်ခါတည်း ချွတ်လိုက်၏။

အဖြစ်အပျက်များမှာ လျှင်မြန်လွန်း၍ လင်းရီပင် သတိမမူမိလိုက်ချေ။

အချိန်မည်မျှကြာမှန်းမသိအောင် ကုန်ဆုံးပြီးနောက် ဆိုင်ထဲတွင် လူတစ်ချို့အငြင်းပွား အချင်းများနေကြလေသည်။ အသံများမှာ

တစ်စထက်တစ်စ ကျယ်လောင်လာပြီး မီးဖိုချောင်ထဲမှ ကြားနိုင်သည်အထိ ဖြစ်ပျက်လာခဲ့၏။

“ဒါ အများပြည်သူ စားသောက်တဲ့နေရာ… ဒီနေရာမှာ ဆေးလိပ်လာမသောက်နဲ့…” ဆံပင်အရှည်နှင့် မိန်းကလေးမှာ သူမရှေ့ရှိ ဆေးလိပ်သောက်နေသူကို အထင်သေးစွာ ကြည့်ရင်း ပြောလိုက်၏။

“ ဒီမှာ ဆေးလိပ်မသောက်ရ ဆိုတဲ့ ဆိုင်းဘုတ် ကပ်ထားလား… မကပ်ထားဘူး… အဲ့တော့ ဆေးလိပ်သောက်လည်း ဘာမှ မဖြစ်ဘူးဆိုတဲ့ သဘောပဲ မဟုတ်ဘူးလား..” လူးဝစ် ကတ်သီးကတ်သတ် စကားပြောလိုက်၏။

“ ဒါပေမယ့် ဒါက စားသောက်ဆိုင်လေ… ပြီးတော့ ဆိုင်ကလည်း သေးတယ်… နင်က ဆေးလိပ်သောက်နေမှတော့ သူများ ရောဂါအခံရှိတဲ့ သူတွေကို ဒုက္ခဖြစ်စေတာပေါ့…”

“ အဲ့တော့ ဘာဖြစ်လဲ… ငါဖြစ်တာမှ မဟုတ်တာ…” လူးဝစ် ပြောလိုက်ပြီး “ ဟွာရှန့်ဆိုင်လေးက ဘာမှတာ မဟုတ်တာ သောက်စည်းကမ်းတွေက ပေါသောနေတာပဲ…”

“ သူဌေး…. စားသောက်ဆိုင်ထဲမှာ ဆေးလိပ်သောက်နေလို့ လာပြောပေးပါဦး…”

ချက်ပြုတ်ပြီးနောက် လင်းရီ အပြင်သို့ ထွက်လာခဲ့သောအခါ ပြင်းထန်သည့် ဆေးလိပ်နံ့ကို

ရရှိလိုက်၏။ ပုံမှန်ဆိုပါက အနံ့ သိပ်မပြင်းသော်လည်း သေးငယ်သည့် ဆိုင်အနေအထားနှင့် ဟင်းပွဲတို့၏ ရနံ့တို့ကြောင့် ဆေးလိပ်အနံ့မှာ ပို၍ စူးရှပြီး သိသာနေလေသည်။

“ သူဌေး… ဒီလူတွေ ဆိုင်ထဲ ဆေးလိပ်သောက်နေကြတာ တစ်ဆိုင်လုံးလည်း ဆေးလိပ်နံ့တွေချည်းပဲ…” ဆံပင်အရှည်နှင့် မိန်းကလေးမှ ပြောလိုက်၏။

လင်းရီ ထိုမိန်းကလေးကို ဘာမျှပြန်မပြောပဲ ထိုအစား လူးဝစ်နှင့် နေသန်တို့ကို ကြည့်ကာ “ ဆိုင်ထဲမှာ ဆေးလိပ်သောက်ခွင့် မပြုထားဘူး…သောက်ချင် အပြင်မှာ သွားသောက်..” လင်းရီ ပြောလိုက်သည်။

“ မင်းဆိုင်ကလည်း စည်းကမ်းချက်တွေ များတာကွာ… တခြားဆိုင်တွေမှာဆို သောက်လို့ရပါတယ်…” လူးဝစ်ပြောလိုက်ပြီး” ပြီးတော့ ငါတို့က စားလို့တောင် မပြီးသေးတာကို မင်းက မောင်းထုတ်တော့မလို့လား…”

“ မင်း ဒီမှာ ဆက်စားမယ်ဆိုရင် စီးကရက်မီးကို ငြိမ်းလိုက်…”

“ ရတယ်… ဒါပေမယ့် ဆေးလိပ်က တစ်ဝက်ပဲ သောက်ရသေးတာဆိုတော့ ခု ငြိမ်းလိုက်မယ်ဆိုရင် နှမြောစရာကြီး ဖြစ်သွားမှာ မဟုတ်ဘူးလား….” လူးဝစ် အပြုံးလေးဖြင့် ပြောလိုက်၏။ သူ့တွင် ဆေးလိပ်မီးငြိမ်းရန် ရည်ရွယ်ချက်ကား မရှိ။

"အဲ့တာဆို အပြင်ထွက်ပြီးသောက် ..."

"ဒါပေမယ့် ငါမှာထားတဲ့ စတိတ်ခ်က
တစ်ဝက်ကြီးများတောင် ကျန်သေး........"

"မင်းမေလင်သွားတွေက စောက်ရမ်းကောင်းနေတော့
လက်ဝါးလာတောင်းနေတာလား..."လင်းရီ
စိတ်မရှည်တော့ပဲ ဆဲလိုက်လေသည်။

လင်းရီဆဲသည့်အသံကို ကြားတော့ လူးဝစ်
ကြက်သေသေသွားပြီး အချိန်မှီ မတုံ့ပြန်နိုင်လိုက်ချေ။
ဆိုင်ရှင်မှ သူ့ကို ဆဲလာလိမ့်မည်လို့ သူ လုံးဝ
ထင်မှတ်မထားပေ။

ယင်းဖြစ်ရပ်က ဆိုင်ထဲရှိ အမျိုးသမီး ကတ်စတန်မာများကို စိတ်လှုပ်ရှားသွားစေသည်။

ဆိုင်ရှင်က အရမ်း ယောက်ျားပီသတာပဲ.. ပြီးတော့ ဆွဲဆောင်မှုကလည်း အရမ်းရှိ...

"မင်းတို့ နှစ်ယောက်... ဆေးလိပ်မီးငြိမ်းမလား.. ဒါမှမဟုတ် ဆိုင်အပြင်မှာ ဆေးလိပ်သွားသောက်မလား...ယီးတီးယားတားတွေ တော့ လာမပြောနဲ့.. ငါက သိပ်စိတ်ရှည်တဲ့ကောင်မဟုတ်ဘူး...."

လူးဝစ် ထိုင်ခုံနောက်ကျောသို့ မှီ၍ ခြေတင်ချိတ်လိုက်ပြီး လက်ထဲတွင်လည်း စီးကရက်ကို ကိုင်ကာ လင်းရီကို ရွှတ်နောက်နောက်လိုက်သည်။

"ငါက ဆေးလိပ်သောက်ရင်း
စားချင်နေတယ်ဆိုရင်ကော... မင်း ဘာလုပ်မလဲ..."

"အဲ့တော့လည်း မင်းတောင်းဆိုတဲ့ အတိုင်းပဲပေါ့..."

လူးဝစ် ပြုံးလိုက်ကာ ဘေးစားပွဲဝိုင်းရှိ
ဆံပင်ရှည်ရှည်နှင့် မိန်းကလေးကို ကြည့်ရင်း
"မင်းမြင်လား... သူများတွေက ဒီမှာ
ဆေးလိပ်သောက်လို့ မရဘူး.. ဒါပေမယ့်
ငါကတော့ရတယ်... အဲ့တာ ကွာခြားချက်ပဲ... ဒီတော့
စကားများများ မပြောနဲ့.. ဒီဆိုင်က စတိတ်ခ်နဲ့ ဝိုင်က
တကယ်မဆိုးဘူး.. ငါတို့ ဇိမ်နဲ့ စားသောက်......"

လူးဝစ် စကားတစ်ဝက်တစ်ပျက်နှင့် ရပ်တန့်လိုက်ရ၏။

အဘယ်ကြောင့်ဆိုသော် လင်းရီမှာ သူ့လက်ထဲရှိ ဆေးလိပ်ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး လက်ကျန် စတိတ်ခ်တစ်ဝက်ပေါ်သို့ ဖိချေရင်း တရှဲရှဲမြည်သံများပင် ထွက်ပေါ်နေလေသည်။

လူတိုင်း ကြောင်အနေပြီး လင်းရီ၏ လုပ်ရပ်ကို နားမလည်နိုင်ဖြစ်နေကြစဉ် လင်းရီ လူးဝစ်၏ ဆံပင်ကို အားနှင့် ဆွဲလိုက်ပြီး ပန်းကန်ပြားနှင့် တအား ဖိကပ်ပစ်လိုက်၏။

အား.....

ကွဲကြေသွားသည့် ပန်းကန်နှင့်အတူ ခွေးအကြီး လှည်းနင်းသကဲ့သို့ လူးဝစ်၏ နာကျင်စွာ အော်ညည်းသံက ထွက်ပေါ်လာခဲ့လေသည်။

ထိုအခါ စားသောက်နေကြသည့် လူတိုင်း ရှော့ခ်ရသွားခဲ့ကြ၏။ လင်းရီ၏ တိုက်ခိုက်မှုက ရုတ်တရက်ဆန်လှကာ မည်သူကမျှ မတုံ့ပြန်လိုက်နိုင်ချေ။

"ငါ့ကိုလွှတ်..."

လူးဝစ် လက်နှစ်ဖက်ဖြင့် အားကုန်ထုတ်၍ ဆံပင်ဆွဲထားသည့် လင်းရီလက်ကို ဆုပ်ကိုင်ရင်း ရုန်းကန်လိုက်သည်။

သူ လင်းရီလက်မှ လွတ်မြောက်ချင်နေလေသည်။ သို့သော်လည်း မကြာမီ အချည်းနှီးသာဖြစ်ကြောင်း သတိပြုမိလိုက်၏။

"မင်းပဲ စီးကရက်သောက်ရင်း စားချင်နေတာ
မဟုတ်ဘူးလား... မင်းကို အဲ့လိုလုပ်နိုင်အောင်
ဖန်တီးပေးလိုက်ပြီလေ... အဲ့မှာ စားစမ်း... "

" မင်း... မင်းတို့ ဘောမရှိတဲ့ ဟွာရှန့်တွေက ချုံခိုပဲ
တိုက်ခိုက်တတ်တာလားကွ... အစွမ်းအစရှိရင်
ပွင့်ပွင့်လင်းလင်း တိုက်စမ်း....."လူးဝစ် ရှန်းကန်ရင်း
မခံချိမခံသာဖြစ်အောင် ပြောလိုက်သည်။

“ ရတယ်လေ…”လင်းရီ လူးဝစ်ကို လွှတ်ပေးလိုက်၏။
ထိုအခါ စတိခ်ပေါ် ရှိ အစာပလာတို့က
လူးဝစ်မျက်နှာပေါ်တွင် အပြည့်ဖြစ်နေလေသည်။

ထိုအခိုက်အတန့်တွင်တော့ လူးဝစ်မှာ အမျက်ချောင်းချောင်းထွက်နေသည့် ကျားရိုင်းသားကောင်ကဲ့သို့ ဖြစ်နေပြီး လင်းရီကို ဝါးမျိုချင်နေသည့် အကြည့်တို့ဖြင့် ကြည့်လိုက်၏။

“ ငါ့ကို တိုက်ခိုက်ရဲတယ်ပေါ့လေ… မင်းက သေချင်နေတာပဲကွ…”

ဘောက်ဆင်လေ့ကျင့်ထားသူပီပီ လူးဝစ် ညာဝိုက်လက်သီးဖြင့် လင်းရီကို ထိုးလိုက်၏။

ပထမအဆင့် တိုက်ခိုက်ရေးစွမ်းရည်နှင့် ပြီးပြည့်စုံသည့် ခန္ဓာတို့ကြောင့် လင်းရီ၏ တိုက်ပွဲဝင်စွမ်းအားမှာ ထိပ်တန်းအဆင့်သို့ရောက်ရှိနေချေပြီ။ လင်းရီ၏ ရှုထောင့်မှ ကြည့်လျှင်တော့ လူးဝစ်၏ တိုက်ကွက်က

သုံးတန်းကလေးငယ် ရန်ဖြစ်ရင်း
လျှောက်ငေ့ယမ်းနေသည့် အလားပင်။

သူ လူးဝစ်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်ကာ
ဆောင့်ဆွဲလိုက်၏။ ထိုအခိုက်အတန့်တွင် လူးဝစ်
သူ့ခန္ဓာကိုယ်ကို မထိန်းချုပ်နိုင်တော့ပဲ
လင်းရီအလိုကျရှေ့သို့ ပါလာခဲ့လေသည်။

ဒီလူက သူ့ထက်ပိုပြီး အားကောင်းတယ်…

လူးဝစ်ဟန်ချက်ပျက်သွားခဲ့ပြီး လင်းရီ
သူ့နောက်ကျောကို ကန်ကာ မြေပြင်သို့
လဲသိပ်လိုက်၏။

“ အိုး ဘုရားရေ… သူ့ဒြေးက အရမ်းတော်တာပဲ…”

စားသောက်ဆိုင်ထဲရှိ လူတစ်ချို့မှာ လူးဝစ်နှင့်
နေသန်တို့က သွားရှုပ်လို့ကောင်းသည့် လူများ
မဟုတ်ကြောင်း သိလေသည်။ ယနေ့တွင်တော့
ထိုလူများက ခန့်ညားသည့် ဆိုင်သူဌေးလေး၏
ရိုက်နှက်ခြင်းကို ခံရလိမ့်မည်လို့
ထင်မှတ်မထားခဲ့ကြချေ။

ကြည့်ရတာ အရသာရှိလိုက်တာကွာ…

လူးဝစ် ခက်ခဲစွာ ကုန်းရုန်းထလိုက်ပြီး လင်းရီကို
အကြောက်တရားတို့ ကြီးစိုးနေသည့် မျက်ဝန်းတို့ဖြင့်
ကြည့်လိုက်၏။

“ မင်းက ဒီလာပြီး ရှုးလာပြနေတာလား…” လင်းရီ အေးစက်စွာ ပြောလိုက်သည်။

“ ငါက အမေရိကန် နိုင်ငံသား… မင်း ဘယ်လိုတောင် ရိုက်ရဲတာလဲကွ…. ဒီကိစ္စ ဒီမှာတင် မပြီးသေးဘူး..”

“ ဟုတ်လား… ဆိုတော့ မျက်နှာဖြူကောင် ဘယ်နှစ်ကောင်တောင် ပို့ချင်သေးတာ…’

ပြောရင်း ဆိုရင်း လင်းရီ ခြေကန်ချက်တစ်ချက် ထုတ်လိုက်ကာ လူးဝစ် နှာခေါင်းရိုး ကျိုးသွားလေသည်။

အား……

အော်ဟစ်သံမှာ ဆိုင်ထဲတွင် စူးဝါးစွာ

ထွက်ပေါ်လာခဲ့ပြီး လူးဝစ် သူနှာခေါင်းကို အုပ်ရင်း

ကြမ်းပြင်ပေါ်တွင် နာကျင်စွာဖြင့် လူးလိမ့်နေတော့၏။

“ ထပ်ပြောဦးလေ…ငါက အမေရိကန်နိုင်ငံသားလို့ …”

“ မ…မပြောတော့ဘူး…”

“ မင်းကကော…” လင်းရီ နေသန်ကို

စိုက်ကြည့်လိုက်၏။

“ ငါ… ငါလည်း မပြောတော့ဘူး… ငါလည်း

အမေရိကန် နိုင်ငံသားမဟုတ်ဘူး… မင်း

လက်မလျှော့နဲ့နော် …”

“ အမှိုက်တွေ….အချိန်လာဖြုန်းမနေနဲ့…” လင်းရီ စိတ်မရှည်စွာ ပြောလိုက်ပြီး “ မြန်မြန် ပိုက်ဆံပေးပြီး ဒီကလစ်တော့…”

“ဟုတ် ဟုတ် … ခုပဲ ပိုက်ဆံပေးပါ့မယ်…”

“ စုစုပေါင်း ယွမ် ၁၄၀,၀၀၀ ကျတယ်.. ငွေသားနဲ့ ပေးမလား.. ကတ်နဲ့ပေးမလား…”

“ ၁၄၀,၀၀၀….”

လူးဝစ်နှင့် နေသန်သာမက ဆိုင်ထဲရှိ လူတိုင်း ကြက်သေသေသွားကြလေသည်။

ဟင်းလျာတွေက ဈေးကြီးတယ်ဆိုပေမယ့်
အဲ့လောက်ထိ ဈေးကြီးတာကတော့
မဖြစ်သင့်ဘူးမလား…

သူ့ဌေးက ဒီလောက် ခန့်ညားနေတာကို
ပွင့်ပွင့်လင်းလင်းကြီး ငွေညစ်နေတာလည်း
မဖြစ်နိုင်ပါဘူး…

" စတိတ်ခ်က ၂,၈၀၀ … ကျန်တာက ဝိုင်နီဖိုး… အဲ့တာ
လေးနှစ်သက်တမ်းရှိတဲ့ Romanee Conti ….
မင်းထင်နေတာ အဲ့ဝိုင်ကို ဈေးပေါတယ်
ထင်နေတာလား…"

နှစ်ယောက်လုံး အံ့အားသင့်သွားခဲ့ကြ၏။ သူတို့
အထင်သေးပြီး ဘာမျှမကြည့်ပဲ ကြုံရာ

ဆွဲထုတ်လိုက်သည့် ဝိုင်ပုလင်းက ထိုမျှ ဈေးကြီးနေသည်လော။

လင်းရီ၏ စကားလုံးများက ဆိုင်ထဲရှိ လူတိုင်းကို အကြီးအကျယ် အံ့အားသင့်သွားစေခဲ့သည်။

အဲ့လောက် ဈေးကြီးတဲ့ဝိုင်က ရှိသေးတာလားဟ…

သေချာတာကတော့ ငါတို့လို သာမန်လူတွေနဲ့ မအပ်ဆက်ဘူးဆိုတာပဲ….

“ ငါ… ငါတို့မှာ အဲ့လောက် ပိုက်ဆံ အများကြီး မရှိဘူး…”

"မင်းတို့မှာ ပိုက်ဆံမရှိဘူး.." လင်းရီ လေသံတင်းမာသွားပြီး " ဒါဆို မင်းတို့က အလကားလာစားတာလား..."

" မဟုတ်ပါဘူး.. ငါတို့ဆိုလိုတာ... ငါတို့ကို ရက်နည်းနည်းလောက်ပေး... ပိုက်ဆံစုပြီးလာပေးပါ့မယ်... ငါတို့ကို ဘာမှမလုပ်ပါနဲ့..." နေသန် အသံတုန်တုန်ဖြင့် ပြောလိုက်၏။

လူးဝစ် ဆိုးဆိုးရွားရွား အရိုက်ခံထားရသည်ကို မြင်တော့ နေသန် သေးထွက်ကျလုမတတ် ကြောက်ရွံ့သွားခဲ့လေသည်။

သူ့ခန္ဓာကိုယ်က လူးဝစ်လောက် မသန်မာချေ။
အကယ်၍ သူသာ ထိုကဲ့သို့ အရိုက်ခံရမည်ဆိုပါက
ချက်ချင်း ဆေးရုံရောက်သွားနိုင်လေသည်။

“ လင်းရီ…”

ဝမ်ရန် မီးဖိုချောင်ထဲမှ ထွက်လာခဲ့ပြီး
“ နင့်ဒေါသကိုလည်း နည်းနည်းပါးပါးထိန်းဦး… သူတို့ကို
ငါတို့ကိုယ်တိုင် ကိုင်တွယ်တာက
မကောင်းဘူး…ရဲလက်ထဲပဲ လွှဲလိုက်ကြရအောင်…”

“ အင်း… အဲ့လိုလည်း ရတာပဲ…”

လင်းရီ ချက်ချင်းသဘောတူလိုက်၏။
ယင်းနည်းလမ်းက ယခုအခြေအနေနှင့်

အသင့်တော်ဆုံးနည်းလမ်းပင်။ အနီး ငှနွားများကို
ဆက်ထားနေပါကလည်း သူ၏ စီးပွားရေးကို
နှောင့်နှေးထားသလို ဖြစ်ပေလိမ့်မည်။

အကယ်၍ သူတို့ကို ပြန်လွှတ်လိုက်ပြန်လျှင်လည်း
စူဌလိပ် ရေထဲလွှတ်လိုက်သကဲ့သို့ ဖြစ်ပြန်ပေဦးမည်။

ထို့ကြောင့် ရဲများကို ကိုင်တွယ်ခိုင်းသည်က
အကောင်းဆုံးနည်းလမ်းဖြစ်၏။

ဝမ်ရင်း သူမဖုန်းထုတ်၍ ရဲခေါ်ရန် ဟန်ပြင်လိုက်သည်။
သူမတို့ဘက်က မှန်ကန်နေသောကြောင့် ရဲများက
သေချာပေါက် တရားမျှတမှုကို ရှာဖွေပေးပေမည်။

" သူဌေး… နင် ရဲခေါ်လိုက်တာက အကြံကောင်းတော့ မဟုတ်ဘူးနော်…" ဆံပင်အရှည်နှင့် မိန်းကလေးမှ ပြောလိုက်၏။

" အမ်… ဘာလို့တုန်းဟ…"

" သူတို့က နိုင်ငံခြား ပညာတော်သင် ကျောင်းသားတွေလေ…. ရဲတွေက သူတို့ဘက်ကနေ သေချာပေါက် ရပ်တည်ပေးမှာ…" မိန်းကလေးမှ ပြောလိုက်ပြီး " မှတ်မိပါသေးတယ်…အရင်တုန်းက သူတို့ နိုင်ငံခြားကျောင်းသားတွေ ဒေသခံတွေနဲ့ ရန်ဖြစ်တော့ နာရီဝက်လားပဲ ကြာတော့ ပြန်လွတ်လာခဲ့တာ… ပြီးတော့ တစ်ဖက်သူကတောင် သူတို့ကို လျော်ကြေး ပြန်ပေးလိုက်ရသေးတယ်…"

“ တကယ်…” လင်းရီ အံ့အားသင့်သွားခဲ့၏။

“ အမှန်ပဲ… ကျွန်တော် တစ်ယောက်လုံး အာမခံပေးလို့ရတယ်…” ကောင်လေးတစ်ယောက်မှ ပြောလိုက်ပြီး “  ကျွန်တော့်အမြင်ရတော့ ဒီကိစ္စကို သီးသန့်ဖြေရှင်းပြီးတော့ သူတို့နှစ်ယောက်ကို ပိုက်ဆံ ပြန်ယူခိုင်းလိုက်တာ ကောင်းမယ်…”

“ သဘောတူတယ်…. မဟုတ်ရင် သူတို့ဘက်ကတောင် သူဌေးကို တရားမဝင်ဆိုင်ဖွင့်ပြီးတော့ ဈေးတွေ အဆမတန်တင်ထားပါတယ်ဆိုပြီး ပြန်စွပ်စွဲနေကြဦးမှာ… အဲ့လိုသာဆို ပိုက်ဆံ ပြန်မရတဲ့အပြင် ကိုယ်ကပါ ပြန်ပေးရကိန်း စိုက်နေဦးမယ်…”

ထိုစကားကို ကြားတော့ ကြမ်းပြင်တွင် လဲနေသည့် လူးဝစ် ပြုံးလိုက်၏။

လက်ရှိ အခြေအနေအရတော့ ရဲခေါ်လိုက်သည်က သူ့အတွက် အကောင်းဆုံး ရွေးချယ်မှုပင်။ သူနှင့် နေသန့်မှာ အမေရိကန်နိုင်ငံမှ ပညာတော်သင်ကျောင်းသားများဖြစ်ကြ၏။ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးအရ ယခုကိစ္စကို အကျယ်ချဲ့ဝံ့မှာ မဟုတ်ပဲ သူတို့ဘက်ကပင် ရပ်တည်ပြောဆိုပေးကြမည်မှာ သေချာပေါက်ပင်။

ထိုအချိန်သည်ကား သူ လက်စားချေရန် အကောင်းဆုံးအချိန်ဖြစ်၏။

## အခန်း (၆၂၅)

## ရဲတွေက ဒီလိုပဲ ပြန်သွားကြတာလား

“ မဟုတ်ဘူး… ငါတို့ ရဲခေါ် ဖို့လိုတယ်…” လူးဝစ် အားတက်သရော ပြောလိုက်၏။

“ မဟုတ်ဘူးနော်… သူဌေး… ရှင် ရဲခေါ်လို့မရဘူး…” ဆံပင်အရှည်နှင့် မိန်းကလေးမှ ပြောလိုက်သည်။

“ အဲ့တာ ငါတို့ ကိစ္စ …သောက်ကောင်မ… မင်းစောက်ပါးစပ်ကို ပိတ်ထားစမ်း…”

ဝှစ်....

လင်းရီ လူးဝစ် သောက်ခွက်ကို ထပ်မံ ဖြတ်ကန်လိုက်၏။

“ မင်းငါ့ ကတ်စတန်မာကို ဘယ်လိုလေသံနဲ့ ပြောနေတာတုန်းကွ...”

“ ဟုတ် ဟုတ် .... ငါ စကားပြောသွားမှားသွားတာ....”
အကန်ခံရပြီးနောက် လူးဝစ်မှာ ချက်ချင်း အပိုးကျိုးသွားကာ အသံတစ်သံပင် မထွက်ရဲတော့ပဲ ကြမ်းပြင်ပေါ်၌ လဲလျောင်းနေတော့၏။

“ သူဌေး …ငါ့စကားကိုနားထောင်… ငါတို့ ရဲခေါ်လို့မရဘူး…”

“ အဆင်ပြေပါတယ်… တရားမျှတမှုက လူတိုင်းရဲ့ ရင်ဘက်ထဲမှာ ရှိပြီးသားပဲ… ငါတို့က ဒီကိစ္စမှာ မှန်တဲ့ဘက်က… ဆိုတော့ ဘာကြောက်စရာရှိလို့…”

အမှန်ပင်။ သို့သော်လည်း ဆိုင်ထဲရှိ ကျောင်းသား/သူများကတော့ အနည်းငယ် စိုးရိမ်ပူပန်နေကြသေး၏။

သူဌေးက ငယ်သေးတော့ အဲ့လို ကိစ္စမျိုးတွေ တွေ့ကြုံဖူးသေးမှာ မဟုတ်ဘူး… ဒါကြောင့်မို့ အခြေအနေတွေက ဘယ်လောက်ဆိုးလဲဆိုတာ နားမလည်သေးတာနေမှာ…

များမကြာမီ ဆိုင်အပြင်၌ ရဲကားသံများ ထွက်ပေါ်လာပြီး ခရိုင်ရဲဌာနမှ ရဲအရာရှိများ ဝင်ရောက်လာကြသည်။

“ ဘဒို ရဲတွေလာနေပြီ....”

ရဲတွေကို မြင်တော့ လူးဝစ်နှင့် နေသန်တို့မှာ ၎င်းတို့၏ ကယ်တင်ရှင်ကို တွေ့မြင်လိုက်ရသည့်အလား အူးယားဖားယား ပြေးတိုင်ကြတော့၏။

“ ရဲအရာရှိကြီး... ဒီဟွာရှန့်ကောင် ငါတို့ကို ရိုက်တယ်... ပြီးတော့ စတိတ်ခ် အတုနဲ့ ဝိုင်တွေ ချပေးပြီးတော့ ငါတို့ဆီက ယွမ် တစ်သိန်းကျော်တောင်

လာညစ်နေတာ.... မင်း ဒီကိစ္စကို
သေချာဖြေရှင်းပေးရမယ်....”

ဆိုင်ထဲရှိ ရုန်းရင်းဆန်ခက်ကို မြင်တွေ့လိုက်ရသည့်
ကျောင်းသူ/သားတိုင်း ၎င်းမြင်ကွင်းကို အေးစက်စွာ
မျက်မှောင်ကြုတ်ရင်း ကြည့်နေကြ၏။
ကိစ္စများကတော့ သူတို့ မျှော်မှန်းထားသည့်အတိုင်း
ဖြစ်လာချေပြီ။

ဤလူများမှ စတင်ရန်ရှာကြောင်း
ရှင်းလင်းနေပါသော်လည်း ခံရသူနေရာမှ နေ၍
မျက်ရည်ထိုးခံ စကားပြောနေကြသည်။

မည်မျှ ရှက်ဖို့ ကောင်းလိုက်ပါသနည်း။

“ ရဲအရာရှိကြီး.. သူတို့ပြောတာတွေ တစ်ခုမှ မဟုတ်ဘူး…” ဝမ်ရင်း မတ်တပ်ရပ်၍ ရှင်းပြလိုက်ပြီး “ သူတို့က ဆိုင်ထဲမှာ ဆေးလိပ်အရင်သောက်တာ… ကျွန်မတို့ဆိုင်က စည်းမျဉ်းတွေကိုလည်း မလိုက်နာဘူး… ပြီးတော့ ကျွန်မတို့ဆိုင်က အစားအသောက်တွေ ဈေးကြီးတယ်ဆိုပေမယ့် လုံးဝ စစ်မှန်တယ်…. ယွမ် တစ်သိန်းကျော် ကျတယ်ဆိုတာ သာမန်ပဲ….”

“ စစ်မှန်တယ်… မင်းထင်နေတာ မီချယ်လင်းကြယ်သုံးပွင့်ဆိုင် ထင်နေတာလား…” နေသန်ပြောလိုက်ပြီး “ ငါ ယေရှုရဲ့အမည်နာမကို တိုင်တည်ပြီးတော့ ကျိန်ရဲတယ်… အဲ့ဒီ စတိတ်ခ်က အတုတွေ…. ပြီးတော့ ဝိုင်ကောပဲ…

နှစ်ခုကုန်ကျစရိတ်က ယွမ် ၅၀ တောင်
မကျော်သင့်တာကို မင်းတို့က တကယ်ကြီး ယွမ်
တစ်သိန်းကျော် လိုချင်နေတယ်ပေါ့လေ.. ဒါကြီးက
လွန်ကျူးသွားပြီ.... နေ့ခင်းကြောင်တောင်
ဓားပြနေတာပဲ.... ဘုရားက မင်းတို့ကောင်ကို
ခွင့်လွှတ်မှာ မဟုတ်ဘူး..."

နေသန့်၏ အရှက်တရား ကင်းမဲ့လွန်းလှသည့်
စကားလုံးများကို ကြားတော့
အခြားကျောင်းသားများမှာ မည်သို့မျှ
သည်းမခံနိုင်တော့ပဲ " အရာရှိကြီးတို့... ဒီကောင်တွေ
လိမ်နေတာ... ဆိုင်ရှင် မမှားဘူး... ဒီကောင်တွေ
ဆေးလိပ်အရင်ဆုံး စသောက်တာ...."

“ ဟုတ်တယ်… ကျွန်တော်တို့ သက်သေခံပေးလို့ရတာ… အဲ့ နိုင်ငံခြားသားနှစ်ယောက်က ဆေးလိပ်အရင်စသောက်တာ….”

“ ရပ် ရပ် ရပ်… အားလုံး တိတ်ကြ…” အမျိုးသားရဲ့အရာရှိမှ ပြောလိုက်ပြီး “ ငါတို့ ဒီကိစ္စကို သေချာလေး စုံစမ်းစစ်ဆေးသွားမယ်…”

“ ဘာမှ စုံစမ်းစစ်ဆေးနေစရာ မလိုဘူး…” လင်းရီ ပြောပြီးနောက် လူးဝစ်နှင့် နေသန်ကို ကြည့်ကာ “ ငါရဲ့ခေါ်လိုက်တယ်ဆိုတာက အချိန်ကုန်သက်သာအောင်လို့…အဲ့ဒါမှ ငါ ဈေးဆက်ရောင်းလို့ရမှာ… ဒါပေမယ့် ခုတစ်မျိုး

တော်ကြောတစ်မျိုးလုပ်နေတဲ့ မင်းတို့က နည်းနည်းလေး ယောက်ျားမဆန်သလိုပဲ.... မင်းမှာ ဘောတွေပါတယ်ဆိုရင် အမှန်ကို အမှန်အတိုင်း ဝန်ခံလိုက်...."

" ငါ လချီးကို ဝန်ခံပါလား... မင်းငါ့ကို အရင်ထိုးတာ မဟုတ်ဘူးလား... ငါတို့က ဘာမှပြန်မလုပ်ဘူး...အဲ့တော့ အပြစ်ကင်းတယ်..." လူးဝစ် ပြောလိုက်၏။

" ဟမ့် ရဲတွေ မလာခင်တုန်းက ဖင်တုန်အောင်ကြောက်နေတဲ့ကောင်ကများ ခု ပြန်ပြောရဲနေတယ်ဆိုတော့....ဘာလဲ... မင်းထင်နေတာ ရဲတွေရောက်လာတာနဲ့ပဲ မင်းကို

ကျောက်ထောက်နောက်ခံ ပြုပေးမယ်လို့ ထင်နေတာလား…”

“ ငါက အမေရိကားသားကွ… ရဲတွေက သေချာပေါက် ကူညီပေးမှာပဲ… ငါတို့ခုလို ဟွာရှမှာ အနိုင်ကျင့်ခံနေရမှန်း နိုင်ငံက သိရင် ဘာဖြစ်သွားမယ်လို့ ထင်လဲ…”

လင်းရီ ဒေါသထွက်စွာ ရယ်မောလိုက်ပြီး “ငါ အသက်ရှင်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီ… ဒါပေမယ့် မင်းလောက် သူရဲဘောကြောင်တဲ့ကောင်တော့ ခုမှ မြင်ဖူးတာပဲ…”

“ အဲ့တော့ ဘာဖြစ်လဲကွာ….. ဘာပဲဖြစ်ဖြစ် ရဲတွေက မင်းကို အလွတ်ပေးမှာမဟုတ်ဘူး…”

လင်းရီ ရဲ့အရာရှိ နှစ်ယောက်ရှေ့သို့ ရောက်လာခဲ့ပြီး
အပြုံးလေးဖြင့် “ ငါ ဘယ်သူလဲသိလား…”

“ သိ..သိတာပေါ့…”
အမျိုးသား ရဲ့အရာရှိမှာ စိတ်တုန်လှုပ်နေပြီး
မလွယ်ကူသယောင် ခံစားလိုက်ရသည်။

ငါတို့က ဒါရိုက်တာကို မသိဘူးဆိုရင်တောင်မှ
မင်းကိုတော့ သိတယ်ကွ….

ကျိုးဖန့် ပြဿနာရှာစဉ်တုန်းက လျှန်ရှုရှယ်မှ လင်းရီကို
ကျောထောက်နောက်ခံ ပြုပေးခဲ့လေသည်။

ကိစ္စများမှာ အပေါ်ယံ၌ တည်ငြိမ်နေသယောင်ရှိသော်လည်း ခရိုင်ရဲဌာနက အဖြစ်အပျက်များကို အမှောင်ထဲမှ တိတ်တဆိတ် စောင့်ကြည့်ကြ၏။ တစ်ခုခုကြီးကြီးမားမား ဖြစ်ပျက်သွားမည်ကို စိုးရွံ့နေကြလေသည်။

“ သိရင် အပြင်အရင်ဆုံးထွက်သွားလိုက်… ငါခေါ်မှ ပြန်လာခဲ့…”

“ ကောင်းပြီ…. ကျွန်တော်တို့ အရင် ထွက်သွားလိုက်မယ်… တစ်ခုခုလိုအပ်ရင် လှမ်းခေါ်လိုက်နော် သူဌေး…”

ထိုသို့ပြောပြီးနောက် ရဲအရာရှိနှစ်ဦးမှာ ထွက်ခွာသွားကြလေသည်။ လူးဝစ်နှင့်

နေသန့်တို့ကတော့ ရှုပ်ထွေးမှုပေါင်း
သောင်းခြောက်ထောင်နှင့်အတူ နေရာ၌ ငူငူငိုင်ငိုင်ကြီး
ရပ်တန့်နေခဲ့ကြ၏။

ဘာဖြစ်နေလဲဆိုတာကို သူတို့ လိုက်မမှီတော့ချေ။

သူတို့က အဲ့လိုပဲ ပြောပြီး ပြန်ထွက်သွားကြတယ်လား…

ကြည့်ရှုနေကြသူများလည်း ထူးမခြားနားပင်။

‘ မင်းက ရဲတွေကို အဲ့လိုမျိုး စကားတစ်ခွန်းတည်းနဲ့
မောင်းထုတ်လိုက်တယ်ပေါ့လေ…’

အဲ့ဒီရဲဌာနကကော ဒီရဲ့သူဌေးချောလေး
ပိုင်တာများလား…

လင်းရှီ လူးဝစ်နှင့် နေသန်ကို ကြည့်လိုက်ပြီး
“ မင်းတို့ပြော… ငါ လုပ်ထုံးလုပ်နည်းတွေအတိုင်း
ရှေ့ဆက်ရမှာလား… ဒါမှမဟုတ် ကိုယ်ထိလက်ရောက်
အရေးယူရမှာလား..”

“ မင်း .. မင်း ဘာမှ လုပ်လို့မရဘူး… ငါတို့က
အမေရိကန်နိုင်ငံသားတွေ… မင်းငါတို့ကို ထိရင်
ခေါင်းခံရလိမ့်မယ်….”

“ မင်းမေလင်ခေါင်းကြီးပဲသွားခံ… ငါ ကြောက်မယ်များ
ထင်နေလား…”

လင်းရှီ နေသန်ခေါင်းကို ဆွဲပြီး ဒူးနှင့်တိုက်ချလိုက်၏။
သကောင့်သားမှာ လူးဝစ်နည်းတူ

နှာခေါင်းရိုးကျိုးသွားခဲ့ပြီး မြေပြင်ပေါ်တွင် စူးစူးဝါးဝါး အော်ဟစ် လူးလိမ့်နေရလေသည်။

လူးဝစ် ကြောက်လန့်တကြား ဖြစ်သွားခဲ့ပြီး ခေါင်းကို လက်နှစ်ဖက်ဖြင့် ကာ၍ စတင် တောင်းပန်တော့၏။

“ မလုပ်ပါနဲ့ .. ငါတို့ စမှားတာပါ… ငါတို့ ပေးပါ့မယ်… မလုပ်ပါနဲ့..”

“ ဟမ့်…ငကြောက်တွေ…”

လင်းရီ လက်ဖဝါးနှစ်ဖက်ကို ခါခပ်လိုက်ပြီး အပြင်ဘက်ရှိ ရဲသားနှစ်ယောက်ကို ဝင်လာရန် အချက်ပြလိုက်၏။

“ မစ္စတာလင်း ပြီးသွားပြီလား… ကျွန်တော်တို့ ခေါ်သွားပေးရတော့မယ်ဆိုရင် ပြောနော်…”

“ ပြန်ခေါ်သွားပြီး သေချာလေး စစ်ကြောရေး လုပ်လိုက်…. မင်းတို့ အဲ့ဒီ လုပ်ထုံးလုပ်နည်းကို ကျော်ပစ်လိုက်လို့ မရဘူး…”

“ ဟုတ် ဟုတ်… သေချာပေါက် လုပ်ရမှာပေါ့…” ရဲအရာရှိ နှစ်ဦးမှ ချွေးအေးများ သုတ်ရင်း ပြောလိုက်၏။

“ ပြီးတော့ ဒီကောင်တွေ စားစရိတ်နဲ့ ငါ့ဆိုင် ပစ္စည်းဖိုး ယွမ်နှစ်သိန်းကောပဲ… တကယ်လို့ မပေးဘူးဆိုရင် ပြန်မလွှတ်ပေးနဲ့….”

“ အိုကေ အိုကေ… ကျွန်တော်တို့ ပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်….”

“ အင်း… “ လင်းရီ လက်ဝှေ့ယမ်းလိုက်ပြီး “ သွားကြတော့..”

လင်းရီ ညွှန်ကြားသည့်အတိုင်း ရဲသားနှစ်ယောက်မှာ လူးဝစ်နှင့် နေသန်ကို ခေါ်ဆောင်သွားခဲ့ကြ၏။

ထိုအခါ ဆိုင်ထဲရှိ ကတ်စတန်မာများအားလုံး လင်းရီ မည်မျှအံ့အားသင့်ဖို့ ကောင်းကြောင်း မြင်တွေ့လိုက်ရလေသည်။ ရဲသားများ ရောက်လာပြီးနောက် သူဌေးချောလေးကို မြင်သည်နှင့် ရိုရိုကျိုးကျိုးဖြစ်သွားကာ ချက်ချင်းလက်ငင်း ပျူငှာသွားကြ၏။

ယင်းက အံ့အားသင့်စရာကြီးပင်။

“ အားလုံးပဲ… ငါတို့ရဲ့ ဒီနေ့မနက်

ဝန်ဆောင်မှုပေးတဲ့အချိန်ကတော့ ဒီလောက်နဲ့ပဲ

ရပ်လိုက်ရေတာ့မယ်…” လင်းရီ ပြောလိုက်ပြီး

“ မွန်းလွဲသုံးနာရီမှ ဆိုင်ပြန်ဖွင့်တော့မှာ…လူတိုင်းလည်း

နားလည်မှာပါ… စိတ်တော့မကောင်းပါဘူး…”

“ နားလည်တာပေါ့ သူဌေးရဲ့..” ကောင်မလေးမှ

လေးစားစွာဖြင့် ပြောလိုက်ပြီး “ သူဌေးက

ကျွန်မတို့ကိုယ်စား ပညာပြပေးလိုက်တာလေ…

အရမ်းပျော်တာပဲသိလား…”

“ အပဟိ…ဘော့စ်က တိုက်တာခိုက်တာ

ဒီလောက်ကောင်းမယ်လို့တောင်

ထင်မထားဘူး…ဝမ်းဗိုက် ပေါင်မုန့်တုံးကြီးတွေလည်း

ရှိမှာပေါ့နော်… ကျွန်မ ထိကြည့်လို့ရလား…”

“ သေချာတာပေါ့… ဘယ်ရမှာ…”

“ ဟားဟား…”

ရယ်မောပြီးနောက် စားသောက်ဆိုင်ထဲရှိ လူတိုင်း

တစ်ယောက်ပြီးတစ်ယောက်

ထွက်ခွာသွားကြလေသည်။

သို့သော်လည်း ဝမ်ရင်းကတော့ ထွက်မသွားသေးချေ။

ထိုအစား လင်းရီကို ဆိုင်သန့်ရှင်းရေး ကူလုပ်ပေးရင်း

ကြမ်းပြင်ပေါ် ရှိ သွေးစသွေးနများကို
ဆေးကြောတိုက်ချွတ်ပေးလေသည်။
အားလုံးလုပ်ပြီးမှသာ ထွက်ခွာသွားခဲ့၏။

မွန်းလွဲသုံးနာရီသို့ မရောက်သေးခင် အချိန်တစ်ချို့
ရသောကြောင့် လင်းရီ အနားယူချိန်ကို နေဆာလှုံရင်း
အပြည့်အဝ ခံစားနေသည်။

စနစ်၏ နောက်တစ်ဆင့်မစ်ရှင်မှာ
အလုပ်လုပ်နေစဉ်အတွင်း လျှပ်တစ်ပြက်
ပေါ်ပေါက်လာမည်ဖြစ်သောကြောင့် သူ ရပ်တန့်လိုက်၍
မဖြစ်ချေ။

မွန်းလွဲသုံးနာရီတွင်တော့ လင်းရှိ 'ဆိုင်ပိတ်သည် ' ဆိုင်းဘုတ်ကို ဖြုတ်ချပြီး ကတ်စတန်မာများကို စတင်လက်ခံလေသည်။

မကြာမီ ဆိုင်တံခါး ပွင့်ဟလာခဲ့ပြီး ရယ်မောဆည်းလည်းသံများက အရင်ဆုံး ပျံ့လွင့်လာသည်။

“ ရှောင်ဝမ်… ခုတလော ဒီတစ်ဝိုက်မှာ ဒီရဲ့ စားသောက်ဆိုင်က တော်တော်လေးကို နာမည်ကြီးနေတာ သိလား.. ပြီးတော့ သူဌေးလေးကလည်း အရမ်းချောတယ်ဆိုပဲ … စားကြည့်ကြည့်ကြတာပေါ့နော…”

စားသုံးသူ၏ အသံကို ကြားတော့ လင်းရီ မီးဖိုချောင်ထဲမှ ထွက်လာခဲ့လိုက်၏။ ထိုအခါ သူ ဝင်လာသည့် မိန်းကလေး နှစ်ယောက်ကို သတိပြုမိလိုက်ပြီး ထူးဆန်းစွာဖြင့် သူနှင့် တစ်နေရာတွင် ဆုံဖူးကြောင်း ခံစားလိုက်ရ၏။

ကြည့်ရသလောက်တော့ နံနက်ပိုင်းတွင် သူနှင့် အဆောက်အဦး၌ ဆုံခဲ့သည့် မိန်းကလေး ဖြစ်ပုံရ၏။

ရှီးဝမ်နှင့် ဟန်ဖေးတို့လည်း ထပ်တူညီစွာ အံ့အားသင့်သွားကြသည်။

သူမတို့ အပျော်လင်လေးကို ယခုလိုနေရာ၌ တွေ့လိုက်ရလိမ့်မည်လို့ မျှော်လင့်မထားချေ။

‘ သူက သူ့ဌေးလား…’

အရမ်းချောတယ်ဆိုတော့ …..

အင်း… ဖြစ်နိုင်ပါတယ်….

**အခန်း (၆၂၆)**

**တကျောအိုကြီး**

“ နင်…နင်က ဒီဆိုင်ပိုင်ရှင်လား..” ဟန်ဖေး မယုံကြည်နိုင်သည့် လေသံဖြင့် မေးလိုက်ပြီး

“ အဲ့လိုတော့ မဖြစ်နိုင်ပါဘူးနော…”

လင်းရီကတော့ ထိုနှစ်ယောက်ကို ခေါင်းထဲပင်
ထည့်မနေချေ။ မနက်တုန်းက ကိစ္စကို လင်းရီမှာ
မေ့လုမေ့ခင် ဖြစ်နေလေပြီ။

" ဒါပေါ့…"

" မီနူးထဲက ဟာတွေအကုန် မှာလို့ရတယ်..
စားချင်တာမှာကြ…"

သူမတို့ မီနူးကို ကြည့်လိုက်ကြသည်။
အစားအသောက်များမှာ စျေးမပေါသော်လည်း သူမတို့
တတ်နိုင်ကြလေသည်။

“ ဥထမင်းကြော်နှစ်ပွဲ.. ဝက်ရှုံရိုးပြောင်းစွပ်ပြုတ်.. ပြီးတော့ မုန်လာဥချဉ်တစ်ပွဲ…”

“ အိုကေ…ခနလေး စောင့်ပေးပါ..”

လင်းရှီ မီးဖိုချောင်ထဲသို့ ပြန်ဝင်သွားသည်ကို မြင်တော့ ဟန်ဖေး ရှီးဝမ်၏ နားထဲသို့ တီးတိုးပြောလိုက်၏။

“ ရှောင်ဝမ်.. ဘာတွေလဲ ဖြစ်နေတာ.. သူက ဒီဆိုင်ရဲ့ စားဖိုမှူးလား… အဲ့တာဆို ဘာလို့ အင်ကျူဘေးရှင်းစင်တာမှာ အထပ်လာငှားနေတာ…. ဒီရဲ့နယ်ပယ်နှစ်ခုက ဘာမှ မအပ်စပ်ဘူးလေ…”

ရှီးဝမ် စဉ်းစားလိုက်ပြီး ယခုလို ပြောလိုက်၏။ “ သူ အဲ့မှာ ကန်သင်းလုပ်မလို့များလား…”

“ အာ… ဖြစ်နိုင်တာပဲ…” ဟန်ဖေးပြောလိုက်ပြီး “ ပုံမှန်ဆို အဲ့လို အဆောက်အဦးမျိုးတွေထဲမှာ ကန်သင်းတစ်ခု ရှိတာက ပုံမှန်ပဲ… ပြီးတော့ သူက စားဖိုမှူးဆိုတော့ ပိုပြီးတောင် ဖြစ်နိုင်သေးတယ်…”

“ အဲ့လိုဆိုရင်တော့ ငါတို့မှာ အခွင့်အရေး မရှိတော့ဘူးထင်တယ်..”ရှီးဝမ် ပြောလိုက်ပြီး “ ကန်သင်းတည်မယ်ဆို အထပ်ကြီးတစ်ခုလုံး နေရာယူသွားမှာ… ပြီးတော့ ဈေးလည်း ပေါ်မှာမဟုတ်လောက်ဘူး….”

ရှီးဝမ်၏ စကားကို ထောက်ခံစွာဖြင့် ဟန်ဖေး ခေါင်းညိမ့်လိုက်ပြီး “ အထပ်တစ်ခုလုံးကို ငှားပေးနိုင်တဲ့အထိ အမ်းနိုင်တယ်ဆိုတော့…အဲ့ဒီ

နေကာမျက်မှန်နဲ့ အမျိုးသမီးက တော်တော်လေး ချမ်းသာတယ်နဲ့တူတယ်နော်…”

“ ဘယ်တတ်နိုင်မှာ… သူကလည်း အရမ်းချောနေတာကိုး…”

“ အဲ့လို ပြောလို့တော့ ဘယ်ရမှာ…” ဟန်ဖေး ပြောလိုက်ပြီး “ နင်လည်း အရမ်းလှတာပဲလေ… အဲ့တာတောင် နင့်ဒူးနင်ချွန်ပြီး အောင်မြင်လာခဲ့တာပဲ မဟုတ်ဘူးလား…”

“ လူတိုင်းမှာ မတူကွဲပြားတဲ့ ရည်ရွယ်ချက် ပန်းတိုင်တွေ ရှိကြတယ်… ကိုယ်နဲ့ အမြင်မတူတိုင်း သူများတွေကို လိုက်မဝေဖန်ရဘူး…” ရှီးဝမ် ညင်သာသည့် လေသံဖြင့် ပြောလိုက်ပြီး “ သူက ဒီမှာ စားသောက်ဆိုင်

လာဖွင့်ထားတယ်ဆိုတော့ ကိုယ့်ခြေထောက်ကိုယ်
ရပ်တည်နေတယ်လို့ ပြောလို့ရတယ်လေ...ပြီးတော့
အပျော်လင် လုပ်တယ်ဆိုတာကလည်း သူ့မှာ ရှိတဲ့
အစွမ်းအစနဲ့ ဘဝနေထိုင်ရပ်တည်နေတာပဲ
မဟုတ်ဘူးလား...”

“ သူက ကိုယ့်ခြေထောက်ပေါ်
ရပ်တည်နေတယ်ဆိုရင်တောင် ချမ်းသာတဲ့
အမျိုးသမီးရဲ့လင်ငယ်လုပ်ပြီး
ပိုက်ဆံရှာတာလောက်တော့ သေချာပေါက်
ဝင်ငွေကောင်းမှာ မဟုတ်ဘူး...” ဟန်ဖေး ပြောလိုက်ပြီး
“ မဟုတ်လို့ကတော့ သူ့ရဲ့ဝင်ငွေလေးနဲ့ တစ်သက်လုံး
အလုပ်ကြိုးစားရင်တောင် အင်ကျူဘေးရှင်းစင်တာမှာ
အထပ်တစ်ထပ် ငှားနိုင်မှာမဟုတ်ဘူး...”

“ တိုးတိုးပြောစမ်းပါဟဲ့… တော်နေကြာ သူများတွေ ကြားကုန်ဦးမယ်…”

မကြာမီ လင်းရီ မှာထားသည့် အစားအသောက်များကို ယူလာပေးလေသည်။

“ သူဌေး… နင် ဒီနေ့မနက်တုန်းက အင်ကျူဘေးရှင်း စင်တာကို ရောက်ဖြစ်သေးတယ်မလား… အဲ့ဒီ ထိပ်ဆုံးထပ်ကို တကယ်ကြီး စိတ်ဝင်စားနေတာလားဟင်…” ဟန်ဖေး မေးလိုက်သည်။

“ဟုတ်တယ်… ဘာလဲဖြစ်လို့…”

“ ကျွန်မတို့လည်း အဲ့ဒီ ထိပ်ဆုံးထပ်ကို
စိတ်ဝင်စားနေတာ.. ဆိုတော့  ညှိနှိုင်းကြမလား…”

ဟန်ဖေး၏ ရှုထောင့်အမြင်မှ ကြည့်မည်ဆိုပါက
အကယ်၍ လင်းရီ အင်ကျူဘေးရှင်းစင်တာ၌
ကန်သင်းဖွင့်ချင်ပါက ထိပ်ဆုံးထပ် မဖြစ်လည်း
ရလေသည်။ ထို့ကြောင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြီး
သဘောတူညီမှု ရသွားပါက သူမတို့ ကျိုးဇီကို
ဆက်သွယ်ဖို့ရာ လိုအပ်လိမ့်မည် မဟုတ်တော့ချေ။

“ မရဘူး.. မင်းတို့ တခြား အထပ်တွေကို
ကြည့်တာကောင်းမယ်…” လင်းရီ ကြည့်ပင် မကြည့်ပဲ
ပြောလိုက်၏။

“ ကောင်းပြီလေ… အဲ့တာဆိုလည်း မျှမျှတတ ယှဉ်ပြိုင်ကြတာပေါ့….”

ဟန်ဖေး၏ စိတ်ထဲတွင်တော့ လင်းရိဘေးရှိ သူဌေးမကြီးမှာ ကိုကိုတက် ချမ်းသာနေလျှင်တောင် ကျိုးဇီ၏ မိသားစုမှာလည်း မဆိုးလှချေ။ အကယ်၍ သူ၏ အဆက်အသွယ်များကို ကနေဦးကတည်းက လုံလောက်စွာ အသုံးပြုထားပါက ထိပ်ဆုံးထပ်ကို ရရန်မှာ သေချာသလောက် ဖြစ်နေချေပြီ။

ကျွတ်… သူများ အပျော်လင် လုပ်နေတဲ့သူကများ…. လာပြီး မာနကြီးနေသေး…

လင်းရီ ဟန်ဖေးကို တစ်ချက်ကြည့်လိုက်ပြီး အနှီမိန်းကလေးမှာ အတော်လေး စိတ်ဝင်စားဖို့ကောင်းသည်ဟု ခံစားနေရ၏။

'သူက ငါနဲ့ ယှဉ်ပြိုင်ချင်နေတယ်ပေါ့...

အဲ့ဒီ အင်ကျူဘေးရှင်းစင်တာ တစ်ခုလုံးက ငါ့အပိုင်ကွ.... ငါနဲ့ ပြိုင်လို့ နိုင်မယ်ထင်နေတာလား ညီမလေး...'

ထိပ်ဆုံးထပ် ငှားယူမှု ပြဿနာကြောင့် မိန်းကလေး နှစ်ဦးလုံးမှာ ဆက်လက်စားသောက်ချင်စိတ်များ ပျောက်ဆုံးသွားခဲ့ပြီး ပိုက်ဆံရှင်းပေးကာ ထွက်ခွာသွားခဲ့ကြလေသည်။

“ ဟွန့်…ဒီလူက အရမ်း ဟန်ကောင်းတာပဲ…
နည်းနည်းလေး ချောတာနဲ့ပဲ အဲ့လောက် ဘဝင်ကိုင်ဖို့
လိုလို့လား… စကားပြောနေတာများ ငါတို့ကို
တစ်ချက်လေးတောင် လှည့်မကြည့်ဘူး…
အလေးမထားတဲ့ ပုံစံကြီးနဲ့…
မုန်းဖို့ကောင်းလိုက်တာ…”

“ ငါတို့ကလည်း ခုမှ ကုမ္ပဏီ စတည်ထောင်မှာပဲလေ..
ဟိုလိုကြီး နာမည်ရှိနေတာလည်း မဟုတ်… သူက
ဘာလို့ အလေးအနက် ထားနေရမှာ…”

“ ငါတို့က ခုမှ စတာဆိုတော့ သေးတာ ပုံမှန်ပါပဲ….”
ဟမ်ဖေး ပြောလိုက်ပြီး “ ဒါပေမယ့် ငါတို့က ကိုယ်ပိုင်
ခွန်အားနဲ့ မူကြမ်းကအစ

ကိုယ်တိုင်ရေးဆွဲထားတာ..ဘာမှ ကလိမ်ကကျစ်
မလုပ်ထားဘူး.. သူ့နောက်မှာကျတော့
ဘောစိသူဌေးမကြီး ရှိတယ်လေ… ဒီတော့ ငါသူ့ကို
အထင်သေးတယ်…”

“ အဲ့လောက်ထိ ဒေါသထွက်နေဖို့ လိုလို့လားဟယ်…”
ရွှီးဝမ် ပြောလိုက်ပြီး “ နှင် ကြိုက်နေတဲ့
ဆယ်လီတွေလည်း ဘောစိသူဌေးမကြီးတွေဆီကနေ
စပွန်ဆာယူပြီးတော့ စခဲ့တာပဲ မဟုတ်ဘူးလား…
နှင်ဆိုလည်း သူတို့ရဲ့ပစ္စည်းတွေကို ဝယ်ပြီး
အကြီးစားပံ့ပိုးနေတာပဲလေ….”

“ အဲ့တာက မတူဘူး.. အဲ့ဒီ ကောလဟာလတွေက ငါ့ရဲ့
ကောကောတွေကို တမင် စော်ကားဖို့ ဝါဒဖြန့်ထားတဲ့

စကားတွေ… ဒါပေမယ့် အဲ့ဒီဆိုင်ရှင်နဲ့ ဟိုမိန်းမကြားထဲ ကိစ္စကျတော့ လူမြင်ကွင်းကြီးမှာကို…. တော်ပါ… ငါတို့လည်း ဘာဖြစ်လဲဆိုတာ မြင်လိုက်ရတာပဲမလား… ပြီးတော့ တစ်ထပ်လုံးတောင် ဘွတ်ကင်ယူဦးမယ်တဲ့… ငါတို့လို သုညကနေ စပြီး ကြိုးစားခဲ့တဲ့သူတွေက သူ့လို သကြားပေပီလေးကို ရှုံးသွားတယ်ဆို ဘယ်လိုတောင် ခံပြင်းဖို့ ကောင်းလိုက်လဲ….”

“ ဟင်း… ငါပြောပြီးပြီလေ… လူတိုင်းမှာ ကိုယ်ပိုင် အကြောင်းပြချက်တွေ ရှိပါတယ်လို့… အဲ့အကြောင်း ဆက်တွေးမနေနဲ့တော့ .. ကိုယ့်ကိစ္စကိုပဲ အာရုံစိုက်ကြမယ်… ဒါနဲ့ သူလုပ်တဲ့ ဥထမင်းကြော်လေးက မဆိုးဘူးနော်…

စားလို့တော့ကောင်းသား… နင့်ကြောင့်နဲ့
ဝအောင်တောင် မစားခဲ့လိုက်ရဘူး…”

ယောက်ျားရင့်မာကြီးဖြစ်ပါလျက်နှင့်
လက်ကြောမတင်းသူတို့ကို
ရှီးဝမ်သဘောမတွေ့သော်လည်း ယင်းက သူမနှင့် ဘာမျှ
မဆိုင်ကြောင်း သိလေသည်။ သူမဘက်မှ
ဝင်စွက်ဖက်ပိုင်ခွင့်မရှိသလို မှတ်ချက်ပြုပိုင်ခွင့်လည်း
မရှိချေ။ မည်သို့ပင်ဆိုစေကာမူ လူတိုင်းမှာ
ဘဝကိုယ်စီနှင့် ဖြစ်ကြ၏။ တစ်ပါးသူ မည်သို့
တွေ့ကြုံခံစားနေရသည်ကို သူမလည်း မသိနိုင်ပေ။

“ အမှန်ဆို ငါလည်း အဲ့လောက်
ဒေါသထွက်မနေပါဘူးဟာ… ခုဟာက သူ့ရဲ့

အရမ်းမောက်မာတဲ့ မျက်နှာထားကြီးကြောင့်ပဲ…
မသိရင် အဲ့စင်တာကြီးတစ်ခုလုံး သူ့အပိုင်ကြီးကျလို့…
တို့ကို စကားပြောနေတာများ  မတူသလို
မတန်သလိုနဲ့….”

ဟန်ဖေး ပြောလိုက်ပြီး “ ငါ ကျိုးဇီကို ခေါ်  ပြီးတော့ သူ
ထိပ်ဆုံးထပ် တစ်ထပ်လုံး ငှားနိုင်အောင်
လုပ်ပေးနိုင်မလားလို့ မေးကြည့်ဦးမယ်… ပြီးရင် သူ့ရဲ့
တင်းထော်နေတဲ့ မျက်နှာကြီးကို အငှားစာချုပ်နဲ့
ကောက်ပေါက်ပစ်ဦးမယ်…ဟွန့်…”

…..

သူမတို့ နှစ်ယောက် ထွက်သွားပြီးနောက် မကြာမီ စားသောက်ဆိုင်မှာ တစ်ဖန် ပြန်လည် စည်ကားလာလေသည်။

သို့သော်လည်း မကြာမီ စားသောက်ဆိုင်၏ တံခါးဝမှာ ဒေါသတကြီးနှင့် တွန်းဖွင့်ချင်းကို ခံလိုက်ရ၏။

သက်လတ်ပိုင်း လူကြီးတစ်ယောက် ကျောင်းသူ နှစ်ဦးနှင့်အတူ အထဲသို့ ဝင်ရောက်လာလေသည်။

" ဘယ်မှာတုန်းကွ သူဌေး..."

"ဒါရိုက်တာလီ.. ဒီဆိုင်မှာ သူဌေးက တစ်ယောက်တည်းရယ်.. မီးဖိုချောင်ထဲမှာ နေမှာ..."မိန်းကလေး တစ်ယောက်မှ ပြောလိုက်၏။

"သွားစို့... အဲ့ကောင်ကို သွားရှာကြမယ်...."

သက်လတ်ပိုင်းလူကြီးမှာ ကျိုးဟိုင်
နည်းပညာစီမံခန့်ခွဲရေး ဌာန၏ ဒါရိုက်တာ
လီကျစ်ဝေပင်။

သူ၏ ကျောင်းမှ နိုင်ငံခြား ပညာတော်သင် ကျောင်းသား
နှစ်ယောက် အနိုင်ကျင့်ခံလိုက်ရသည့်
သတင်းကြားပြီးနောက် ကျောင်းသူ နှစ်ယောက်ကို
လမ်းပြခိုင်းပြီး ဤဆိုင်သို့ ရောက်လာခဲ့ခြင်းပင်။

"မစ္စတာလီ.. ဆိုင်ရှင်က အရမ်းစိတ်ဆတ်တာနော်.. သူ
ရှင့်ရဲ့စကားကို

နားထောင်ပါ့မလား..."အမျိုးသမီးကျောင်းသူလေးမှ ပြောလိုက်၏။

"ငါက လေးစားထိုက်တဲ့ လူတစ်ယောက် ဖြစ်နေသေးတုန်းပဲ..."လီကျစ်ဝေ ပြောလိုက်ပြီး "အဲ့ကောင်ဆီကိုသာ ခေါ်သွား...."

"နားလည်ပါပြီ..."

လီကျစ်ဝေ မီးဖိုချောင်ထဲသို့ ရောက်ရှိလာပြီး လင်းရီ ချက်ပြုတ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

သို့သော်လည်း လင်းရီ၏ နောက်ကျောကိုသာ မြင်နေရ၍ လင်းရီကို မမှတ်မိချေ။

"တစ်စိတ်လောက်.. မင်းက ဒီဆိုင် ပိုင်ရှင်လား..."

တစ်စုံတစ်ယောက်မှ စကားပြောလာသည့် အသံကို ကြားတော့ လင်းရီ လှည့်ကြည့်လိုက်သည်။

အံ့အားသင့်ဖို့ ကောင်းစွာဖြင့် ကျောင်း၏ စီမံခန့်ခွဲရေးဒါရိုက်တာ လီကျစ်ဝေဖြစ်နေကြောင်း မြင်တွေ့လိုက်ရ၏။

"လင်းရီ... မင်း ဘာလို့ ဒီရောက်နေတာ...."

"ဒီဆိုင်က ကျုပ်ပိုင်တာလေ.. ဆိုတော့ ဒါပေါ့... ကျုပ်ရှိမှ ဖြစ်မှာပေါ့..."လင်းရီ ပြောလိုက်ပြီး "တီချယ်လီလည်း ဒီနေ့အရမ်းအားနေတော့ ကျုပ်ဆိုင်ကို လာအားပေးနေတာများလား..."

လင်းရီနှင့် လီကျစ်ဝေတို့မှာ အတိတ်က တွေ့ဖူးဆုံဖူး စကားပြောခဲ့ကြဖူးလေသည်။ လင်းရီ ကျောင်းတက်စဉ်အခါက ကျိုးဟိုင် နည်းပညာတက္ကသိုလ်၏ အမှုကြီးများတွင် မပါမဖြစ်သောကြောင့် မကြာခဏဆိုသလို လီကျစ်ဝေ၏ ရုံးခန်းထဲသို့ လက်ဖက်ရည်သောက် ဖိတ်ခံရဖူးသည်။

သို့သော်လည်း လင်းရီ၏ ပညာရေး ရလဒ်များမှာ မဆိုးလှသည့်အပြင် ပြဿနာတက်တိုင်း နောက်ဆုံးစည်းကို မကျော်လွန်သောကြောင့် နှစ်ယောက်မှာ ညဏ်ကစားပွဲ ကစားနေကြပြီး

တစ်ဖက်သူ၏ ဂွင်ထဲကျလာမည့် အချိန်ကို
စောင့်ဆိုင်းနေကြလေသည်။

ထိုသို့သော ဆက်ဆံရေးမှာ လင်းရီ ဘွဲ့ရသည့် အချိန်ထိ
ဆက်လက်တည်ရှိနေခဲ့၏။

ကျောင်းသူလေး နှစ်ယောက်ကတော့
အံ့အားသင့်သွားခဲ့ကြသည်။

ခန့်ညားသည့် သူဌေးလေးမှာ ကျိုးဟိုင် တက္ကသိုလ်မှ
ဘွဲ့ရဖြစ်လိမ့်မည်လို့ ထင်မှတ်မထားချေ။
တစ်နည်းဆိုရသော် သူဌေးလေးက သူမတို့၏ စီနီယာ
ဖြစ်နေသည် မဟုတ်ပါလော။

"မင်းက ဒီဆိုင် သူဌေးဆိုတော့ ပိုတောင် အဆင်ပြေသေး..."လီကျစ်ဝေ ပြောလိုက်ပြီး "မြန်မြန် ရဲစခန်းကို ဖုန်းဆက်ပြီးတော့ နိုင်ငံခြားကလာတဲ့ ကျောင်းသား နှစ်ယောက်ကို ပြန်လွှတ်ခိုင်းလိုက်... ပြီးရင် လျော်ကြေးလည်း မတောင်းနဲ့တော့... သူတို့ ပြန်လွှတ်လာရင် မင်း သူတို့ကို တောင်းပန်လို့ ရအောင် ငါစီစဉ်ပေးမယ်... အဲ့တာဆို ကိစ္စတွေက ငြိမ်းငြိမ်းချမ်းချမ်းလေးပဲ ပြီးဆုံးသွားလိမ့်မယ်...."

"ဟမ်...."လင်းရီ ကြောင်အသွားခဲ့ပြီး "ခင်များ ဘာတွေ လာယောင်နေတာ... မနေ့ညက အိပ်ရေးပျက်ခဲ့လို့လား..."

"လင်းရီ.. မင်း ဆရာတစ်ယောက်ကို ဘယ်လိုလေသံမျိုးနဲ့ စကားပြောနေတာတုန်းကွ..."

"ဆရာ... ကျုပ် ထင်တော့ ခင်များ အိပ်မက်လာယောင်နေတယ် ထင်တာပဲ......"လင်းရီ ပြောလိုက်ပြီး "ခင်များက အဲ့လိုပြောလိုက်တာနဲ့ပဲ အစားအသောက်တွေ အတွက် ပိုက်ဆံပေးစရာ မလိုတော့ဘူးလား..ကျုပ်ဆိုင်က ပစ္စည်းတွေ ပျက်စီးသွားတဲ့ တန်ဖိုးကို ဒီတိုင်း မေ့ပေးလိုက်ရတော့မှာလား.... "

"မင်းရောင်းတဲ့ ဈေးကိုလည်း မင်းပြန်ကြည့်လိုက်လေ.. .. စတိတ်ခ် တစ်ပွဲနဲ့ ဝိုင်တစ်ပုလင်းကို ယွမ်

တစ်သိန်းလေးသောင်းဆိုတော့ ... အဲ့တာကြီးက သောက်အဓိပ္ပာယ်ကို မရှိတာ..."

"မင်း ဒီကိစ္စကို ဆက် အကျယ်ချဲ့နေမယ်ဆိုရင် အခြေအနေတွေ ပိုဆိုးလာမှာဆိုးလို့ ငါက စေတနာနဲ့ ဖြန်ဖြေပေးနေတာ.. ဘာလို့ အဲ့ဒီ စေတနာတွေကို နားမလည်နိုင်ရတာ.."

"အဲ့စကားကိုတော့ ကျုပ် သဘောမတူဘူး..."

လင်းရီ ပြောလိုက်ပြီး "ရေချိုးစင်တာတွေမှာ အနှိပ်ခံရင် ယွမ် ၈၀ လောက်ပဲကျတယ်... ဒါပေမယ့် ကလပ်က မိန်းမလှလေးတွေ နှိပ်ပေးမယ်ဆိုရင်တော့ တစ်ညကို ယွမ် ၈ ထောင်လည်း ဖြစ်ရင် ဖြစ်သွားနိုင်တယ်... အဲ့ နှစ်ခုက မတူဘူး.. ဒီတော့ ဈေးခြားနားတာ သဘာဝပဲ...

ခင်များလို တဏှာအိုကြီးက ဒီလောက် ရိုးရှင်းတဲ့ သဘောတရားလေးတောင် နားမလည်ဘူးလား…”

**အခန်း (၆၂၇)**

**မင်းရဲ့အကျင့်စရိုက်ကို ယုံလို့မဟုတ်ဘူး...**

'အာ....'

လင်းရီ၏ ဂျူနီယာ နှစ်ယောက်မှာ သူမတို့ မျက်လုံးများ ပြူးကျယ်သွားခဲ့ကြ၏။

သူတို့ရဲ့ စီနီယာအချောလေးက အရမ်းကို
စိတ်ကြီးတာပဲ.. တီချယ်လီကိုတောင်မှ အဲ့လိုမျိုး
ပြန်ပြောရဲတယ်...

လီကျစ်ဝေ၏ မျက်နှာမှာ ရဲရဲနီလာခဲ့သည်။
လူ့ပတ်ဝန်းကျင်၏ အထုအထောင်းများကို
ခံရပြီးနောက် လင်းရီ၏ မောက်မာသည့် စရိုက်ကို
လျော့ချနိုင်ပြီဟု ထင်ထားသော်လည်း ပို၍ပင်
ဆိုးရွားလာလိမ့်မည်လို့ မျှော်လင့်မထားခဲ့ချေ။

"လင်းရီ.. မင်းက ကျိုးဟိုင် တက္ကသိုလ် ကျောင်းဆင်းပဲ..
ဘာပဲဆိုဆို အဲ့ဒီကျောင်းမှာ နှစ်တွေ အများကြီး
နေသွားတာပဲ မဟုတ်ဘူးလား... မင်းရဲ့ ဆရာတွေကို
လေးစားမှုလေးတော့ ပေးသင့်တယ်..."

"ကျုပ်ကို ဆရာဆိုပြီး လေးစားချင်နေတာလား... အဲ့လိုဆိုရင်တော့ ဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေ အကြောင်း အရင်စကားပြောကြတာပေါ့..."လင်းရီ ပြောလိုက်ပြီး "ကျုပ် မှတ်မိပါသေးတယ်.. တလောတုန်းက ကျိုးဟိုင် တက္ကသိုလ်ကနေပြီး နိုင်ငံတကာ ကျောင်းသားတွေ လိုက်နာဖို့အတွက် ပြဌာန်းချက်တွေ အများကြီး ထုတ်ပြန်ထားတယ် မဟုတ်ဘူးလား... အဲ့တာကိုတောင် ခုထိ ဖိနပ်လျက် နေတဲ့ ပုံစံ ပြနေတယ်ဆိုတော့ .. ဘာလို့လဲ.. ပြဌာန်းချက်တွေထဲမှာ ရာဇသတ်ကြီး ဥပဒေ မပါလို့ အလေးမထားကြတာလား.... "

လင်းရီ ကျိုးဟိုင် တက္ကသိုလ်တွင် ရှိစဉ်အခါက နိုင်ငံခြား ကျောင်းသားများမှာ ဗိုလ်ကျကြီးစိုးပြီး အတော်လေး မွေနှောက်ခဲ့၏။

ထိုအကြောင်း ပြချက်ကြောင့်ပဲ ဟွာရှ နိုင်ငံရပ်ခြား ပညာရေး ကော်မရှင်မှ ထိုသို့သော ဖြစ်ရပ်များကို ကာကွယ်နိုင်ရန် စည်းမျဉ်းစည်းကမ်းတစ်ချို့ကို ပြဌာန်းပေးခဲ့သည်။

သို့သော်လည်း လက်ရှိ အခြေအနေကို ကြည့်ရသလောက်တော့ အဆိုပါ စည်းမျဉ်းစည်းကမ်းများက နိုင်ငံခြား ကျောင်းသားများ အပေါ်၌ အပြည့်အဝ အကျိုးသက်ရောက်မှု မရှိသည့်ပုံပင်။

မဟုတ်ပါက လီကျစ်ဝေ ယခုလို အထိတ်ထိတ် အလန့်လန့် ဖြစ်နေလိမ့်မည် မဟုတ်ချေ။

လီကျစ်ဝေ၏ မျက်နှာ အမူအရာမှာ ဆက်တိုက်ဆိုသလို ပြောင်းလဲနေလေသည်။ လင်းရှီမှ ဥပဒေ ပြဌာန်းချက်များအကြောင်း ထုတ်ပြောလာလိမ့်မည်လို့ မျှော်လင့်မထားချေ။

ယင်းက သူ့ကို မည်သို့ ပြန်ဖြေရမှန်းမသိ ဖြစ်သွားစေပြီး သူ၏ လေသံပင် ယခင်ကကဲ့သို့ မမာနိုင်တော့ပဲ "လင်းရှီ .. ငါမင်းကို ဒီလိုတွေ ပြောပြနေရတာက အံ့ကြွမှုတွေ ဖြစ်လာမှာဆိုးလို့... "လီကျစ်ဝေ ပြောလိုက်ပြီး "ပြီးတော့ ငါတို့ကျောင်းမှာ နိုင်ငံခြား ပညာတော်သင် ကျောင်းသားပေါင်း

တစ်ရာကျော်တယ်... လူးဝစ်က နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံး ဥက္ကဌပဲ... တကယ်လို့ ဒီကိစ္စသာ ပေါက်ကွဲထွက်လာမယ်ဆိုရင် ဘယ်လောက်တောင် ပြင်းထန်တဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာမလဲဆိုတာ မင်းသိလား..."

"နိုင်ငံတကာ ကျောင်းသားများ အစည်းအရုံး...."လင်းရီ ရေရွတ်လိုက်ပြီး "ကျုပ် ကျောင်းတက်တုန်းက အဲ့လို အစည်းအရုံးမျိုး မရှိပါဘူး..."

"အဲ့တာ အသစ်..."

"ကောင်းတာပေါ့.. ဖြစ်လာတော့လည်း တစ်လက်စတည်း နှိမ်နင်းလို့ အဆင်ပြေသွားတာပေါ့..."

လီကျစ်ဝေ ".....''

" ငါ အကြံပေးနေတာကို အေးဆေး လက်ခံလိုက်... မဟုတ်ရင် အကျိုးဆက်တွေ ပြင်းထန်လွန်းလို့ မင်း တာဝန်ယူနိုင်မှာ မဟုတ်ဘူး..."

"ကျုပ်ကို အကျိုးဆက်တွေ အကြောင်း လာမပြောနဲ့..."လင်းရီ ပြောလိုက်ပြီး "ကျုပ် ကျောင်းနေတုန်းက ခင်များလည်း ကျုပ် ဘယ်လို စရိုက်မျိုး ရှိတယ်ဆိုတာကို နားလည်ပါတယ်... ရှင်းရှင်း ပြောမယ်ဗျာ.. အရင်ကအတိုင်းပဲ .. လုံးဝ မပြောင်းပေးနိုင်ဘူး...တကယ်လို့ ယွမ်နှစ်သိန်း မမြင်ရဘူးဆိုရင် သူတို့ ကျန်တဲ့ သက်တမ်း

တစ်လျှောက်လုံး ထောင်ထမင်း ထောင်ဟင်းသာ စားဖို့ ပြင်ထားလိုက်တော့...."

"မင်း....."

"မင်းတွေ ငါတွေ လုပ်မနေနဲ့..."လင်းရီ ပြောလိုက်ပြီး "တစ်ခုခု စားမယ်ဆိုရင် နေရာတစ်ရာမှာ ထိုင်ပြီး အော်ဒါမှာလိုက်.. ဆရာတပည့် ဆက်ဆံရေးကို ထောက်ထားပြီးတော့ ကျုပ် ၉၀ ရာခိုင်နှုန်း ဒစ်စကောင့် ပေးမယ်...."

"မင်း ကောင်စုတ်လေးကတော့ ... ငါမင်းကို တကယ်မနိုင်တော့ဘူးပဲ..."ခေါင်းခါရမ်းရင်း လီကျစ်ဝေ ထွက်ခွာသွားခဲ့သည်။

ယင်းမြင်ကွင်းက ဆိုင်ရှိ စားသုံးသူများကို လင်းရီ၏ ယောက်ျားပီသသည့် ဘက်ခြမ်းကို မြင်တွေ့သွားစေသည်။

ဒီလိုမျိုး နွားရိုင်းဆယ်ကောင်ဆွဲတောင် မယိုင်လဲတဲ့ စိတ်ဓာတ်က ဘယ်လောက်တောင် ဆွဲဆောင်မှု ရှိလိုက်လဲ....

"သူဌေး... ငါ နင်နဲ့ ဝီချင် အပ်ချင်လို့..."
ဆံပင်အရှည်နှင့် မိန်းကလေးတစ်ဦးမှ ပြောလိုက်၏။

"တော်ပြီ.. ငါ့မှာ ချစ်သူရှိပြီးသား.. ဝီချက် အပ်စရာ အကြောင်းမရှိဘူး... "

"အိုက်ယား.. သူဌေးရဲ့ကောင်မလေးက ခု ဒီမှာ ရှိနေလို့လားလို့..."

"သူဌေး.. နင့်ရဲ့ဆိုင်မှာ စားဖို့အတွက်ကို တစ်လသုံးစရိတ်ကို တစ်ခါတည်း သုံးပစ်လိုက်တာနော်... ဝီချက်လေးတောင် ပေးမအပ်ချင်ဘူးလား...."နောက်ထပ် မိန်းကလေး တစ်ယောက်မှ သနားစဖွယ် တောင်းဆိုလာခဲ့၏။

"ဆိုင်က ငွေချေတဲ့ ကုတ်က လေဒီဘော့စ်ဟာမလား.. ခု ငါတို့ပေးချေတဲ့ ပိုက်ဆံတွေ အကုန်လုံးက သူ့ အိတ်ကပ်ထဲပဲ ရောက်သွားမှာလေ.. ဝီချက် အပ်ပြီးသွားရင် ငါတို့ သူဌေးရဲ့အကောင့်ကိုပဲ

တိတ်တိတ်လေး လွှဲပေးလိုက်တော့မယ်..
အဲ့နည်းလမ်းက ပိုမကောင်းဘူးလား..."

"အွန်း အွန်း ဟုတ်တယ် သူဌေး...
အပ်ရအောင်လေနော်..."

ချလပ်....

မိန်းကလေး အများအပြားမှ လင်းရီ အနား ဝိုင်းအုံ၍
ဝီချက်အပ်ရန် စိတ်အားထက်သန်နေကြစဉ် ကျီချင်းရန်
အပြင်မှ ရောက်လာပြီး လင်းရီကို မျက်စောင်းလေး
ခဲလိုက်၏။

လှပသည့် လေဒီဘော့စ်မှ ဆိုင်ထဲသို့ ဝင်ရောက်သည်ကို မြင်တော့ ကောင်မလေးများအားလုံး အေးခဲသွားကြပြီး ကိုးရိုးကားယား ဖြစ်သွားကြလေသည်။

"သူဌေးကတော်.. အထင်မလွဲနဲ့နော်.. ညီမ ဝီချက်အပ်ချင်တယ်ဆိုတာက အားရင် ဒီမှာ လာကူပေးမလို့..."

"ဟုတ်တယ် ဟုတ်တယ် ... ဥပမာ ပြောရရင် သူဌေးတို့ ကလေးရတဲ့ အချိန်ကျ မူကြိုပို့ရင် ညီမတို့ ကူကြည့်ပေးလို့ ရတယ်လေ... "

လင်းရှီ စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းချလိုက်သည်။

ဒီကောင်မလေးတွေ တက္ကသိုလ်တက်နိုင်တာ မဆန်းတော့ပါဘူး.. သူတို့ရဲ့ အလိုအလျောက် တုံ့ပြန်ချက်တွေက အရမ်းကောင်းတယ်...

ကျီချင်းရန် ပြောစရာ စကား ကင်းမဲ့သွားခဲ့သည်။

ကုမ္ပဏီမှာ ဝန်ထမ်းတွေ ဒီလောက်များနေတာကို သူတို့ အကူအညီယူဖို့ လိုပါ့ဦးမလား...

မည်သို့ပင်ဆိုစေ ကျီချင်းရန် ရောက်လာသောကြောင့် ကောင်မလေး တစ်သိုက်မှာ ဖုန်းများကို ရုတ်သိမ်း၍ အပြုံးကိုယ်စီဖြင့် ထွက်ခွာသွားကြလေသည်။

ကျီချင်းရန် ထိုအချင်းအရာကို အလေးအနက် ထားမနေချေ။

သူမ အနားလည်း အကြောင်းမဲ့ ရောက်လာပြီး ဝိချက်တောင်းသူများ ရှိပါသည် မဟုတ်ပါလော။

မွန်းလွဲငါးနာရီသို့ ရောက်သောအခါ ဟော်ယွမ်ယွမ် ကပျာကလျာနှင့် ရောက်ချလာပြီး အလုပ်တစ်ချို့ ကူညီပေးလေသည်။

ညရှစ်နာရီ ထိုးခါနီး အချိန်သို့ ရောက်သောအခါ ဆိုင်ရှိ ကတ်စတန်မာများလည်း တဖြည်းဖြည်း လျော့နည်းသွားခဲ့တော့၏။

အဘယ်ကြောင့်ဆိုသော် ကျီချင်းရန်မှ ဆိုင်ပိတ်သည် ဆိုင်းဘုတ်ကို ချိတ်ဆွဲလိုက်သောကြောင့်ပင်။

လင်းရီကတော့ ရိုးရှင်းသည့် ဟင်းလျာတစ်ချို့ကို ချက်ပြုတ်၍ ညစာ အတွက်စီမံနေလေသည်။

"ရီ… ငါကြားတာ ဒီနေ့ ဆိုင်ကို ပြဿနာ လာရှာတဲ့ သူတွေ ရှိတယ်ဆို…"ကျီချင်းရန် မေးလိုက်၏။

"အင်း.. ငကြောက် နှစ်ကောင်ပါကွာ.. ငါ တစ်ကောင်ကိုတော့ မှတ်လောက်သားလောက်အောင် သင်ခန်းစာပေးပြီး နှစ်ကောင်လုံး အချုပ်ထဲ ပို့ထားတယ်…"

လင်းရီ မနက်ခင်းတုန်းက ဖြစ်ပျက်ခဲ့သည်များကို အသေးစိတ် နောက်ကြောင်းပြန်ပြလိုက်ပြီး သူ၏ ရဲဝံ့စွာ ကိုင်တွယ်သည့် အခန်းများကိုတော့ ရွှမ်းရွှမ်းဝေအောင် ပြောဆိုလိုက်လေသည်။

ဟော်ယွမ်ယွမ် ပျော်မြူးသွားခဲ့ပြီး

"ဘော့စ်လုပ်လိုက်တာ  အရမ်းကောင်းတယ်.. အဲ့ဒီ

နိုင်ငံခြားကနေ ကျောင်းလာတက်တဲ့သူတွေ

အကုန်လုံးက စက်ဆုပ်ဖို့ ကောင်းတဲ့ သူတွေချည်းပဲ..

ကျောင်းတုန်းကတောင်မှ အစ်မကျီကို အဲ့ဒီသူတွေပဲ

လိုက်နှောင့်ယှက်တာလေ..."

"ဟမ်... အဲ့လိုကိစ္စတွေ ရှိခဲ့သေးတာလား..."

"ဘာလို့ ရုတ်တရက်ကြီး ခုမှ

လာပြောနေတာ..."ကျီချင်းရန် ပြောလိုက်ပြီး

"ပြီးခဲ့တာတွေကလည်း ပြီးခဲ့ပြီးပြီလေ..."

"နေပါစေ.. သူပြောပါစေ.. ငါနားထောင်ကြည့်ချင်လို့..."

"အစ်မကြီး PhD တက်တုန်းက ရန်တက္ကသိုလ်မှာ နိုင်ငံခြား ပညာတော်သင်လာတဲ့ ယူအက်စ်ကကောင် အစ်မကြီးကို အရူးအမူး လိုက်ပိုးပန်းခဲ့တာလေ... ပန်းစည်းတွေ၊ လက်ဆောင်တွေဆို ပေးလိုက်တာများ စုံလို့စိလို့.. သူ့မိသားစု အဆက်အသွယ်တွေ သုံးပြီးတော့တောင် အစ်မကြီးကို ကုမ္ပဏီတစ်ခု တည်ထောင်ပေးဖို့ ကမ်းလှမ်းလာခဲ့သေးတယ်... တကယ်လို့ တီချယ်ကျန်းသာ ပေါ်လာပြီးတော့ အဲ့ကောင်ကို မောင်းမထုတ်လိုက်ဘူးဆိုရင် အစ်မကြီး PhD ဆက်တက်ဖို့ ချင်းဟွာ တက္ကသိုလ်ကို ပြောင်းရလောက်တယ်... "

"ဪဲ.. ဒီကောင် တော်တော် ရဲတင်းနေပါလားကွ...."

"အမှန်ပဲ.."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ပြီးတော့ .. အဲ့ဒီတုန်းက အစ်မကျီက ရန်တက္ကသိုလ်ရဲ့ အလှဘုရင်မလေ... ဒီကိစ္စက ဟိုးလေး တကြော်ကြော်ပဲ.. ဒါပေမယ့် အစ်မကျီကတော့ အဲ့ကောင်ကို ရှိတယ်တောင် သဘောမထားဘူး...."

ကျီချင်းရန် သူ့မခေါင်းကို ဂုဏ်ယူစွာ မော့လိုက်၏။ 'နင် မြင်လား.. ငါ အရင်တုန်းက ဘယ်လောက်တောင် နာမည်ကြီးထားလဲ... နင် ဒီလို အလှလေး ရထားတာကို အရမ်း ကံကောင်းတယ်မှတ်....'

"အဲ့ကောင် ချင်းရန်ကို ထပ်ပြီး နှောင့်ယှက်သေးလား..."

"ဟင့်အင်း .. အဲ့မှာတင်
ရပ်လိုက်ရတာပဲ..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး
"ဘာလို့လဲဆိုတော့ တီချယ်ကျန်းကြောင့် သူတို့
အရမ်းကာရော လျှောက်မလုပ်ရဲကြဘူးလေ.. အဲ့လိုနဲ့
တဖြည်းဖြည်း ရပ်တန့်သွားခဲ့တာ..."

"အဲ့ကောင်က ဘယ်အချိန်ရပ်ရမလဲ ဆိုတာတော့
ကောင်းကောင်းသိသားပဲ..."

ကျီချင်းရန် လှပစွာ ပြုံးလိုက်၏။ ယခုလို လင်းရီ
သဝန်တိုနေသည်ကို ကြည့်ရသည့် ခံစားချက်က
တော်တော်လေး ကောင်းမွန်နေသည်။

"ဟုတ်သား... လုံးရှင်းနဲ့ Sci-tech အခြေအနေ
ဘယ်လိုရှိလဲ..."လင်းရီ မေးလိုက်၏။

"ကျွန်မတို့ရဲ့ စံနှုန်းနဲ့ မညီတဲ့ လုပ်ထုံးလုပ်နည်း နှစ်ခု ရှိတယ်ဆိုပေမယ့် ပြန်ပြီးတော့ ပြုပြင်နေပြီ.. ပြောရရင် ထွေထူး အခက်အခဲတွေတော့ ဘာမှ မရှိဘူး.. ..."ဟော်ယွှမ်ယွှမ် ပြောလိုက်ပြီး "လူတိုင်းကလည်း လုံရှင်းနဲ့ Sci-tech က လင်းယွှမ်အုပ်စုရဲ့ အကိုင်းအခက်တွေမှန်း သိတော့ သက်ဆိုင်ရာ ဌာနတွေကလည်း အကုန်လုံး မီးစိမ်းပြပြီးသား.. ကျွန်မတို့ အများပိုင်အဖြစ် ကြေညာနိုင်ဖို့ သိပ်မလိုတော့ပါဘူး..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး "ခု ကျိုးဟိုင်မှာ လုပ်ခလစာမြင့် အင်ကျူဘေးရှင်း စင်တာတစ်ခု

ရှိတယ်.. ငါတွေးထားတာတော့ ကုမ္ပဏီ အသစ်ရဲ့
တည်နေရာကို အဲ့မှာ ထားရင်ကောင်းမလားလို့..."

"အင်ကျူးဘေးရှင်း စင်တာ..."ဟော်ယွမ်ယွမ်
ရေရွတ်လိုက်ပြီး "၁၉၀ ၊ နန်ပင်းလမ်းက
တစ်ခုမလား...."

"အမ်... မင်းက အကုန်သိနေပါလားဟ..."

"စဆောက်တုန်းကတည်းကနေ ကောလဟာလတွေ
ကြားနေတာလေ.. ခုတော့ အဲ့အဆောက်အအုံလည်း
ပြီးသွားတဲ့ပုံပဲ..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး
"ဒါပေမယ့် ကျွန်မအမြင်အရတော့ လိုအပ်တယ်
မထင်ဘူး... အဲ့လိုနေရာမျိုးတွေက
ကုမ္ပဏီအသေးစားလေးတွေ အတွက်လေ.. တကယ်လို့

လုံရှင်းကိုသာ အဲ့မှာ ရုံးစိုက်လိုက်မယ်ဆိုရင် ကုမ္ပဏီရဲ့ ပုံရိပ်ကို ကျဆင်းစေတယ်..."

"အမှန်ပဲ.. ဒါပေမယ့် အဲ့ဒီနေရာက ခု ငါ့ဉစ္စာဖြစ်သွားပြီလေ... နေရာဖြုန်းတီးလို့ ဘယ်ကောင်းမှာ..."

"အဟွတ်...အဟွတ်..."

ဟော်ယွမ်ယွမ် သီးပြီး စားနေသည့် ခေါက်ဆွဲဖက်များ နှာခေါင်းထဲမှ ပြန်ထွက်ကျတော့မလို ဖြစ်သွားခဲ့သည်။

"အင်ကျူဘေးရှင်း စင်တာက ဘော့စ်ဉစ္စာ... ဘယ်အချိန်တုန်းကလည်း ဝယ်လိုက်တာ.. ဘော့စ်ရဲ့

ပိုက်ဆံတွေ အကုန်လုံးက ကျွန်မရဲ့အကောင့်ထဲမှာ မဟုတ်ဘူးလား.... အဲ့တာကို ဘာလို့မသိလိုက်တာ..."

ကျီချင်းရန်လည်း ဇဝေဇဝါ ဖြစ်သွားခဲ့၏။

'ဒီကောင် ငါမသိအောင် ပိုက်ဆံတွေ ကြိတ်စုနေတာများလား...'

"မင်းရဲ့အစ်မကျီတောင် မသိတာကို မင်းက သိရအောင် ဘာမို့လို့..."

"အစ်မကျီနဲ့ ကျွန်မက အရမ်းကိုခင်တဲ့ အတန်းဖော် ညီအစ်မတွေပါနော်..ကျွန်မ အကြောင်းလည်း ကောင်းကောင်း နားလည်ပြီးသား..အရမ်းလည်း ယုံကြည်တယ်... တကယ်လို့ ဘော့စ်နဲ့ ကျွန်မနဲ့

အတူအိပ်ဖြစ်တယ်လို့ ပြောရင်တောင် အစ်မကြီးက အထင်လွဲမှာ မဟုတ်ဘူး... "

"နေဦး.. မင်းကိုယ်မင်း အဲ့လောက် အထင်ကြီး မနေနဲ့..."လင်းရှီပြောလိုက်ပြီး "မင်းရဲ့ ကိုယ်လုံးကိုယ်ပေါက်နဲ့ဆိုရင် သီအိုရီအရဆိုရင်တောင်မှ ငါ့ကို စော်ကားနေတာနဲ့ အတူတူပဲ... ပြီးတော့ မင်းရဲ့ အစ်မကြီး ယုံတယ် ဆိုတာကလည်း မင်းရဲ့ အကျင့်စရိုက်ကို မဟုတ်ဘူး.. အဲ့ဒီ ကိုယ်လုံးကိုယ်ပေါက်ပဲ... ဘာလို့ဆို မင်းက သူ့ကို မခြိမ်းခြောက်နိုင်ဘူးလေ...."

"အစ်မကြီး.. ကြည့်.. သူ ငါ့ကို အဲ့လိုပြောနေပြန်ပြီ... ဘာမှ ပြန်မပြောပေးတော့ဘူးလား...."

"နင်တို့ နှစ်ယောက်က ဆုံလိုက်တိုင်း တကြွတ်ကြွတ်ဖြစ်နေတာကို လိုက်ပြောနေရရင် ငါလည်း တခြား ဘာမှ လုပ်လို့ရမှာ မဟုတ်တော့ဘူး..."

သို့နှင့် သူမ လင်းရီကိုကြည့်လိုက်ပြီး "ဘယ်လိုတွေ ဖြစ်သွားလဲဆိုတာ ငါ့ကို ပြောပြ... နင် ဘယ်အချိန်တုန်းကတည်းကရင် အဲ့နေရာ ဝယ်လိုက်တာ...."

"ငါ မဝယ်ပါဘူး... အထက်ကြီးပိုင်းတွေက လက်ဆောင် ပေးတာ..."လင်းရီ ပြောလိုက်ပြီး "ဒါရိုက်တာရှန်းက ခု လီတိုဂရပ်ဖီ ပရောဂျက်ကို သုတေသန လုပ်နေတာ မလား... နောက်ပြီး ငါတို့ နိုင်ငံရဲ့ ချစ်ပ်နဲ့ ဖုန်းအော်ပရေးရှင်း စစ်စတမ်က အားနည်းနေတော့

အထက်ကြီးပိုင်းတွေက လုံ့ရှင်းကို ဟွာရှရဲ့
နည်းပညာနယ်ပယ်မှာ ရှေ့ဆုံးကနေ ဦးဆောင်လမ်းပြ
ဖြစ်စေချင်နေတာ... ဒါကြောင့်မို့ ငါ့ကို
ပေးလိုက်တာပဲ..."

"ဒါပေမယ့် အနှစ် ၂၀ ပဲ ပိုင်ဆိုင်ခွင့်ရှိတာ... ပြီးရင်တော့
နိုင်ငံဆီ ပြန်ပေးရမှာ..."

"အဲ့လိုဆိုရင်တောင်မှ မဆိုးဘူး
ပြောရမှာပဲ..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး " နောင်
အနှစ် ၂၀ ဆိုတာက ကျွန်မတို့အတွက် ကိစ္စတွေ
အများကြီး လုပ်ဖို့ လုံလောက်တယ်လေ... ပြီးတော့
လင်းယွမ်အုပ်စုက အများပိုင် ကုမ္ပဏီ
အဖြစ်ကြေညာတဲ့ အခါကျရင် ဂုဏ်ဒြပ်တွေက

မရှိမဖြစ် လိုအပ်လာမှာ.. ပြီးတော့ စတော့ခွဲဝေမှုတွေပါ ထပ်ပေါင်းလိုက်မယ်ဆိုရင် အချိန်တိုလေး အတွင်း ဘီလီယမ်နာတွေ ဖြစ်လာနိုင်တယ်... ဟိဟိ ... တွေးကြည့်ရုံနဲ့တင် စိတ်ကျေနပ်ဖို့ ကောင်းနေပြီ... "

ကလင် ကလင် ...

လင်းရီ စကားပြောတော့မည့် အချိန်တွင် သူ့အိတ်ကပ်ထဲရှိ ဖုန်းသံ မြည်လာလေသည်။ ယင်းက အမည်မသိ ဖုန်းနံပါတ် တစ်ခုပင်။

"ဟယ်လို.."

"ဟယ်လို မစ္စတာလင်း.. ကျွန်တော်က ကျိန်းရန် ရဲဌာနရဲ့ ဒါရိုက်တာ ရှစ်ရှောင်ရှင်းပါ.. ဒီနေ့ မစ္စတာလင်း ခိုင်းတဲ့

ကိစ္စတွေ လုပ်ပြီးသွားပါပြီ.. ဒါပေမယ့် ပိုက်ဆံယူဖို့ဆိုရင် လက်မှတ်လေး လိုနေလို့ အခု လက်မှတ်လာထိုးပေးလို့ အဆင်ပြေရဲ့လား...."

"ပြေပါတယ်.. ကျုပ် နာရီဝက်အတွင်း လာခဲ့မယ်..."

"အိုကေ အိုကေ.. ကျွန်တော်တို့ စောင့်နေပါ့မယ်...."

"ကောင်းပြီ.. ကျေးဇူးပါ..."

ရိုးရှင်းစွာ စကားပြောပြီးနောက် လင်းရီ ဖုန်းချလိုက်လေသည်။

"ဘာတဲ့လဲ..."

ကျီချင်းရန်နှင့်
ဟော်ယွမ်ယွမ်တို့ ထပ်မစားတော့မည့်ဟန်ဖြင့် တူ
ပြိုင်တူချရင်း မေးလိုက်ကြ၏။

"ရဲစခန်းက... နိုင်ငံခြားသား နှစ်ယောက် ပိုက်ဆံ
စုပြီးပြီတဲ့ .. အဲ့တာ လာယူပေးဖို့ ပြောနေတာ...."

"ခုပဲ သွားကြမယ်လေ.. ငါတို့လည်း စားပြီးပြီ
မဟုတ်ဘူးလား..."
ကျီချင်းရန် ပြောလိုက်၏။

"နောက်ထပ် နည်းနည်းလောက် ထပ်စားပါဦးလား..
ခေါက်ဆွဲတွေက တစ်ဝက်ကြီးများတောင်
ကျန်နေသေးတယ်..."

"ညရှစ်နာရီတောင် ကျော်နေပြီလေ.. တကယ်လို့ အများကြီး စားလိုက်ရင် ဘယ်လိုလုပ်ပြီး အစာချေနိုင်တော့မှာ..."

"အစာမကြေတော့လည်း မကြေဘူးပေါ့ကွာ... ပန်းလေးကဖြင့် ပိုင်ရှင်ရှိနေပြီးသားကို ဘာလို့ အဲ့လောက်ထိ ဂရုစိုက်နေတာ..."လင်းရီ ပြောလိုက်ပြီး "ဘာလဲ.. မင်းတခြား အတွေးတွေ ရှိနေတာလား..."

"ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့..."ကျီချင်းရန် သူမ ခေါင်းငုံ့လိုက်ပြီး နောက်ထပ် လေးငါးလုတ်ခန့် ထပ်စားလိုက်၏။

သို့သော်လည်း သူမ သေချာ စဉ်းစားကြည့်ပြီးနောက်
လင်းရီ ပြောသည်က အဓိပ္ပာယ်ရှိကြောင်း
ခံစားမိလေသည်။

ဟော်ယွမ်ယွမ်ကတော့ မျက်လုံးလှိမ့်လိုက်၏။
သူမကတော့ ဤနှစ်ယောက် တစ်တီတူးနေတာကို
ဆက်မကြည့်နိုင်တော့ပဲ ပန်းကန်ဆေးရန်
ထထွက်သွားတော့သည်။

စားသောက်ပြီးနောက် ဆိုင်ကို သန့်ရှင်းရေးလုပ်ကာ
တံခါးသော့ခတ်ပြီး အနီးရှိ ကျိန်းရန် ရဲစခန်းသို့
ထွက်လာခဲ့ကြလေသည်။

မျှော်လင့် မထားစွာဖြင့် ရဲစခန်း အဝင်ဝတွင် လူဆယ်ဦးထက်မနည်း စုရုံးရောက်ရှိနေကြောင်း မြင်တွေ့လိုက်ရ၏။

ထိုလူများအားလုံးမှာ ကွဲပြားသည့် အသားအရောင် ကိုယ်စီနှင့် ဖက်ရှင်ကျနစွာ ဝတ်ဆင်ထားကြပြီး လင်းရီတို့ကို မြင်တော့ ထိုသူများလည်း ထူးဆန်းစွာ ပြန်ကြည့်လာခဲ့ကြသည်။

"ဒီ နိုင်ငံခြား ကျောင်းသားတွေက စုရုံးစုရုံးနဲ့ ဘာဖြစ်နေကြတာ...."ဟော်ယွမ်ယွမ် ပျော့ပျောင်းသည့် အသံဖြင့် ပြောလိုက်၏။

" လူးဝစ်နဲ့ နေသန်ကို လာကြိုကြတာနေမှာပေါ့..."

"အမ်.. သူတို့တွေ ငွေစုပြီး နင့်ကို
လျော်ကြေးပေးလိုက်တာလား မသိဘူးနော်...."

"ဘယ်သူကပဲ ပေးပေး ကိစ္စမရှိဘူး.. အရေးကြီးတာက
ပိုက်ဆံရဖို့ပဲ.. ကျန်တာ ဘာမှ ခေါင်းထဲထည့်နေစရာ
မလိုဘူး... "တံခါးဝတွင် ရပ်နေသည့် နိုင်ငံခြား
ကျောင်းသားများကို ဂရုစိုက်ခြင်း မရှိပဲ လင်းရီ
သာမန်အတိုင်း ပြောလိုက်၏။

သို့သော်လည်း ထိုအခိုက်အတန့်တွင်  ခပ်လှမ်းလှမ်း၌
ရပ်ထားသည့် BMW7 စီးရီး၏ မှန်တံခါး ကျလာပြီး
ဒရိုင်ဘာ ထိုင်ခုံတွင်တော့ ရွှေအိုရောင် ဆံပင်နှင့်
ပြာလဲ့သည့် မျက်ဝန်းတို့ကို ပိုင်ဆိုင်ထားသည့်
နိုင်ငံခြားသား တစ်ဦး ထိုင်နေလေသည်။ သူက

ကျီချင်းရန်နှင့် ပေါ်ယွမ်ယွမ်တို့ကို ငေးမောရင်း မျက်ဝန်းထဲတွင်လည်း တပ်မက်မှု အရိပ်အယောင်များကို မြင်တွေ့နေရ၏။

## အခန်း (၆၂၈)
## ပြန်လည် လက်စားချေရန် အစီအစဉ်

တစ်ချိန်တည်းတွင် သုံးယောက်သား ရဲစခန်းထဲသို့ ရောက်ရှိလာလေသည်။

လူးဝစ်နှင့် နေသန်တို့၏ မျက်နှာပေါ်တွင်တော့ ဆေးပတ်တီးများ စည်းထားကြပြီး အတော်လေး သနားစရာကောင်းသည့် ပုံစံများ ဖြစ်နေကြ၏။

လင်းရီကို မြင်တော့ နှစ်ယောက်သား ကြောက်ကြောက်လန့်လန့်ဖြင့် ကြည့်လိုက်ကြသည်။

“ မစ္စတာလင်း… ရောက်လာပြီလား…”

လင်းရီ ဝင်လာသည်ကို မြင်တော့ ရှစ်ရှောင်ရှင်း လျစ်လျူရှုဝံ့ခြင်း မရှိ၊ အပြုံးလေးဖြင့် နှုတ်ဆက်လိုက်သည်။

“ အားလုံး ပြီးသွားပြီလား…” လင်းရီ မေးလိုက်၏။

“ ဟုတ်ကဲ့… ပြီးပါပြီ… လျော်ကြေးငွေတွေ အားလုံး ဒီထဲမှာပါ….” ရှစ်ရှောင်ရှင်း ကြမ်းပြင်၌ ချထားသည့် အိတ်တစ်အိတ်ကို ကမ်းပေးရင်း ပြောလိုက်လေသည်။

“ မစ္စတာလင်း… ရေကြည့်လိုက်ပါဦး…”

“ မရေတော့ပါဘူး.. ကျုပ် ဒါရိုက်တာရှစ်ကို ယုံပြီးသားပါ… လက်မှတ်ထိုးရမယ်ဆို.. ဘယ်မှာလဲ စာရွက်စာတမ်းတွေ…”

“ အိုကေ အိုကေ… ဒီမှာပါဗျ…”

ရှစ်ရှောင်ရှင်း ကြိုတင်ပြင်ဆင်ထားသည့် စာရွက်စာတမ်းများကို ထုတ်ယူလိုက်၏။

လင်းရီ အကြောင်းအရာများကို တစ်ချက်ဖတ်ကြည့်လိုက်ပြီး မည်သည့် လွဲမှားမှုတို့မျှ မရှိကြောင်း သေချာတော့မှ သူ၏ နာမည်ကို လက်မှတ်ထိုးလိုက်လေသည်။

ထိုအခိုက်အတန့်တွင်တော့ ကိစ္စမှာ
ပြီးဆုံးသွားပြီဖြစ်၏။

လင်းရီ လက်မှတ်ထိုးလိုက်သည်ကို မြင်တော့
ရှစ်ရှောင်ရှင်း စိတ်သက်သာရာရစွာဖြင့်
သက်ပြင်းတစ်ချက် ချလိုက်သည်။

လင်းရီလို အဆင့်အတန်းမျိုး ရှိသူတစ်ယောက်နှင့်
ပြောဆိုဆက်ဆံနေရသည်က သူ့အတွက် အတော်လေး
ဖိအားများလှလေသည်။

“ မင်းတို့နှစ်ယောက် ခု ဘာမှားလဲ သိသွားပြီလား…”
ရှစ်ရှောင်ရှင်း လူးဝစ်နှင့် နေသန်တို့ကို စိုက်ကြည့်ရင်း
မေးလိုက်သည်။

“ သိပါပြီ…” နှစ်ယောက်လုံး စိတ်မပါတပါဖြင့် ပြန်ဖြေလိုက်ကြ၏။

“ကျယ်ကျယ်ပြောစမ်း….” လင်းရီ ပြောလိုက်၏။

“ ဟုတ် သိပါပြီ…”နှစ်ယောက်လုံး ကြောက်ကြောက်လန့်လန့်ဖြင့် မတ်တပ်ရပ်ပြီး အော်ဟစ်လိုက်ကြ၏။

“ ဒီလိုမှပေါ့… မှားရဲရင် ဝန်ခံရဲရတယ်… တကယ်လို့ ရိုက်ခံရရင်လည်း ကျေနပ်ပေးတတ်ရတယ်… ရောမ ရောက်ရင် ရောမရဲ့စည်းကမ်းကို လိုက်နာရမှာ သဘာဝပဲ … ဟုတ်တယ်မလား… ပေါတောတောတွေ လျှောက်မလုပ်နဲ့…”

နှစ်ယောက်လုံး ဘာမျှ ပြန်မပြောကြချေ။ သို့သော်လည်း ကျေနပ်ခြင်းတော့မရှိ၊ ၎င်းတို့၏ ဒေါသများကို မျိုသိပ်ထားကြောင်း သိသာလေသည်။

လင်းရီကတော့ ယခုကိစ္စကို ဆက်အကျယ်ချဲ့လိုစိတ် မရှိတော့ချေ။ ယခုလို ကျောင်းသားများနှင့် အငြင်းပွားနေသည်က သူ့အတွက် ဘာအကျိုးမျှမရှိ၊ ထို့ကြောင့် အားလုံး ပြီးဆုံးပြီးနောက် ရဲစခန်းထဲမှ ထွက်ခွာသွားခဲ့တော့၏။

“ ဘာမှလုပ်စရာမရှိဘူးဆိုတော့ ညဈေးတန်းဘက် သွားကြည့်ကြရင်ကော…”

“ အွန်း .. ကောင်းသားပဲ… ဒီနေ့ ဘော့စ်က မညှာမတာ အရည်ညှစ်ထားတာဆိုတော့ ပြန်ပြီး အားဖြည့်ဖို့ လိုနေပြီ…” စားရမည် သောက်ရမည်ဆိုတော့ ဟော်ယွမ်ယွမ် အားတက်သရောနှင့် ထောက်ခံလိုက်၏။

လင်းရီ ကျီချင်းရန်ကို တစ်ချက်ကြည့်လိုက်ပြီး “ ငါ စားဖို့ ပြောတုန်းကကျ မစားပဲနဲ့ ညစျေးတန်းသွားဖို့ ချောင်းနေတယ်ပေါ့….”

“ ခစ်ခစ်….”

သူမ ရှက်ရွံ့စွာပြုံး၍ လင်းရီကို ညစျေးတန်းသို့ ဆွဲခေါ်သွားတော့၏။

တစ်ချိန်တည်းတွင် လူးဝစ်နှင့် နေသန်တို့လည်း ရဲစခန်းထဲမှ ထွက်လာခဲ့ကြလေသည်။

၎င်းတို့နှစ်ယောက်ကို မြင်တော့ အပြင်တွင် စောင့်နေကြသည့် လူအုပ်စုမှာ သူတို့အနား ချဉ်းကပ်လာကြ၏။

“ ဒီလောက်တောင် ဆိုးဆိုးရွားရွားကြီး ရိုက်နှက်ခံခဲ့ရလားကွာ… လူးဝစ် … မင်းအဖေက ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား မဟုတ်ဘူးလား… ဟိုဘက်က ဘယ်နှစ်ယောက်မို့တုန်းကွ…”

၎င်းတို့၏ ပတ်တီးများနှင့် ရုပ်ပျက်ဆင်းပျက် အနေအထားကို မြင်တော့ နိုင်ငံခြား

ကျောင်းသားများမှာ အံ့အားသင့်သွားကြသလို ကြောက်လည်း ကြောက်လန့်သွားကြလေသည်။

“ ပြောမနေစမ်းနဲ့… တစ်ယောက်တည်း… စောနလေးတင် မင်းတို့ရှေ့ထွက်သွားတဲ့ကောင်ပေါ့… အဲ့ဟွာရှန့်ကောင်က တော်တော်လေး အားကြီးတယ်… ငါက သူ့ပြိုင်ဘက်မဟုတ်ဘူး…” လူးဝစ် ဒေါသတကြီးနှင့် ပြောလိုက်၏။

သူ၏ အမြင်တွင်တော့ သူ့အထင်အမြင် သေးသည့် ဟွာရှန့်ကောင်မှ ဒီလိုဖြစ်သွားအောင် လုပ်သွားသည်က တော်တော်လေး ရှက်ဖို့ ကောင်းလှလေသည်။

“ ကြည့်ရတာ အဲ့ကောင်က ဟွာရှန့်ကွန်ဖူး တတ်ထားတယ်နဲ့ တူတယ်…. မဟုတ်လို့ကတော့ မင်းရဲ့

ခွန်အားနဲ့ဆိုရင် အဲ့လိုကောင် ဆယ်ယောက်လာလည်း ပြဿနာ ရှိမှာမဟုတ်ဘူး…”

“ OK ကွာ… ခု အဲ့အကြောင်း မေ့လိုက်တော့ … ဘရန်ဒွန်က ဟိုမှာ စောင့်နေတယ်…”

သို့နှင့် လူးဝစ် မလှမ်းမကမ်းတွင် ရပ်ထားသည့် BMW 7 ထံသို့ လမ်းလျှောက်သွားလိုက်သည်။

တစ်ချိန်တည်းတွင် ကားထဲမှ လူလည်း အပြင်သို့ ထွက်လာလေသည်။

ထိုလူကတော့ ကျိုးဟိုင် ဖူတန်တက္ကသိုလ်ရှိ PhD ကျောင်းသား ဖြစ်ပြီး နာမည်ကတော့ ဘရန်ဒွန်ပင်။ ထိုသူကလည်း ကျိုးဟိုင် နိုင်ငံတကာ ကျောင်းသားများ

အစည်းအရုံး၏ ဥက္ကဌအဖွဲ့ဝင် ဖြစ်၏။ ကျိုးဟိုင်ရှိ ဘွဲ့လွန်ကျောင်းသားများအားလုံး သူ၏ အုပ်ချုပ်မှု လက်အောက်တွင် တည်ရှိလေသည်။

လူးဝစ်နှင့် နေသန်တို့ ကိစ္စကို ကိုင်တွယ်ရာ၌ တာဝန်ရှိသူတစ်ဦးလည်း ဖြစ်၏။

“ ရို ဘဒို… ဘယ်လိုတောင် ဆော်ပလော်တီးခံခဲ့ရတာတုန်းကွ…”

ဘရန်ဒွန် ပါးစပ်ထဲတွင် စီးကရက် ခဲရင်း မေးလိုက်၏။ သူ၏ ရှည်လျားသည့် ရွှေအိုရောင် ဆံပင်တို့ကတော့ လေညှင်းများကြောင့် တစ်ခါတစ်ရံ ယိမ်းယိမ်းသွားပြီး ထီမထင်ဟန် အသွင်အပြင်ကို ဖြစ်ပေါ်စေနေသည်။

“ မေးမနေစမ်းပါနဲ့… ဒီလိုမျိုး ဖြစ်လာမယ်လို့တောင် ထင်မထားဘူး… မဟုတ်ရင် လူတွေ အများကြီး ခေါ်သွားပါတယ်…”

ဘရန်ဒွန် ခေါင်းညိမ့်လိုက်ပြီး လင်းရီနှင့် ကျီချင်းရန်တို့ ထွက်ခွာသွားသည့် အရပ်မျက်နှာဘက်သို့ မျက်နှာမူကြည့်လိုက်သည်။

“ မင်း စောနကကောင်နဲ့ ပါလာတဲ့ အမျိုးသမီးနှစ်ယောက်ကို သိလား…”

လူးဝစ် ကျီချင်းရန်နှင့် ဟော်ယွမ်ယွမ်တို့၏ ပုံရိပ်ကို ပြန်လည်မြင်ယောင်ကြည့်ရင်း ခေါင်းခါရမ်းလိုက်၏။

“ မသိဘူး… ငါလည်း ဒီနေ့မှ မြင်ဖူးတာ…”
လူးဝစ်ပြောလိုက်ပြီး “ ဒါပေမယ့်
နှစ်ယောက်လုံးကတော့ အလန်းလေးတွေချည်းပဲ….
အထူးသဖြင့် ဟို ဂျင်းပန်နဲ့ တစ်ယောက်ပေါ့…”

“ ဟားဟား…. အဲ့ကောင်မလေးက
တကယ်ကိုလှတယ်..” ဘရန်ဒွန်ပြောလိုက်ပြီး
“ တကယ်လို့ ငါမှတ်မိတာ မမှားဘူးဆိုရင် ဂျင်းပန်နဲ့
အမျိုးသမီးက ရန်တက္ကသိုလ်ရဲ့ အလှဘုရင်မပဲ
ဖြစ်ရမယ်… မတွေ့ဖြစ်တာတောင်
တော်တော်ကြာနေပြီ… ဒါပေမယ့် ကျိုးဟိုင်မှာ
အခြေချနေလိမ့်မယ်လို့ ထင်မထားဘူး…
ဘယ်လိုတောင် တိုက်ဆိုင်လိုက်လဲ…”

“ ဖက်ခ်.. မင်းတို့နှစ်ယောက်က အချင်းချင်း
သိကြတယ်လား…”

“ သိတာပေါ့ကွ…” ဘရန်ဒွန် ပြောလိုက်ပြီး “ ငါ
လိုက်ပြီးတောင် ပိုးပန်းဖူးသေး… ဒါပေမယ့်
အိုနာကျိုးကန်းမကြီး တစ်ယောက်က ဝင်တားလို့ ပေါ့…
မဟုတ်လို့ကတော့ ခုချိန်ဆို ငါ့အပိုင်ဖြစ်နေပြီ…
ဒါပေမယ့် ခု တစ်ခြား ကောင်လေး တစ်ယောက်နဲ့
အတူရှိနေလိမ့်မယ်လို့တော့ ထင်မထားဘူး…
နှမြောစရာပဲ….”

“ ငါယီးကို နှမြောနေတာလား.. ခု ပြန်တွေ့ပြီဆိုတော့
သူမကို ပြန်လုယူလိုက်ရင် ရနေပြီလေကွာ..
ရှင်းနေတာပဲ မဟုတ်ဘူးလား…”

“ ဘဒို… ငါ့စီနီယာက အဲ့လောက် ပိုးပန်းဖို့ မလွယ်ဘူးဟ… ဒါကြောင့်မို့ အရမ်း စိတ်လောလို့ မရဘူး….”

ဘရန့်ဒွန် ပြောလိုက်ပြီး “ ခု ဒီကိစ္စက တော်တော်လေးကို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့ပြီ… ဆိုရှယ်မီဒီယာတွေပေါ်မှာလည်း လူတိုင်းက ဒီကိစ္စကို ဆွေးနွေးနေကြတာ… ကျိုးဟိုင်တင် မဟုတ်တော့ဘူး.. ဟွာရှတစ်ပြည်လုံးက ကျောင်းသားတွေ အကုန်လုံး ဒီကိစ္စကို လေ့လာစောင့်ကြည့်နေကြတာ… ဆိုတော့ သေချာပေါက်တစ်ခုခုတော့ ပြန်လုပ်မှ ဖြစ်မှာ…”

အဖြစ်အပျက်မှာ အတိတ်ရှိ နိုင်ငံတကာ ကျောင်းသားများနှင့် သာမန်

တက္ကသိုလ်ကျောင်းသားများ ပွဲဖြစ်သည့် ကိစ္စလောက်
မပြင်းထန်သော်လည်း ဖြစ်ပျက်သည့်
နေရာကွာခြားမှုကြောင့် ရလဒ်မှာလည်း
ကွဲပြားသွားခဲ့လေသည်။

ကျိန်းရန်လမ်းမှာ တက္ကသိုလ်များ ဝိုင်းရံထားသည့်
အလယ်တွင် တည်ရှိပြီး နေ့စဉ်ရက်ဆက် ကျောင်းသား
ထောင်နှင့်ချီက ယခုလမ်းမှ
ဖြတ်လျှောက်နေကြလေသည်။

ဟွာရှကျောင်းသားများမှ သူတို့လို နိုင်ငံတကာ
ကျောင်းသားများအပေါ် အမြင်မကြည်မှုပါ
ထပ်ပေါင်းထည့်လိုက်ပါက အဖြစ်အပျက်မှာ

အလွန်လျင်မြန်စွာဖြင့် ဝတ်မှုန်ကူးသည့်သဖွယ်
အင်တာနက်ပေါ် ပျံ့နှံ့သွားခဲ့ပြီး ရေပန်းစားလာခဲ့သည်။

ထိုအခိုက်အတန့်တွင် အင်တာနက်တစ်ခုလုံး
အားရကျေနပ်မှုများဖြင့် ပြည့်နှက်နေပြီး ယခုလို
ရလဒ်ကို လူတိုင်းက အားပေးအားမြှောက်
ပြုနေကြ၏။

အဆိုပါ အကြောင်းအရင်းကို တွေ့တော့ ကျိုးဟိုင်ရှိ
နိုင်ငံတကာ ကျောင်းသားများလည်း ဒေါသ
ထောင်းနမောင်းထကာ ချက်ချင်း လက်ငင်း အုပ်စုနှစ်ခု
ကွဲပြားသွားပြီး အွန်လိုင်းပေါ်တွင် ကီးဘုတ်တိုက်ပွဲ
နွှဲကြတော့၏။ ထိန်းမရတော့သည့် အဆုံး၌
အခြေအနေများမှာ အပြင်လောကတွင် တွေ့ပါက

ပစ်မှတ်ထားတိုက်ခိုက်ကြတော့မည့် အသွင်သို့ ကူးပြောင်းလာလေသည်။ ထို့ကြောင့် ဘရန်ဒွန်မှ မွန်းလွဲပိုင်း တစ်ညနေလုံး အဆိုပါ အရေးအခင်းများကို ကိုင်တွယ်ဖြေရှင်းရင်း အလုပ်ရှုပ်နေခဲ့၏။ သို့သော်လည်း သူ၏ ကြိုးပမ်းအားထုတ်မှုများက ထင်ထားသလောက် အရာမထင်ခဲ့ချေ။ များပြားလှသည့် လူပင်လယ်ကြီး အောက်တွင် သူ၏ ကြေညာချက်နှင့် ထုတ်ပြန်ချက်တို့က နစ်မြုပ်သွားပြီး လျစ်လျူရှုခြင်း ခံလိုက်ရတော့၏။

“ အဲ့ကောင်က တော်တော်ကြမ်းတယ်.. တကယ်လို့ ငါတို့ သင်ခန်းစာပေးမယ်ဆိုရင် သေချာပေါက် လူအများကြီး ခေါ်သွားမှရမှာ…” လူးဝစ် ပြောလိုက်၏။

“ ငါ့ အထင်တော့ ဒီတိုင်း သင်ခန်းစာပေးလိုက်တာက နည်းနည်းလေး သက်ညှာလွန်းရာ ကျနေမလားလို့...” နေသန် ပြောလိုက်ပြီး “ အဲ့ကောင် ငါတို့ကို ဒူးထောက်တောင်းပန်ရမယ်... ပြီးတော့ ဆိုင်လည်း ထပ်ဖွင့်ခွင့် ပေးလို့မရဘူး.. မဟုတ်လို့ကတော့ ငါတို့ကောင်တွေ ကျောင်းမှာ လူလျှောင်ရယ်စရာတွေဖြစ်ပြီးတော့ မျက်နှာပြလို့တောင် ရမှာ မဟုတ်တော့ဘူး...”

နေသန်မှာ သိုးရေခြုံထားသည့် ဝံပုလွေစစ်စစ်ပင်။ နေ့ခင်းတုန်းက လူးဝစ်၏ ကျောထောက်နောက်ခံဖြင့် အများတန်းစီသည်ကို ကြားဖြတ်ဝံ့ခဲ့၏။ သို့သော်လည်း လူးဝစ် အမှောက်သိပ်ခံလိုက်ရပြီးနောက် သူ့ဘက်က ပထမဦးဆုံး ရှုံးနိမ့်ကြောင်း ဝန်ခံလာလေသည်။

လင်းရီ၏ ရှေ့တွင် အသက်ပင် ဝဝမရှူဝံ့သည့် နေသန်မှာ ယခု ဘရန်ဒွန်အားကိုးဖြင့် တစ်ဖန် မောက်မောက်မာမာဖြင့် စကားကြီးစကားကျယ်တို့ ပြောလာပြန်သည်။

“ ဟုတ်တယ်.. နေသန်ပြောတာမှန်တယ်… ငါတို့ အဲ့ကောင်ကို ရှယ်သင်ခန်းစာပေးရမယ်…”

ပြောလိုက်သူကတော့ အနောက်ဥရောပအနွယ်ဝင် နိုင်ငံခြားသား မဟုတ်ပဲ အသားဝါသည့် အာရှသားတစ်ဦးပင်။

ထိုသူ၏ နာမည်ကတော့ ရှီရိုအီရှီဖြစ်ပြီး ဂျပန်မှ ပညာတော်သင် ကျောင်းသားတစ်ယောက်ဖြစ်၏။

သူ ဟွာရှသို့ ရောက်လာစဉ်တုန်းကတော့
စိတ်အခြေအနေမှာ အတော်လေး ပုံမှန်ပင်။
သို့သော်လည်း ရောက်လာပြီး တခဏကြာတော့ သူ၏
စိတ်အခြေအနေတို့က အနည်းငယ် ကစဉ့်ကလျား
ဖြစ်လာခဲ့လေသည်။

အကြောင်းမူကား ဟွာရှန့်သူလေးများမှ သူ့လို
ရုပ်ချောသည့် ဂျပန်ကောင်လေးကို မနှစ်သက်ကြပဲ
သူ့လောက်ပင် မခန့်ညားသည့် မျိုးနွယ်တူ
ဟွာရှန့်ကောင်လေးများကိုသာ
ကြိုက်နှစ်သက်နေသောကြောင့်ပင်။

ထိုအကြောင်းအရင်းကြောင့် သူ၏ စိတ်အခြေအနေမှာ
အတော်လေး ပုံမှန်မဟုတ် ဖြစ်လာလေသည်။

အထူးသဖြင့် သူ့ထက် ရုပ်ပိုချောပြီး ထူးချွန်သည့် ကောင်လေးများရှေ့တွင်တော့ ထိုရောဂါက ပိုပိုဆိုးရွားလာခဲ့၏။

ထိုအချိန်တွင် သူ့ရင်ဘက်ထဲရှိ မနွေရစိတ်တို့မှာ ရှုးသွပ်သည့် အရှိန်ဖြင့် တိုးပွားလာခဲ့ပြီး မည်သို့မျှ ချုပ်ထိန်း၍ မရနိုင်အောင် ဖြစ်လာလေသည်။

“ ဒါဆို ပြောလေ.. ငါတို့ ဘယ်လိုလုပ်ရင် ကောင်းမလဲ…” ဘရန်ဒွန် စီးကရက်ခဲရင်း မေးလိုက်၏။

“ ငါတို့ကောင်တွေ သူ့ဆိုင်ကို မီးရှို့ပြီးတော့ အဲ့ကောင်ကို ဖမ်းခေါ် နှိပ်စက်သာက အကောင်းဆုံးပဲ…

အဲ့လိုဆို ငါတို့ ဘယ်လောက် အင်အားကြီးလဲဆိုတာ ဖော်ပြရာကျတယ်…”

“ အင်း…အဲ့အကြံ မဆိုးဘူး…” နေသန် ပြောလိုက်ပြီး
“ အဲ့ဆိုင်ကို မီးရှို့… အဲ့ကောင်ကို ရိုက်ပုတ်…”

“ ငါလည်း အဲ့အကြံ မဆိုးဘူးထင်တယ်…” နိုင်ငံခြား ကျောင်းသား နောက်တစ်ယောက်မှ ထောက်ခံလိုက်၏။

“ Nonono……..”

ဘရန်ဒွန် သူ၏ လက်ညိုးကို ခါရမ်းလိုက်ပြီး
“ မင်းတို့ကောင်တွေလည်း ငါ့အတိုင်း ဟွာရှာသားတွေကို အထင်သေးနေတယ်ဆိုတာ ငါ သိတယ်.. ဒါပေမယ့် မီးနဲ့

ကစားတာကြီးကတော့ အန္တရာယ်များလွန်းတယ်…
တကယ်လို့ ငါတို့ မီးစရှို့တာနဲ့ တခြားဆိုင်တွေပါ
ကူးစက်သွားခဲ့မယ်ဆိုရင် ငါတို့ပဲ တာဝန်ယူ
ဖြေရှင်းပေးရမှာ…. အဲ့ဒီအကြံကို ရွေးချယ်စရာ
မရှိတော့မှ သုံးတာ အကောင်းဆုံးပဲ…”

ဘရန်ဒွန် ကျိုးဟိုင် နိုင်ငံတကာ
ကျောင်းသားများအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်လာသည်မှာ
အကြောင်းမဲ့ မဟုတ်ချေ။ ထိုအခိုက်အတန့်တွင်တော့
သူ့တွင် ဆင်ခြင်တုံတရား ရှိသေးလေသည်။

“ ဒါဆို ငါတို့က ဘာလိုလုပ်ရမှာ… ဒီတိုင်း
သင်ခန်းစာပေးရုံနဲ့တော့ မကျေနပ်နိုင်ဘူး..” လူးဝစ်
ပြောလိုက်၏။

“ လွယ်ပါတယ်….” ဘရန်ဒွန် ပြောလိုက်ပြီး “ ငါတို့ ဒီည
သူ့ဆိုင်ကို ဖျက်စီးပေးဖို့ လူတစ်ချို့ ရှာလိုက်မယ်..
အဲ့လိုဆို ငါတို့လိုချင်တဲ့ရလဒ်ကို ရပြီလေ …”

လူးဝစ်နှင့် ကျန်သူများ မျက်လုံးအရောင်
တောက်ပလာကြသည်။ ယင်းက တကယ့်ကို
အကြံကောင်းပင်။

မီးနှင့်ကစားပါက သူတို့လည်း ထိန်းချုပ်၍ မရပဲ အနီးရှိ
ဆိုင်များသို့ ကူးစက်သွားပါက သူတို့ထဲမှ
တစ်ယောက်မှျ လွတ်ကင်းနိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် လူအငှားဖြင့် ဖျက်ဆီးခိုင်းလိုက်ပါက ထိုသို့သော ပြဿနာမျိုးနှင့် ရင်ဆိုင်ရမည့်ဘေးမှ ကင်းဝေးသွားနိုင်သည်။

" အိုကေ.. အတည်ဖြစ်ပြီ... လိုအပ်တာကို ငါကပဲ ကြည့်စီစဉ်လိုက်မယ်... ခုတော့ တစ်ခုခု သွားစားကြတာပေါ့.."

" ရက်စ်... လစ်ကြစို့...."

**အခန်း (၂၆၉)**

**ယွမ်ယွမ်က အသဲကွဲသွားတာမဟုတ်ဘူး..**

**လွဲချော်သွားတာ...**

ကျိန်းရန်လမ်းအဆုံးရှိ ညစျေးတန်းတွင်တော့ လင်းရီ ပိုက်ဆံထည့်ထားသည့် အိတ်ကို ဆွဲလျက် မိန်းမလှလေး နှစ်ယောက်နှင့်အတူ လမ်းလျှောက်နေလေသည်။

ကျီချင်းရန်နှင့် ဟော်ယွမ်ယွမ်တို့ နှစ်ယောက်လုံးက အစားသရဲလေးများ ဖြစ်ကြသောကြောင့် တစ်လမ်းလုံး အစားနှင့်လက်နှင့်မပြတ် စားသောက်လာကြရင်း တစ်ထောက်ပင်မနား စကားပြောလာခဲ့ကြ၏။

“ အစ်မကျီ.. ညီမအထင်တော့ ဒီရဲ့ညစျေးတန်းက ရန်ကျင်းက တစ်ခုထက် ပိုကြီးသလားလို့...”

ဟော်ယွမ်ယွမ် ပြောလိုက်ပြီး " ညီမတို့ ကျောင်းပေါက်ဝရှေ့က ညဈေးတန်းက ပစ္စည်းတွေဆို နည်းနည်းလေးပဲ ရှိတာ... ဒီကနဲ့တောင် ယှဉ်လို့မရဘူး..."

" ဒါကြောင့်မို့ ငါနဲ့ ရီက ဒီကို ခနခန လာလည်ကြတာလေ...."ကျိချင်းရန် လင်းရီလက်မောင်းကို ပိုမိုတွယ်ကပ်ရင်း အပြုံးလေးဖြင့် ပြောလိုက်၏။

" ညီမက တတိယဘီးမှန်း သိပါတယ်နော်... ဒါပေမယ့် ညီမရှေ့မှာတော့ အဲ့လိုမျိုး ကြင်နာယုယ ပြမနေကြပါနဲ့လား..." ဟော်ယွမ်ယွမ် ပြောလိုက်ပြီး " တကယ်လို့ ဒီနေ့ တစ်စုံတစ်ယောက်က

ဒကာခံပါ့မယ်လို့ မပြောရင် ညီမလည်း လိုက်မလာပါဘူး…”

“ တကယ်လို့ နင်မလိုက်လာရင်လည်း ဒီလိုမျိုး အရသာရှိတဲ့ဟာတွေ စားလို့မရတော့ဘူးလေ…”

“ အဲ့တာတော့ ဟုတ်တယ်… ညီမ ညဈေးတန်း မရောက်ဖြစ်တာ ဘယ်လောက်တောင် ကြာနေပြီလဲမသိဘူး… ဒီက ညဈေးတန်းက ကျောင်းပေါက်ဝကထက် အများကြီးသာတယ်…”
ဟော်ယွမ်ယွမ် စောဒက တက်လိုက်ပြီး
“ နှစ်နေရာလုံးက အစားအသောက်တွေ ရောင်းတဲ့နေရာချည်းပဲကို ကွာခြားချက်က ဘာလို့ အဲ့လောက်တောင် ကြီးနေရတာ…”

“ သာမန်ပါပဲ…” လင်းရီ ပြောလိုက်ပြီး “ အဲ့တာက ရန်တက္ကသိုလ်လေ…. သာမန်တက္ကသိုလ်မှ မဟုတ်တာ… ဆိုတော့ အဲ့နားဝန်းကျင်မှာ ဆိုင်တွေ သိပ်မရှိတာ သာမန်ပါပဲ… မင်းတို့ လည်လို့ ပတ်လို့ရအောင် ညဈေးတန်း နည်းနည်းပါးပါး ရှိတာတောင် ဟုတ်လှပြီ…”

“ ဒါပေမယ့် ရန်တက္ကသိုလ်က ကျောင်းသားတွေကလည်း လူသားတွေပဲလေ… ငါတို့လည်း စားဖို့ သောက်ဖို့ လိုသေးတာပေါ့…”

“ မင်းတို့ကောင်တွေကမှ ဘဝကို ဘယ်လို ပျော်အောင်နေရမလဲမှ မသိကြတာ…” လင်းရီ ပြောလိုက်ပြီး “ ရန်တက္ကသိုလ်ဆိုတာ

ထိပ်တန်းကျောင်းသားတွေချည်း ပြည့်နေကြနေတဲ့
တက္ကသိုလ်တစ်ခု… သူတို့ အချင်းချင်း ပြိုင်ဆိုင်ရင်းနဲ့ပဲ
ထွက်လည်ဖို့ အချိန်တောင် ရှိလို့လား…”

“ မယုံဘူးဆိုရင် ယှဉ်ကြည့်လိုက်…ဖူတန်တို့
ကျောင်းထုံးတို့လို ထိပ်တန်းတက္ကသိုလ်ဝန်းကျင်မှာ
ဟိုတယ် သေးသေးလေးတောင် မရှိဘူး… ခု
ကျိုးဟိုင်လို သာမန်တက္ကသိုလ်တွေ ဝန်းကျင်နားမှာဆို
ဟိုတယ်တွေက ယွမ် ၂၀ ကနေ ယွမ် ၂,၀၀၀ ကြားဆို
ကောင်းကောင်း ရနေပြီ… ချစ်သူများနေ့လိုဆို မှောင်ခို
လက်မှတ်ရောင်းသမားတွေက အခန်းတွေကို ဈေးကြီးနဲ့
တစ်ဆင့်ခံပြီးတောင် ပြန်ရောင်းကြသေး…
ဟုတ်တယ်ဟုတ်….”

" အာ... အဲ့လိုကျတော့လည်း ဟုတ်သားပဲ...."

" ဘော့စ်... နင်က အရမ်းတော်တာပဲ.. ဘာလို့ ကျိုးဟိုင်တက္ကသိုလ်မှာပဲ သင်တာ... တကယ်လို့ ချင်းဟွာ တက္ကသိုလ်ကို မတက်နိုင်ဘူးဆိုရင်တောင် အနည်းဆုံး 985 တက္ကသိုလ်တစ်ခုခုလောက်တော့ မှီသင့်တယ်လေ...." ဟော်ယွမ်ယွမ် ပြောလိုက်ပြီး

" ကေန္တ ဘော့စ် မ ကိစ္စနဲ့ ဗျာများနေလို့ စာထဲ အာရုံမစိုက်နိုင်တာများလား.."

ထိုမေးခွန်းကို ကြားတော့ ကျီချင်းရန် သေချာလေး နားစွင့်ပြီး လင်းရီ၏ အဖြေကို အာရုံစိုက်နေလိုက်၏။

“ ငါ့ဖင်ကြီးကိုပဲ ဗျာများ… ငါ အဲ့တုန်းက အင်နိုးစန့်လေး… ဘာဆိုဘာမှ မသိသေးဘူး…” လင်းရီ ပြောလိုက်ပြီး “ အဲ့တုန်းက ဂေဟာမှာ ကလေးတွေကလည်း အများကြီးပဲလေ… ပြီးတော့ ရန်ပုံငွေကလည်း ကျပ်တည်းတော့ အထက်တန်း နောက်ဆုံးနှစ်မှာ စာထဲ သိပ် အာရုံမစိုက်လိုက်နိုင်ဘူး… ရှင်းရှင်းလေးပဲ…”

“ အန်တီက အရမ်း အံ့သြဖို့ကောင်းတယ်နော်… ဂေဟာကို တစ်ယောက်တည်း အချိန်အကြာကြီး ပံ့ပိုးထားပေးနိုင်တယ်…”

"အင်း...."လင်းရီ ခေါင်းညိမ့်လိုက်သည်။

အတိတ်တွင်တုန်းက လင်းရီ ဟော်ယွမ်ယွမ်
နားမလည်နိုင်သည့် ကိစ္စများကို ပြုခဲ့လေသည်။

ယခု သူမ လင်းရီနှင့် ပိုပြီး ထိတွေ့ဆက်ဆံလေ၊
လင်းရီကို တဖြည်းဖြည်းနှင့် ပို၍ နားလည်လာခဲ့၏။

သို့နှင့် သုံးယောက်သား စားရင်းသောက်ရင်း
ပြောရင်းဆိုရင်းဖြင့် လမ်းဘေး အစားအစာများ
ရောင်းချသည့် နေရာမှ ထွက်လာကာ နေ့စဉ်သုံး
ပစ္စည်းများ ရောင်းချသည့် နေရာသို့
ရောက်လာခဲ့ကြ၏။

“ အစ်မကြီး.... ဟိုနားမှာ စတော်ကင်တွေနဲ့ ကာတွန်းပုံ
အတွင်းခံလေးတွေ ရောင်းနေတယ်...
သွားကြည့်ဦးမလား..”

“ ဒီမှာ အဝတ်အစားတွေ မဝယ်ဖို့ အကြံပေးချင်တယ်… အရည်အသွေးတွေက မကောင်းဘူး…” လင်းရီ ပြောလိုက်သည်။

“ အရည်အသွေး မကောင်းလို့ပဲ ဝယ်သင့်တာလေ…” ဟော်ယွမ်ယွမ် ပြောလိုက်ပြီး “ တကယ်လို့ အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေ ဝယ်မယ်ဆိုရင် ဆွဲဖြဲရမှာ နှမြောနေမှာ…. ခုလိုဆို အားပါးတရကြီး ဆွဲဖြဲလို့ရပြီလေ… ဘယ်လောက်ပျော်ဖို့ ကောင်းထားလဲ…”

ကျီချင်းရန် ရှက်သွေးဖြန်းသွားခဲ့ပြီး “ နင်ဘာမဟုတ်တာတွေ လျှောက်ပြောနေတာ…. ပါးစပ်ပိတ်ပြီး ကိုယ့်စားစရာရှိတာကို စားစမ်း….”

ဟော်ယွမ်ယွမ် တခစ်ခစ် ရယ်မောလိုက်၏။ သူမ၏ အစ်မကြီး ရှက်ရွံ့နေသည့် အမူအရာကို မြင်ရသည်က အတော်လေး မျက်စိပဒါသ ရှိလှ၏။

အချိန်တို့ တဖြည်းဖြည်း ကုန်လွန်လာကာ ညမှာ အတော်လေး ညဥ့်နက်နေပြီ ဖြစ်ပြီး သုံးယောက်သား ပြန်ရန် ဟန်ပြင်လိုက်ကြသည်။

“ ဟမ်… ရှေ့မှာ ရပ်ထားတဲ့ ကားက ရင်းနှီးနေသလိုပဲ..”

လင်းရီ၏ အကြည့်နောက်သို့ လိုက်ပါသွားရင်း ကျီချင်းရန်နှင့် ဟော်ယွမ်ယွမ်တို့ လမ်းဘေးတွင်

ထိုးရပ်ထားသည့် အဖြူရောင် အယ်ဖာလေး တစ်စင်းကို မြင်တွေ့လိုက်ရ၏။

ယခုလိုကားမျိုးမှာ ဈေးကြီးခြင်းမရှိချေ။ အခွန်အခများ ပါဝင်ပြီးလျှင်တောင် ယွမ်တစ်သန်းကျော်မျှသာ တန်ကြေးရှိလေသည်။ သို့သော်လည်း ထိုသို့သော ကားမျိုး ဝယ်စီးနိုင်သူများကို တန်းမြင့် လူတန်းစားများဟု ခေါ်သမုတ်၍ရ၏။

“ နင် အဲ့ကားကို သိလို့လား..” ကျီချင်းရန် သာမန်လေသံဖြင့် မေးလိုက်သည်။

“ အင်း… ငါ့အထင် ချင်းကြီးဥစ္စာထင်တာပဲ.. အဲ့ချီးထုပ်က ဒီဘာလာလုပ်တာပါလိမ့်….”

“ လာ… သွားကြည့်ကြည့်ကြစို့…”

သုံးယောက်သား ကားအနီးသို့ ရောက်လာပြီး လင်းရီ လိုင်စင်နံ့ပါတ်ပြားကို ကြည့်လိုက်သောအခါ တကယ်ကြီး ချင်းဟန်၏ ကား ဖြစ်နေခဲ့လေသည်။ လင်းရီ ဖုန်းထုတ်၍ ခေါ်တော့မည့်အချိန်တွင် အနောက်မှ တစ်စုံတစ်ယောက် စကားပြောသံကို ကြားလိုက်ရ၏။

“ ဟိုကောင် မင်းဘာကြည့်နေတာ… ဝေးဝေးနေစမ်း…”

လင်းရီ ကြည့်လိုက်သောအခါ ဖက်ရှင်ကျနစွာ ဝတ်ဆင်ထားသည့် မီးခိုးရောင် ဆံပင်ဆိုးနှင့် လူငယ်တစ်ယောက်ဖြစ်ကြောင်း မြင်တွေ့လိုက်ရ၏။

“ ငါ ကားပိုင်ရှင်နဲ့သိတယ်.. အဲ့တော့ ကြည့်လို့မရဘူးလား…” လင်းရီ ပြုံးလိုက်၏။

“ မင်းလား… ဒါက သခင်လေးချင်းရဲ့ကားကွ.. မင်းက သူနဲ့ သိတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာ…”

“ ဝေ့ချီ… မင်း ငါယီးတွေ လုပ်နေတာလားကွ…”

လင်းရီ စကားပြောတော့မည့် ဆဲဆဲတွင် ချင်းဟန်၏ အသံကို ကြားလိုက်ရ၏။ တိုက်တိုက်ဆိုင်ဆိုင် ချင်းဟန် အမျိုးသမီးတစ်ယောက်ကို တွဲလျက် ဟော့ပေါ့ဆိုင်ထဲမှ ထွက်လာသည်ကို မြင်တွေ့လိုက်ရပြီး ကောင်းကျိုးယွမ်ကလည်း သူ့ဘေးတွင် ကပ်လျက် လိုက်ပါလာလေသည်။

“ အစ်ကိုကြီးချင်း… ဒီကောင် အစ်ကိုကြီးရဲ့ကားနား ရစ်သီရစ်သီ လုပ်နေတာ အကြာကြီးပဲ… ပြီးတော့ အစ်ကိုကြီးချင်းနဲ့ သိတယ်ဆိုပြီးတောင် ကြွားလိုက်သေးတယ်… အဲ့တာကြောင့် မောင်းထုတ်လိုက်မလို့…”

“ မင်း သောက်ရူး.. ငါ့ရှေ့က ထွက်သွားစမ်း… သူနာမည် လင်းရိုက္ခ… သူငါ့ကို သိတယ်ဆိုတာကို မင်းက မယုံသက်ာ ဖြစ်နေသေးတာလား….”

“ သောက်ကျိုးနည်း .. သူက အစ်ကိုကြီးလင်းလား…”

မီးခိုးရောင် ဆံပင်နှင့် လူငယ်မှာ လင်းရိုက္ခကို မယုံကြည်နိုင်သည့် မျက်ဝန်းတို့ဖြင့် ကြည့်လိုက်၏။

အဘယ်ကြောင့်ဆိုသော် သူ ချင်းဟန်တို့နှင့် မကြာခဏ လျှောက်လည်လေ့ရှိပြီး လင်းရီ၏ အမည်နာမကို ကြားဖန်များထားပါသော်လည်း ယနေ့လို လူကိုယ်တိုင် တွေ့ဆုံရလိမ့်မည်လို့ ထင်မထားချေ။

" အစ်ကိုကြီးလင်း... ဆော... ဆောတီးပါဗျာ... ကျုပ် အစ်ကိုကြီးလင်းကို မမှတ်မိလိုက်ဘူး ဖြစ်သွားတယ်.. စိတ်မရှိပါနဲ့ဗျ...."

" ရပါတယ်... တမင်သပ်သပ်မှ မဟုတ်တာ..." လင်းရီ ပြောလိုက်၏။

မီးခိုးရောင် ဆံပင်နှင့် ကောင်လေးမှ တောင်းပန်နေသည်ကို မြင်တော့ ကျိုးဟိုင်ရှို ချမ်းသာသည့် ဒုတိယမျိုးဆက်များ၏

အသိုင်းအဝိုင်းတွင် သူမဘော့စ်က နာမည်ဂုဏ်သတင်း အခိုင်အမာ ရှိထားကြောင်း ဟော်ယွမ်ယွမ် သတိပြုမိလိုက်သည်။ လင်းရီ မည်သည့် နေရာသို့ သွားစေကာမူ လူတိုင်းက အားတက်သရောနှင့် အစ်ကိုကြီးလင်းဟု ခေါ်ဆိုကြမည်ဖြစ်၏။

သူမ၏ အစ်မကျီကတော့ ထိုအစ်ကိုကြီး၏ အမျိုးသမီး ဖြစ်လာချေပြီ။

ဟော်ယွမ်ယွမ် သက်ပြင်းချလိုက်၏။
‘ အဲ့လိုဖြစ်ဖို့က ငါ့အိပ်မက်ပဲလေ…’

‘ ဘာလို့ ငါက အစ်မကျီလို မဖြစ်လာပဲနဲ့ တစ်နေ့တစ်ခြား အဲ့ သူဌေးစုတ်နဲ့ ပိုပိုတူလာပါလိမ့်…’

‘ ဟင်း….’

“ လင်းကြီး … ဘာတွေ ဖြစ်နေတာ…. မင်းက ဘာလို့ ဒီရောက်နေတာ…” ချင်းဟန် မေးလိုက်၏။

“ ငါဒီမှာ ဆိုင်ဖွင့်ထားတာလေ… သူတို့နှစ်ယောက်က ငါ့ကို လာကူပေးတာ… ဒီနေ့ဆိုင်ပိတ်ပြီးတော့ ဘာမှ လုပ်စရာမရှိတာနဲ့ပဲ ဒီနားတစ်ဝိုက် လိုက်လျှောက်လည်နေတာ….မင်းနဲ့ လာဆုံမယ်တောင် ထင်မထားဘူး…”

“ လခွမ်း… မဖြစ်နိုင်လိုက်တာ… အစ်ကိုကြီးလင်းက… ဒီမှာ ဆိုင်ဖွင့်ထားတယ်…” ကောင်းကျုံးယွမ် အံ့အားသင့်သည့်လေသံဖြင့် ပြောလိုက်သည်။

" ဒီတိုင်းပဲ ဘဝအတွေ့အကြုံ ခံစားဖို့ပေါ့..."

" အစ်ကိုကြီးလင်းကလည်း စောကတည်းက ပြောရောပေါ့... ကျုပ်တို့ အစ်ကိုကြီးရဲ့ဆိုင်မှာ လာအားပေးမှာပေါ့..."
ကောင်းကျုံးယွမ်ပြောလိုက်သည်။

" ဒီတိုင်း ဆိုင်သေးသေးလေးပါကွာ... ၈၉ ကျိန်းရန်လမ်းမှာ.... လာချင်ရင် အချိန်မရွေးလာခဲ့ကြ..."

" အိုကေ..."

" အဲ့တာဆို ပြောနေတာတွေ ရပ်ပြီး မက်ထရိုပိုလစ်ကို ဒိုးကြမယ်... ငါတို့ကောင်တွေ

အတူမသောက်ရတာတောင် တော်တော်လေး ကြာနေပြီ….” ချင်းဟန် အကြံပြုလိုက်၏။

“ တော်ပါပြီကွာ… မင်းတို့ကောင်တွေပဲ သွားကြတော့.. ငါ့လို မိသားစုနဲ့ စီးပွားရေး လုံးပန်းနေရတဲ့ကောင်က အဲ့လို နေရာမျိုးတွေကို တာ့တာပြပြီးသွားပြီ…”

ကောင်းကျုံးယွမ် ဟော်ယွမ်ယွမ်ကို တစ်ချက် ကြည့်လိုက်ပြီး “ အစ်ကိုကြီးလင်း… အလုပ်တာကလည်း လုပ်ပေါ့.. ဒါပေမယ့် အနားယူဖို့ကလည်း အရေးကြီးတယ်လေ… မရီးကလည်း ဒီမှာ ရှိနေတာပဲကို… အားလုံး အတူတူသွားကြတာပေါ့…”

“ ကောင်းကြီး… မင်းက မရိုးတော့ဘူးနော်ဟျောင့်..”

ကျီချင်းရန် ပါးစပ်အုပ်၍ ခိုးခိုးခစ်ခစ်
ရယ်မောလိုက်သည်။ သူမ လင်းရီဆိုလိုချင်နေသည်ကို
နားလည်ပေသည်။

ကောင်းကျုံးယွမ်မှာ ဟော်ယွမ်ယွမ်ကို တိတ်တခိုး
နှစ်သက်နေပုံရ၏။

“ နောက်မှပေါ့ကွာ... ဒီညတော့ အတော်လေး
နောက်ကျနေပြီ...”

“ အဆင်ပြေပါတယ်.. ဘာပဲဆိုဆို
မက်ထရိုပိုလစ်ဆိုတာကလည်း စကားပြောလို့
အဆင်ပြေတဲ့ နေရာမှ မဟုတ်တာ... “ ကောင်းကျုံးယွမ်
အပြုံးလေးဖြင့် ပြောလိုက်သည်။

နှစ်ဖွဲ့မှာ တခဏကြာ စကားပြောပြီးနောက် ကိုယ်စီ လမ်းခွဲလိုက်ကြလေသည်။

“ ငုံးလိုလုပ်မနေနဲ့… မင်းဘယ်လိုမြင်လဲ…” စားသောက်ဆိုင်သို့ ပြန်ရင်း လမ်းတွင် လင်းရီ ဟော်ယွမ်ယွမ်ကို မေးလိုက်၏။

“ ကျွန်မက အစ်မကျီလောက် မရှည်ဘူးဆိုပေမယ့် ပုလည်း မပုပါဘူး. ဘယ်မှာ ငုံးနဲ့ တူနေလို့…” ဟော်ယွမ်ယွမ် ပြောလိုက်သည်။

“ ငါတို့ ကုမ္ပဏီ အစည်းအဝေးမှာ နောက်ဆုံးတွေ့ကတည်းရင် ကောင်းကြီးက မင်းကို ခဏခဏ ခိုးကြည့်နေတာနော်… ကြည့်ရတာ မင်းကို

စိတ်ဝင်စားနေတယ်နဲ့ တူတယ်… ဘယ်လိုထင်လဲ…”
လင်းရီ မေးလိုက်ပြီး
( သတင်းစာရှင်းလင်းပွဲ ပြီးတော့ လုပ်တဲ့
အစည်းအဝေး..)

“ သူက နည်းနည်းလေး မျက်စိနောက်ဖို့
ကောင်းတယ်ဆိုပေမယ့် သူ့ရဲ့စရိုက်လေးကတော့
မဆိုးရှာပါဘူး… တကယ်လို့ မင်းသူ့ကို
မကြိုက်ဘူးဆိုရင် လျှန်ကြီးကော… အဲ့ကောင်လည်း
ဆိုးတော့ မဆိုးဘူး… မင်းဘယ်သူ့ကို ကြိုက်လဲပဲ
ပြောလိုက်… ငါကူညီပေးမယ်…”

“ တော်ပါပြီ.. ကျွန်မက ကိုယ့်ရဲ့မင်းသားလေးကို
ကိုယ့်ဘာကိုယ်ရှာမှာ…”

“ မင်း ချိုကြီးကို စိတ်ဝင်စားနေတာတော့
မဟုတ်ဘူးမလား…” လင်းရီ မေးလိုက်ပြီး
“ နှစ်ယောက်က နေ့တိုင်း ရုံးမှာ
အလုပ်အတူလုပ်နေတယ်ဆိုတော့ မီးပွားလေးတွေ
ထနေပြီထင်တယ်… ကြည့်လည်းလုပ်ကြဦးနော်… ငါ့ရဲ့
လင်းယွမ် အဆောက်အဦးလေးလည်း
မီးလောင်မသွားစေနဲ့ဦး…”

“ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်မှာ … ကျွန်မနဲ့ အစ်ကိုချိုက
ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေပဲ… မဟုတ်တာတွေ
လျှောက်မပြောနဲ့…” ဟော်ယွမ်ယွမ် ပြောလိုက်ပြီး
“ ခုဆို အစ်ကိုချိုက ဌာနတစ်ခုရဲ့ဒုဥက္ကဌနဲ့
ဘာညာဘာညာတွေ ဖြစ်နေတာ… တကယ်လို့

အစ်ကိုချီရဲ့ အိမ်ထောင်ရေးသာ ပြိုကွဲသွားခဲ့လို့ကတော့ အားလုံးက ဘောစ့်ကြောင့်ပဲ…”

“ လခွမ်း… သောက်ကျိုးနည်းကြီး မဖြစ်နိုင်လိုက်တာ… ချီကြီးက တကယ်ကြီး ရုံးတွင်း အချစ်ဇာတ်လမ်းတွေ ရှိနေတယ်တဲ့လား… စာအုပ်တစ်အုပ်ကို အဖုံးကြည့်ပြီး မဆုံးဖြတ်နဲ့ဆိုတာက တယ်မှန်ပါလားဟ…”

“အဲ့တာ အတုမြင် အတတ်သင်လို့ ခေါ်တယ်.. ဘောစ့်လည်း အစ်မကျီနဲ့ ဒိတ်လုပ်တုန်းက ချောင်ရန်အုပ်စုရဲ့ဝန်ထမ်းဖြစ်နေတာပဲ မဟုတ်ဘူးလား…”

“ ဟာသလာလုပ်မနေနဲ့… ငါက အလုပ်ထွက်ပြီးမှ မင်းရဲ့အစ်မကျီကို စပိုးပန်းတာ…”

ကျီချင်းရန် မျက်လုံးလှိမ့်လိုက်ပြီး “ နင်တို့နှစ်ယောက် သာမန်လေးပဲ စကားပြောလို့မရဘူးလား…”

“ အိုကေ အိုကေ အိုကေ… စကားပြောတာ ဒီမှာတင် ရပ်ကြမယ်…”

စားသောက်ဆိုင်အဝသို့ ရောက်သောအခါ သုံးရောက်သား ကားကိုယ်စီထဲသို့ ဝင်ရောက်လိုက်ကြလေသည်။

လင်းရှီနှင့် ကျီချင်းရန်တို့ကတော့ ကျိုကျုံးဗီလာသို့ ပြန်လာခဲ့ပြီး ဟော်ယွမ်ယွမ်ကတော့ သူမအိမ်သူမ ပြန်သွားခဲ့၏။

“ ငါဘာလို့ ဟော်ယွမ်ယွမ်နဲ့ ပတ်သက်ပြီး တစ်ခုခု မှားယွင်းနေတယ်လို့ ခံစားနေရပါလိမ့်…” လင်းရီ ဆိုဖာပေါ်တွင် ထိုင်ရင်း မေးလိုက်သည်။

“ နင် ယွမ်ယွမ်ကို နားမလည်ပါဘူး…. ယွမ်ယွမ် အကြောင်း နင်မသိသေးတာတွေ အများကြီး ရှိသေးတယ်…” ကျီချင်းရန် ပြောလိုက်၏။

“ အမ်…. ယွမ်ယွမ်က ပလေးခံလိုက်ရတာလား…”

ထိုကိစ္စက ဖြစ်နိုင်ချေရှိသည်ဟု လင်းရီ ခံစားလိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် သူမက သူ့ကို မကောင်းတဲ့ကောင်ဟု တစ်ခေါ်တည်း ခေါ်နေသောကြောင့်ပင်။

“ ပလေးခံလိုက်ရတာမဟုတ်ဘူး.. လွဲချော်သွားခဲ့တာ…”

**အခန်း (၆၃၀)**

**တောင်နဲ့မြစ်တို့ခြားထားရင်တောင် ကိုယ်မင်းရှိတဲ့ နေရာဆီ ရောက်အောင်လာခဲ့မှာ…**

“ လွဲချော်သွားခဲ့တယ်…” လင်းရီ ပြောလိုက်ပြီး

“ မင်းလေသံ နားထောင်ရသလောက်တော့ သေချာပေါက် ဇာတ်လမ်းတစ်ပုဒ်တော့ ရှိမယ်ထင်တယ်…”

ကျီချင်းရန် သူမ၏ ရှည်လျားသည့် ဆံနွယ်တို့ကို ဖြည်ချလိုက်ပြီး လင်းရီ ဘေး၌ထိုင်ကာ “ ယွမ်ယွမ်ရဲ့ အချစ်ဦးက အထက်တန်းကျောင်းသူ ဘဝတုန်းကလေ…”

“ နေ နေစမ်းပါဦး…. မဖြစ်နိုင်လိုက်တာ….” လင်းရီ အကြီးအကျယ် အံ့အားသင့်သွားခဲ့ပြီး

“ အဲ့လောက် ငယ်ငယ်လေးနဲ့ စိတ်ကစားတာတောင် ရန်တက္ကသိုလ် တက်နိုင်သေးတယ်ပေါ့…. အထင်ကြီးလောက်စရာပဲ….”

“ အဲ့လိုမျိုးမဟုတ်ဘူးဟ…”

" အဲ့ဒီအချိန်တုန်းက ယွမ်ယွမ်ရဲ့ကောင်လေးကလည်း စာတော်တယ်… ဒါပေမယ့် ယွမ်ယွမ်လောက်တော့ မတော်ဘူးပေါ့… တကယ်လို့ သူသာ ကြိုးစားမယ်ဆိုရင် ချင်းဟွာ တက္ကသိုလ်မှာ တက်နိုင်တယ်…. တစ်ခြားတစ်ဖက်မှာကျတော့ ယွမ်ယွမ်က အသာလေး.. ဘာအားမှ စိုက်ထုတ်စရာမလိုပဲနဲ့ တက်နိုင်တယ်… ဒါကြောင့်မို့ အထက်တန်း တတိယနှစ် စာမေးပွဲ ဖြေတုန်းက  အမှတ်လျော့အောင်ဆိုပြီးတော့ သင်္ချာနောက်ဆုံးအပုဒ်ကို တမင်မဖြေလိုက်ဘူးလေ… အဲ့တာမှ သူ့ကောင်လေးနဲ့ တစ်ကျောင်းတည်း အတူတူတက်ခွင့် ရမှာကိုး…"

" အဲ့တော့… သူတို့ ဘယ်နှစ်မှတ် ရလိုက်တာ…"

“ အဲ့ကောင်လေးက 672 မှတ်… ယွမ်ယွမ်က 673 မှတ်…”

“  တစ်မှတ်တည်း ကွာတာလား…မဆိုးပါဘူး… အဲ့တာနဲ့ပဲ တစ်ကျောင်းတည်း ကျသွားရောတဲ့လား…”

ထိုအခိုက်အတန့်တွင်  လင်းရီစိတ်ထဲ၌ ထိပ်တန်းကျောင်းသားနဲ့ ဆိုးသွမ်းသည့် ကျောင်းသားကြား ကွာခြားချက်ကို နက်ရှိုင်းစွာ နားလည်သဘောပေါက်သွားလေသည်။

ထိပ်တန်းကျောင်းသားများမှာ ၎င်းတို့လိုချင်သည့် အမှတ်ကို အလွယ်လေး ရနိုင်ချိန်တွင် ဆိုးသွမ်းသည့် ကျောင်းသားများ၏ အမှတ်ကောင်း ရရှိရေးကတော့

ဘေးချင်းကပ် ထိုင်သည့်သူပေါ်တွင်
မူတည်နေလေသည်။

ကွာခြားချက်ကြီးကလည်း ငိုးကျလောက်အောင်ပဲ…

ကျီချင်းရန် ကူကယ်ရာမဲ့စွာဖြင့် ပခုံးတွန့်လိုက်ပြီး
“ မကျဘူး…”

“ ဝှက်သယ်ဖက်ခ်… တစ်မှတ်တည်းကွာတာကို
အတူမကျဘူးတဲ့လား…”

“ နင်တို့အတွက်တော့ တစ်မှတ်က ဘယ်လောက်မှ
မကွာဘူးဆိုပေမယ့် သူတို့နှစ်ယောက် အတွက်ကျတော့
တစ်မှတ်က မိုင်ပေါင်း ၁၃၀၀ လောက်နဲ့ ညီမျှတယ်…”

“ အဲ့ဒီနှစ် ရန်တက္ကသိုလ်ရဲ့ အနိမ့်ဆုံး ဝင်ခွင့်အမှတ်က 673မှတ် … ယွမ်ယွမ်က အနိမ့်ဆုံးအမှတ်နဲ့ ဝင်ခွင့်ရသွားတယ်ဆိုပေမယ့် သူ့ကောင်လေးကျတော့ 672 မှတ်နဲ့ ဟာပင်းတက္ကသိုလ်ကို ရောက်သွားတာ….”

ကျီချင်းရန် သက်ပြင်းချလိုက်ပြီး သူမလက်ပေါ် မေးတင်ကာ နှလုံးသားတစ်ခုလုံး လေးလံနေလေသည်။

“ နောက်တော့ကော… ဇာတ်လမ်းက အဲ့လောက်လေးနဲ့ အဆုံးသတ်သွားတာတော့ မဖြစ်နိုင်ဘူးမလား…. ယွမ်ယွမ်ရဲ့ အကျင့်စရိုက်နဲ့ဆိုရင် အဲ့လောက် လွယ်လွယ်လေးနဲ့ လက်လျှော့လိုက်မှာမဟုတ်ပါဘူး…” လင်းရှီ ပြောလိုက်၏။

“ သေချာပေါက် ဘယ်အဆုံးသတ်မှာ…”

“ အဲ့ဒီတုန်းက ငါ ယွမ်ယွမ်နဲ့ နိုင်ငံခြား ဘာသာစကား ကလပ်မှာ ဆုံခဲ့တာလေ... ပြီးတော့ အဲ့အချိန်ကတည်းကရင် ငါတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးက အရမ်းကောင်းမွန်ခဲ့တာ.... ဒီအကြောင်းတွေကိုလည်း သူမကိုယ်တိုင် ပြောပြတာပဲ...

မှတ်မိပါသေးတယ်  ပထမနှစ်ဝက်စာမေးပွဲပြီးတော့ ငါတို့နှစ်ယောက် တုံးပေဆီ ရောက်လာပြီး ဟာပင်း တက္ကသိုလ်ဆီကို ဟင်း.........”

ထိုအချိန်တွင် ကျီချင်းရန် ရင်ထဲ စိတ်မကောင်းမှုတို့နှင့်အတူ မျက်ဝန်းများက မျက်ရည်များဖြင့် ရီဝေလာလေသည်။

“ အဲ့ဒီနေ့……… မြို့ထဲမှာ ငွေရောင်နှင်းမှုန်တွေက
သိပ်သည်းအောင် ကျဆင်းနေပြီးတော့
လမ်းတစ်ခုလုံးလည်း အဖြူရောင်နှင်းတွေနဲ့
သိုင်းခြုံလို့… ဘယ်တော့မှ မေ့လိုမရမယ့်
မြင်ကွင်းလေးပေါ့… ငါတို့ ကျောင်းဂိတ်ပေါက်ဝကို
ဖြတ်ကျော်ကျော်ပြီးချင်းပဲ တိုက်တိုက်ဆိုင်ဆိုင်
ယွမ်ယွမ်ရဲ့ ငယ်ချစ်နဲ့ ပက်ပင်းတိုးပါလေရော…”

“ အဲ့နောက်ကော.. သူတို့ ဘာတွေပြောကြတာ….
ကိုးရီးယားကားတွေထဲကလို
တစ်ယောက်နာမည်တစ်ယောက် အော်ပြီး
ပြေးဖက်ကြတာလား….. ပြီးတော့ မင်းကို ထားပစ်ပြီး

နှစ်ယောက်ပျော်ပျော်ကြီး ဟိုတယ်
သွားခဲ့ကြတာမလား…”

“ တစ်ခုမှမဟုတ်ဘူး…” ကျီချင်းရန် ပြောလိုက်ပြီး
“ ကောင်လေးပြောတာက ‘ မတွေ့တာကြာပြီနော်တဲ့..’
အဲ့တာလေးပဲ… ပြီးတော့ သူတို့နှစ်ယောက်က ဘာမှ
မဖြစ်ထားတဲ့ အတိုင်းပဲ…”

ကျီချင်းရန် ပြန်တမ်းတနေဟန်ဖြင့်
“ အဲ့ဒီတစ်မှတ်လေးကြောင့်သာမဟုတ်ရင်
ပျော်ရွှင်ဖွယ်အဆုံး အသတ်လေး ဖြစ်သွားရမှာ..”

“ မဆိုင်ပါဘူး…”

“ ဘာလဲဖြစ်လို့….”

“ ဘာလို့လဲဆိုတော့ သူတို့နှစ်ယောက်ရဲ့အချစ်ကို တောင်နဲ့မြစ်တွေ ခြားထားရင်တောင် ဖြတ်ကျော်လို့ ရတယ် မဟုတ်ဘူးလား…”

“ လူချင်းမတူတာကြောင့်လည်း ဖြစ်နိုင်တာပဲလေ…”

“ အဲ့အချိန်ကစပြီးတော့ ယွမ်ယွမ် သူမနောက် လိုက်ပိုးပန်းနေတဲ့ ထူးချွန်တဲ့ ကောင်လေးတွေကိုတောင်မှ ငြင်းဆန်ပြီးတော့ သူမရဲ့ အာရုံတွေ အကုန်လုံးကို စာလေ့လာတဲ့အပေါ်မှာပဲ လုံးလုံးလျားလျား အာရုံစိုက်ထားတာ…. နောက်ဆုံး သူမရဲ့မေဂျာကိုပါ ပြောင်းပြီး ငါနဲ့အတူ တီချယ်တစ်ယောက်ရဲ့လက်အောက်မှာ မာစတာဒီဂရီနဲ့

ဒေါက်တာဘွဲ့ယူခဲ့ကြတာလေ… ဒါပေမယ့် ယွမ်ယွမ်ကတော့ ခုထိ စင်ဂယ်ပဲ…”

“ အင်း…. အဲ့လိုအခြေအနေမျိုးက တကယ်မလွယ်ဘူး… မင်းက မြင်းကို ရေရှိတဲ့ နေရာခေါ်သွားလို့ရတယ်… ဒါပေမယ့် ရေတော့အတင်းတိုက်လို့မရဘူး..”လင်းရီ ပြောလိုက်ပြီး “ ခုလောလောဆယ်တော့ သူ့ကို တစ်ကိုယ်တည်း ဖြစ်ပါစေဦး…”

“ ဒါပေမယ့် အချိန်အကြာကြီး ဆွဲနေရင်တော့ မကောင်းဘူးထင်တာပဲ..” ကျီချင်းရန် သူမ ဆံပင်ကို နားအနောက်သို့ သပ်လိုက်ပြီး “ အစက သူနဲ့ ချီရှန်းကျောက်ကြားမှာ မီးပွားလေးတွေ

ရှိလာပြီထင်တာ… ဒါပေမယ့် ဘာမှ ထူးခြားမလာဘူးလို့တော့ မျှော်လင့်မထားဘူး…”

“ ချီကြီးရဲ့ ကျောက်ရုပ်လို စရိုက်နဲ့ဆိုရင် ယွမ်ယွမ်ဘက်က မစဘူးဆို ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး…ဒါပေမယ့် ခုတော့ အရမ်းနောက်ကျသွားပြီ… တခြားတစ်ယောက်က ဦးသွားပြီလေ…”

“ အွန်း… အဲ့တာကြောင့်မို့ ငါအရမ်း စိုးရိမ်နေတာ… တကယ်လို့ ယွမ်ယွမ်သာ တစ်သက်လုံး တစ်ကိုယ်တည်းဘဝနဲ့ အရိုးထုတ်သွားရမယ်ဆိုရင် ရင်လေးစရာပဲ…”

“ ဟင်း… သူ့လို စွာကျယ်စွာကျယ် မိန်းကလေးက အဲ့လို ဇာတ်လမ်းတွေ ရှိနေလိမ့်မယ်လို့တောင် ထင်မထားဘူး…”

ကျီချင်းရန်၏ အမူအရာမှာ ဝမ်းနည်းမှုတို့ဖြင့် ပြည့်နှက်နေပြီး ယွမ်ယွမ့်ရင်ထဲရှိ အနှိုင်းမဲ့ထုံးမှာ ဘယ်ခါမှ ပြေလျော့မလဲဆိုတာကို သူမလည်း မပြောတတ်ချေ။

ထိုညနေခင်းပိုင်းတွင်တော့ လင်းရီ စာကြည့်ခန်းထဲ၌ အလုပ်လုပ်နေပြီး ကျီချင်းရန်ကတော့ သူမ၏ လုပ်လက်စ အလုပ်များကို အပြီးသတ်လေသည်။

ညသန်းခေါင်ယံ အချိန်သို့ နီးကပ်လာသောအခါ နှစ်ယောက်လုံး အခန်းကိုယ်စီသို့ ပြန်၍ အနားယူလိုက်ကြ၏။

အကယ်၍ တစ်ခြားအချိန်များတွင် ချင်းဟန် မက်ထရိုပိုလစ်သို့ ဖိတ်ခေါ်လာပါက လင်းရီ လက်ခံလိုက်မည်ဖြစ်သော်လည်း အလုပ်အကိုင်အသစ်မှာ ယနေ့ ညသန်းခေါင်၌ ပွင့်လာပေတော့မည်။

ထိုအခိုက်အတန့်ကို သူမလွဲချော်ချင်သောကြောင့် လင်းရီ ငြင်းဆန်လိုက်ရခြင်းဖြစ်၏။

နာရီလက်တံ ဆယ့်နှစ်သို့ ရောက်သည်နှင့် လင်းရီစိတ်ထဲတွင် စနစ်၏ အချက်ပေးသံမှာ မြည်ဟီးလာလေသည်။

[အလုပ်အသစ် (အသက်သွင်းမည်/မသွင်းပါ)]

[တွေ့ကြုံရမည့် အလုပ်အကိုင် : အွန်လိုင်း စထွင်မာ ]

[အလုပ်ပြီးမြောက်နှုန်း : 0 % ]

[စနစ်ရှင် ကျေးဇူးပြုပြီး အလုပ်အသစ်အတွက် လက်ဆောင်ထုပ် 10 မီလီယမ်ယွမ်ကို လက်ခံပေးပါ ]

[ဆုလဒ် : ဆိုလာဆဲလ်ဖုန်း ]

“ ဟမ်… အွန်လိုင်း စထွင်မာ..”

ဒီအလုပ်က တော်တော်လေးတော့
စိတ်ဝင်စားဖို့ကောင်းသား ...

လင်းရီ မေးစေ့ပွတ်၍ တွေးတောလိုက်သည်။

စနစ်မှ ခေတ်စားသည့်အရာများကို
ရှေ့ကြိုမြင်နေသကဲ့သို့ပင်။

လင်းရီအလုပ်စလုပ်ပါပြီဆိုကတည်းက
အွန်လိုင်းတိုက်ရိုက်ထုတ်လွှင့်ခြင်းများကို
ကြည့်ရှုသည်က မရှိသလောက် ရှားလေသည်။
သို့သော်လည်း ကျောင်းတက်စဉ်အခါတုန်းကတော့
တစ်ချို့တစ်ချို့သော တိုက်ရိုက်ထုတ်လွှင့်မှုများကို
ကြည့်ရှုဖူးသောကြောင့် ထိုနယ်ပယ်ရှိ

အကြောင်းအရာများကို အနည်းငယ်မျှ
နားလည်သဘောပေါက်သည်ဟု ဆို၍ ရသည်။
သို့သော်လည်း အနည်းအကျဉ်းမျှသာ။

အလုပ်သစ် လက်ဆောင်ထုပ်မှ လွဲ၍ စနစ်မှ
အခြားအကြောင်းအရာများကို အတိအလင်း
ဖော်ပြသွားခြင်းမရှိချေ။

ယင်းက သူ အလုပ်အသစ်ကို စတင်အသက်သွင်းသည့်
အချိန်မှ ရှင်းပြသည်မျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

..........

နောက်တစ်နေ့ နံနက်ခင်းတွင်တော့ လင်းရီနှင့်
ကျီချင်းရန်တို့ နှစ်ယောက်လုံး ထုံးစံအတိုင်း

စားသောက်ပြီးနောက် အလုပ်ကိုယ်စီသို့
ဦးတည်လိုက်ကြ၏။ သို့သော်လည်း လင်းရီ ဆိုင်ရှေ့သို့
ရောက်သောအခါ လူအများအပြားမှ ဆိုင်ရှေ့တွင်
ဝိုင်းအုံ၍ တစ်စုံတစ်ခု အကြောင်းကို အသည်းအသန်
ဆွေးနွေးနေကြကြောင်း မြင်တွေ့လိုက်ရသည်။

မည်သို့ပင် ကြည့်စေကာမူ ထိုသူတို့၏ အမူအရာက
စားသောက်ရန်အတွက် ဝိုင်းအုံနေကြခြင်း
မဟုတ်သည်တော့ သေချာလေသည်။

" သူဌေး ရောက်လာပြီလား…"

လင်းရီ ရောက်လာသည်ကို မြင်တော့
ဝိုင်းအုံနေကြသည့် လူတိုင်း နှုတ်ဆက်ပြီး
လမ်းရှင်းပေးလိုက်ကြလေသည်။

“ ဆိုင်က မဖွင့်သေးဘူးလေ… မင်းတို့က ဘာလို့ အဲ့လောက်ထိ ဇွဲကောင်းနေကြတာ… “ လင်းရီ အပြုံးလေးဖြင့် ဆိုလိုက်၏။

“ သူဌေး.. ငါတို့က စားဖို့လာတာ မဟုတ်ဘူး.. မင်းဆိုင်တစ်ခုခု ဖြစ်သွားလို့… ဒီမှာ တစ်ချက် ကြည့်ကြည့်လိုက်…”

“ တစ်ခုခု ဖြစ်သွားတယ်…”

လင်းရီ အေးခဲသွားခဲ့ပြီး လူအုပ်ကိုကျော်၍ ဆိုင်ရှေ့သို့ ကမန်းကတမ်း ပြေးကြည့်လိုက်သောအခါ သူ့ဆိုင်သူ မမှတ်မိတော့သည်အထိ ဖြစ်ပျက်သွားခဲ့တော့၏။

တံခါးမှာလည်း အစိတ်စိတ်အမြွှာမြွှာ ကျိုးကြေကာ မှန်ပြတင်းပေါက်များလည်း တစ်စစီ ဖြစ်နေတော့၏။

စားပွဲနှင့် ကုလားထိုင်များအားလုံးလည်း ချေမွဖျက်ဆီးခံထားရပြီး မီးဖိုချောင်ထဲရှိ အမယ်များအားလုံးလည်း သောင်းကြမ်းခံထားရကာ ကြမ်းပြင်ပေါ်၌ ဟိုတစ်စ ဒီတစ်စ ပျံ့ကျဲနေလေသည်။ ဝိုင်ထားသည့် အခန်းထဲတွင်တော့ ဈေးကြီးသည့် နှစ်ချို့ဝိုင်းပုလင်းများအားလုံး ရစရာမကျန်အောင် ပေါက်ခွဲခံထားရကာ ဖန်စဖန်နများဖြင့် ဝိုင်၏ သင်းရနံ့တို့က နေရာတစ်ခုလုံးသို့ ထုံသင်းနေလေသည်။ ဝိုင်ချစ်သူတစ်ဦးအဖို့ နှလုံးသားအောက်ခြေမှ နာကျင်ကိုက်ခဲဖွယ်ရာ မြင်ကွင်းကြီးပင်။

ကျီချင်းရန် ဝယ်ထားပေးသည့် လာဘ်ခေါ်ကြောင်ရုပ်လေးပင် အစိတ်အပိုင်းများအားလုံး တစ်စစီ ဖြစ်နေရှာသည်။

ထိုအခိုက်အတန့်တွင် လင်းရှီ၏ အမူအရာကတော့ အံ့အားသင့်စရာကောင်းလောက်အောင်  အေးစက်တည်ငြိမ်နေလေသည်။

သူ ဆိုင်ထဲသို့ ဝင်လာစဉ်ကတည်းကပင် အခြေအနေကို အကြမ်းဖျင်းခန့်မှန်းမိပြီး လက်သည် ဘယ်သူဆိုတာကိုလည်း တပ်အပ်သိ၏။

အနီးတစ်ဝိုက်ရှိ လူများအားလုံးမှာ သာမန်လူများဖြစ်ကြပြီး သူနှင့် ရန်ငြိုးရန်စ မရှိသောကြောင့် ယခုလို လုပ်ရန်မှာ မဖြစ်နိုင်ချေ။

ထို့ကြောင့် ယမန်နေ့က သူ သင်ခန်းစာပေးလိုက်သည့် လူးဝစ်နှင့် နေသန်တို့သာ ဖြစ်ရမည်။

ထိုအကြောင်း တွေးတောရင်း လင်းရီ အေးစက်စက်ရယ်မောလိုက်၏။

“ အဲ့လကြောက်တွေကို ဘယ်မြေနိုးက ဒီလိုလုပ်ဝံ့တဲ့ သတ္တိပေးလိုက်တာလဲကွ…”

**စာစဉ် (၄၂) ပြီး၏။**